www.burmeseclassic.com




# ရွှန်းရပိမိုး

ဆော်ကြည်ဘဲ နဲ့ ချူဆီဂဲ(လ်)

www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမိမိုး



## ဆော်ကြည်အဲ
## နှင့်
## ချူဆီဂဲလ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


၁။ လကာချာအရောင်ရင့်ပါမှ
၂။ ကွန်ဆိုရာမဲ့
၃။ မေတ္တာလှည့်ခန်း
၄။ ယုန်ကလေးနဲ့ ဒိုင်ယာရီ
၅။ မေးစားသမီးပုံပြင်
၆။ သံယောဇဉ်ဦး . . . ဆုး
၇။ အချစ်၏ရိုက်ခတ်မှုအချိန်၏ပွဲတင်သံ
၈။ အငိုဆုံး . . . ရွှဲ
၉။ လေးပင်လိမ်
၁၀။ အချစ်စစ်တို့၏ ဗိညာဉ်ကကြိုး
၁၁။ မေတ္တာရေတိမ်နစ်မှာစိုး
၁၂။ ဆက်စုံးမပြေသောနေ့
၁၃။ အသည်းကွဲခရီးသည်
၁၄။ ရင်စည်းရိုးနှင့် အချစ်လေပြည်
၁၅။ အက်ဆစ်အတ္တ
၁၆။ ရင်ပို့ူးမြစ်
၁၇။ ကြည်နူးခြင်းလက်ဆောင်
၁၈။ သစ္စာတော်ပြဘွဲ့ညို
၁၉။ လ အရိုးကြယ်
၂၀။ ချယ်ရီရောင်သတို့သမီး သာကူရာချစ်သူ
၂၁။ ပန္နပွန်၏ နောက်ကွယ်
၂၂။ ကာရံလွဲဖျူဟာမှသည် အချစ်လမ်းလွှဲဆီသို့
၂၃။ ဆုးလေ့ကား
၂၄။ ဘဝအထာနှင့် နှလုံးသားကဗျာ
၂၅။ သံယောဇဉ်ကို ဖွင့်မပြရက်ခဲ့ပါ
၂၆။ ရင်ကွဲမိုး
၂၇။ ဖယောင်းတိုင်
၂၈။ မညီမျှခြင်း၏ တစ်ဖက်စီမှာ
၂၉။ အမိပွားယမ်မဲ့ မျှော်လင့်ချက်
[illegible]
၃၂။ မှုိင်နှလုံးသား
၃၃။ သက်တံရောင်ခြည် နှလုံးသားစုတ်ချက်များ
၃၄။ အချစ်ဖြင့် ပြီးပြည့်စုံသော
၃၅။ အတူတူမသက်ဆိုင်ခဲ့ရင်
၃၆။ နားလည်ကြေး
၃၇။ မြားနတ်မောင်၏ နှစ်ဆယ့်တစ်ရာစုလတ်နက်
၃၈။ ဏှရေ့ကို တောင်ပံခတ်မိတဲ့အခါ
၃၉။ ရာဇဝင်မလှတဲ့ကဗျာ (လပ်ကီးဘော့စ်)
၄၀။ နှလုံးသား ကံစမ်းမဲ (အောင်တိုင်းကျော်)
၄၁။ ချစ်သူ သူရဲကောင်း
၄၂။ မချစ်ဘဲ လက်ထပ်ရဲတယ်
၄၃။ လူပျိုကြီးရဲ့ဇူးစာ
၄၄။ အစွန်းရောက်ပန်းပုများ
၄၅။ အချစ်၏ ဖြေရှင်းဝပ်စင်းရသောအမုန်း
၄၆။ ရစ်ကွက်ထဲက မက်လာပွဲ (လပ်ကီးဆဲဗင်းဗီဒီယိုမှ ဝယ်ယူပြီး)
၄၇။ သန်းခေါင်ယံတိုင်း တစ်ရေးနိုးတတ်ခဲ့တယ်
၄၈။ နှလုံးသားကို ဆင်ဆာမဖြတ်ပါနဲ့
၄၉။ အချစ်က ခံးသည်
၅၀။ ရွှေရတုဒွိဟ
၅၁။ အသည်းတစ်ခြမ်းမှာ မိုးရွာနေတယ်
၅၂။ ချစ်တယ်ဆိုရင် မျက်စိမှိတ် (သဂေါ်တာဗီဒီယိုမှ ဝယ်ယူပြီး)
၅၃။ အချစ်ရစ်ဝန်းနှင့် မကောင်းသူများ (ခရေမြူဗီဒီယိုမှ ဝယ်ယူပြီး)
၅၄။ တောင်ဝင်ယောက်ျား
၅၅။ လရောင်အေးရိပ် ချွေးတိတ်ပါစေချစ်သူ
၅၆။ ချောင်းသာဇူးစာ
၅၇။ ပထမတန်းစား
၅၈။ ယောက်ျားဆိုးအမုန်း
၅၉။ သံတင်းထောက်မလေး


ယခုလ


[illegible]


www.burmeseclassic.com

www.burmeseclassic.com

# ၁

"ဟား … လန်းလှချည်လား။ ဖွတ်တယ်ကွာ။ ထိတယ်၊ မိတယ်၊ ငြိတယ်ကွာ"

မင်းဒီတစ်ယောက် မိန်းမလှလှမြင်တိုင်း ရေရွတ်နေကြစကားလုံးတွေပါ။ မိန်းမလှလေးတွေမြင်တိုင်း ငြိနေကြပါ။ ထိနေကြပါ။ ပို့ပို့အိုအိုမရွေး ထိထိနိုင်လွန်းသူပါ။

ခုခေတ်ကလည်း ပျိုတယ် အိုတယ် သိပ်ခွဲခြားလို့မရတော့တဲ့ ခေတ်ကြီးကိုး။ တချို့ အိမ်ထောင်မကျဖူးသေးပေမယ့် မပျိုတော့ဘဲ တိတ်တဆိတ် ပြိုကျပျက်စီးနေသော အပျိုတွေရှိသလို တချို့အိမ်ထောင်သည်တွေက အပျိုတွေထက်တောင် လှပလန်းဆန်းနေတတ်တာမို့ အပျိုအအို ခွဲမရတော့။

ဒီတော့ မင်းဒီတို့က အလှအပတွေ့ရင် ခံစားမိလိုက်တာပဲ။ ဘယ်သူသိတာမှတ်လို့။ နောက်မှသာ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုသော တံဆိပ်ကြီးနဲ့ဆင်ဆာဖြတ်ချင်ဖြတ်။ ပွိုင့်မမိမချင်းတော့ လှရင်လှတယ် မှတ်လိုက်တာပဲ။ မီးပွိုင့်မိမှပဲ ဘရိတ်ဆောင့်အုပ်ရင် အုပ်ရပါစေတော့ပဲ။

မင်းဒီတို့က Stop ဆိုရင်လည်း လုံးဝကို လှည့်မကြည့်။ တားမြစ်နယ်မြေဆိုလို့ကတော့ အပင်ပန်းတိုမခံတာ။

ယောကျ်ားပီသသော ညို့အားတွေ သူ့မှာအပြည့်။ မင်းဒီ စိုက်ကြည့်လိုက်ရင် တစ်ချက်လောက်တော့ ပြန်ပြုံးပြသွားတာချည်းပဲ။ သိသိ မသိသိပေါ့။ အပျိုလေး၊ လွတ်လပ်သူလေးလို့ သေချာသွားပြီ ဆိုရင်တော့ ဘယ်သူ့ကိုဖြစ်ဖြစ် မျက်စိတစ်ချက်လောက် မှိတ်ပြလိုက်ဖို့ ဝန်မလေးတတ်သော မင်းဒီ။

မင်းဒီတို့ ရှုပ်လို့ရတာကလည်း ရုပ်တစ်ခုတည်းကြောင့်တော့ မဟုတ်။ အထာပေးတတ်၊ တော်ကီခြွတတ်ရသေးသည်။

လူကသာ ဘာမှမဟုတ်တာ။ အထာကတော့ ဂျက်စတင်ဘီဘာတောင် သေလို့ရပြီ။ အပြောကောင်းချက်ကတော့ သူ့အကြောင်း အူမချေးခါး အကုန်သိနေတဲ့ သူ့သူငွေးတောင် တစ်ချက် တစ်ချက် ယောင်ပြီး ကြွေရတဲ့အထိ။





ဒါပေမဲ့ မင်းဒီရဲ့အရည်အချင်းတွေက အသုံးကျတဲ့နေရာ ကျပါသည်။ အထာကိုင်တတ်တာနဲ့ အပြောကောင်းတာက သူ့အလုပ်နဲ့တော့ ကွက်တိ။ သူ့အလုပ်ကလား ကုန်ပစ္စည်းတွေကို အရောင်းမြှင့်တင်ရတဲ့၊ ဈေးကွက်ရှာဖွေပေးရတဲ့ ဈေးကွက်မန်နေဂျာ။ Marketing ဆင်းလို့ကတော့ မရောင်းရဘူးဆိုတာကို မရှိစေရ။ မဝယ်ချင်တာတောင် သူ့အပြောမှာမျောပြီး ဝယ်ဖြစ်သွားအောင် ပြောနိုင်သည်။ လူရည်ကလည်း လည်လွန်းသို့ခက်နေသည်။

ဒါပေမဲ့ မင်းဒီဟာ သူ့ သူဌေးအတွက်တော့ အားထားရတဲ့ စူပါလက်ရုံးပါပဲ။ မင်းဒီရဲ့အရည်အချင်းကြောင့် ကုမ္ပဏီအတွက် အကျိုးအမြတ်တွေ အများကြီး ရခဲ့တာကြောင့် သူဌေးရဲ့အထူးအားကိုးခြင်း ခံရတာပါ။ တစ်ခါတလေ ကုမ္ပဏီထဲက အပျိုလေးတွေနဲ့ အီစီကလီထုနေတာက လွဲရင်ပေါ့။

သူဌေးခမျာ မင်းဒီကို လန့်လွန်းလို့ ဝန်ထမ်းအသစ်ခန့်ရင်တောင် အပျိုမခန့်ရဲတော့။ အပျိုဆိုရင်လည်း ချောချော လှလှလေးဆို မခန့်ရဲတော့။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတို့ကုမ္ပဏီမှာ ရုပ်ဆိုးပန်းဆိုး ပုံပျက်တွေပဲ ရှိသည်။

သူဌေးက လူပို့ကြီးပါ။ ဒါတောင် ကုမ္ပဏီမှာ အပျိုချော မခန့်ရဲတဲ့အဖြစ်။ မင်းဒီက မိန်းမကိစ္စနဲ့ ပတ်သက်ရင် ဆရာစားတောင် မချန်တဲ့ကောင်မျိုး။ ထို့ကြောင့် သူဌေးခမျာ ကြိုချင် အီချင်ရင်တောင် ကုမ္ပဏီပြင်ပမှာပဲ အီကြိုရတဲ့အဖြစ်။

မင်းဒီဆိုတဲ့ကောင်က သူ့ကို ရွှေဥတစ်လုံး နေ့တိုင်း ဥပေးနေတော့ မစွန့်လွှတ်နိုင်ပါ။

တစ်ခါက သူဌေးနဲ့ မင်းဒီတို့ မိန်းမတစ်ယောက်ကို ပြိုင်ပြီးလိုက်ခဲ့ကြဖူးသည်။

✧ ✤ ✧



"မင်းဒီ ... မင်းနဲ့ငါ လေဒီတစ်ပွဲကို လေလံပြိုင်ဆွဲရအောင်"

"ဟာ ... သူဌေးကလည်း လာနောက်နေပြန်ပြီ။ သူဌေးနဲ့ ကျွန်တော် လေလံပြိုင်ဆွဲရင် ကျွန်တော်ပဲ ရှုံးမှာပေါ့။ သူဌေးက ဂုဏ်ကြီးရှင် သူဌေးကြီးလေ။ ကျွန်တော်က လက်ဗလာနဲ့ ဘဝသမားလေးကို"

"အောင်မာ တော်တော်သနားစရာကောင်း။ ငါ့မှာပိုက်ဆံရှိပေမယ့် မင်းလိုအစွယ်မရှိဘူးလေ။ မင်းက အစွယ်လေးနဲ့။ မင်းမှာရှိတဲ့ အစွယ်က အစွမ်းထက်တယ်လေကွာ။ ပိုက်ဆံက မိန်းကလေးတွေကို ဝယ်ဖို့တော့ ရတယ်ကွာ။ အချစ်ကိုတော့ ဝယ်လို့မရဘူး။ မင်းရဲ့အစွယ်ကတော့ အဆိပ်ပြင်းတယ်။ မိန်းကလေးတွေ မင်းကို ချစ်လေအောင် စွမ်းဆောင်နိုင်စွမ်းရှိတယ်"

www.burmeseclassic.com



"ဟဲ ဟဲ ... သူဌေးလည်း ကျွန်တော့်သူဌေးမို့လို့လား မသိဘူး။ ဒိုင်တွေ အရောင်ထွက်လာတယ်"

"ဘယ်လိုလဲ။ ငါ စိန်ခေါ်တာကို လက်ခံမလား"

"စိန်ခေါ်ပွဲဆိုတော့ အနိုင်အရှုံး အကျိုးအမြတ် ရှိလို့လား သူဌေး"

"ရှိတာပေါ့ကွာ။ မင်းပဲနိုင်နိုင် ငါပဲနိုင်နိုင် သိပ်လှတဲ့ ကောင်မလေးနဲ့ တွဲရမယ်လေ"

"အာ ... သူဌေးကလည်း လာနောက်နေတယ်။ ကျွန်တော့်မှာ တွဲစရာ ကောင်မလေးတွေပုံလို့။ တစ်ခါတလေ မတွဲချင်တော့လောက်အောင် ပျင်းလာလို့ စတေးရှောင်နေရတဲ့ဟာကို။ ကောင်မလေးနဲ့ တွဲရရုံလောက်တော့ စိန်ခေါ်ပွဲကြီးမကျင်းပချင်ပါဘူး သူဌေးရာ။ ပျင်းစရာကြီး။ အလောင်းအစားလေးတော့ ပါမှပေါ့"

"ကျလည်း ကျတဲ့ကောင်"

"ဒီတိုင်းချည်းကျတော့ ပျင်းစရာကြီး သူဌေးကလည်း။ ဆုကြေးမရှိတဲ့ လက်ဝှေ့ပွဲကို တက်ထိုးနေရသလို ကိုယ်နိုင်နိုင်ရှုံးရှုံး အသားနာရုံပဲရှိမှာ။ ခုလည်း မိန်းကလေးနဲ့ တွဲရရုံကတော့ အချိန်ကုန်ရုံပဲ သူဌေးရဲ့"





"ဒီတော့ မင်းက ဘယ်လိုလောင်းချင်လဲ"

"လောင်းကြေးထက် ဘယ်ကောင်မလေးလဲ ဆိုတာလည်း လိုသေးတယ်လေ သူဌေးရဲ့။ တော်ကြာ သူဌေးက စိန်ခေါ်ပြီး ကိုယ့်ကွင်း ကိုယ်ကန်သွားရင် ဘယ်လိုလုပ်မလဲ"

"ငါ့ကိုများ။ ဟိတ်ကောင် ... မင်းဒီ မင်းကို ငါ အဲဒီလောက် အထင်မကြီးထားဘူးကွာ။ ငါ့စိတ်ကူးကို ပြောပြတာပဲ ရှိသေးတာ။ ပစ်မှတ်ကို မရွေးရသေးဘူးကွ"

"သေချာတယ်နော် သူဌေး။ တစ်ခုတော့ ရှိတယ်နော် သူဌေး။ ကျွန်တော်နဲ့ အရမ်းအလှမ်းဝေးတဲ့ ပစ်မှတ်ကိုလည်း မရွေးကြေးနော်။ ကျွန်တော်က ငမွဲဆိုတော့ တချို့ ပစ်မှတ်တွေကို လက်လှမ်းမမီဘူးဗျ"

"ငါ သိပါတယ်။ ပစ်မှတ်ကို မင်းနဲ့ငါ နှစ်ဦးသဘောတူ ရွေးကြတာပေါ့"

"ဒါဆို လောင်းကြေးကရော သူဌေး"

"လောင်းကြေးကတော့ မင်းပဲရွေးပါ"

"အင်း"

မင်းဒီက မေးစေ့ကို ကုတ်ခြစ်ကာ စဉ်းစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်နိုင်ရင် သူဌေးက လစာနှစ်ဆတိုးပေး”

“ဘာ ... အခုတောင် မင်းကို ငါ လစာတွေ အများကြီး ပေးထားတာလေ”

“ဒါက လောင်းကြေးလေ သူဌေးရ။ နိုင်မှ ပေးရမှာ”

“မင်း ငါ့ဆီမှာ အလုပ်လုပ်နေသရွေ့ ငါက လတိုင်းပေး ရမှာလေ”

“မတရားဘူး ထင်ရင်တော့ ပွဲဖျက်လိုက်ပါ သူဌေး”

“အင်း ... နေဦး။ ငါ နိုင်ရင် မင်းက ဘာပြန်ပေးမှာလဲ။ ဟုတ်ပြီ ... ငါနိုင်ရင် မင်းလစာကို တစ်ဝက်တိတိ လျှော့ချပစ်မယ်”

မင်းဒီက စဉ်းစားသလို လုပ်နေပြီးမှ ...

“ချဗျာ ... မင်းဒီတို့က သွေးရဲတယ်။ ကိုယ်ကျွမ်းကျင်တဲ့ ကစားနည်းကိုမှ နောက်တွန့်မိရင် တစ်သက်လုံး လူပျိုကြီး လုပ်ပစ်မယ်”

“ခုရော ယူမှာမို့လို့လား။ မင်းပဲ ပြောတာလေ။ မိန်းမယူတဲ့ယောကျ်ားတွေက ငတုံးတွေဆို၊ ဘယ်တော့မှ မယူဘူး ဆို”



“ဟဲ ဟဲ ... သူဌေးကလည်း ခိုင်တာလေး တွေ့ရင်တော့ ချိတ်ချင် ချိတ်လိုက်မှာပေါ့”

“မင်းကလေ သောက်ကျင့်ကို မကောင်းဘူး”

“သူဌေးတပည့်ပဲ ဒီလောက်တော့ ရှိမှာပေါ့”

“ဘာကွ”

“ဟဲ ဟဲ ဟဲ ... စတာပါ သူဌေးရ”

“မင်းဒီ မင်းကို ငါ အဲဒါတွေ အမြင်ကတ်တာ သိလား”

“ကျွန်တော်ကတော့ သူဌေးကို ချစ်တယ်ဗျာ။ သူဌေးသာ ကျွန်တော့်အဖေဆို သိပ်ကောင်းမှာပဲ”

“ဟိတ်ကောင် ... မင်းအမေကို အားနာဦး”

“အမေ မရှိတော့ဘူး။ သေပြီ”

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီ ဆိုတာက ဖအေရော မအေပါ မရှိတော့ပါ။ မင်းဒီ ခပ်ငယ်ငယ်တည်းက မင်းဒီဖခင် ဆုံးတာ။ မင်းဒီမိခင်က မင်းဒီ ဘွဲ့ရတဲ့နှစ်မှာ ဆုံးတာ။ သူဌေးနဲ့က မင်းဒီတို့ ဆွေမျိုးတွေနဲ့ မကင်းရာ မကင်းကြောင်းတွေမို့ မင်းဒီကို အလုပ်ခန့်ပေးရင်း လိုအပ်တာလေးတွေပါ သင်ပေးခဲ့တာပါ။ ဒါပေမဲ့ မင်းဒီက သွက်လက်ချက်ချာသည်။ အရိပ်ပြရင် အကောင်ပါမြင်သည်။ တတ်လွယ်သည်။

အချိန်တိုတွင်းမှာပဲ သင်ယူတတ်မြောက်သည်။ လူရည်ကလည်း ခပ်လည်လည်မို့ အလုပ်ထဲမှာ တော်တော်ခြေလှမ်းကျဲကာ နောက်ဆုံး သူဌေးရဲ့လူယုံ ဖြစ်လာတော့သည်။

သူဌေးက သူ့ကို ချစ်လည်း ချစ်သည်။ ပစားလည်း ပေးသည်။ ထို့ကြောင့် သူကလည်း သူဌေးကို ပြောရဲဆိုရဲ စရဲ နောက်ရဲတာပင်။



သူ့ကြောင့် သူဌေး အကျိုးအမြတ်ရပေါင်းလည်း မနည်းတော့။ ပြိုင်ဘက်ကုမ္ပဏီတွေက မင်းဒီကို ဘီးကျဲကြီးဟု nick name ပေးထားသည်။ မင်းဒီတို့က ပိစိ ပွစိ ခပ်သေးသေးတွေမလုပ်။ ဘီးကျဲနဲ့ အချိကြီး တိုက်ချတတ်တာ။ ပြိုင်ဘက်ကုမ္ပဏီတွေထက် အမြဲတစ်လှမ်းသာသည်။

ထို့ကြောင့်လည်း သူဌေးက သူ့ကိုလက်စွဲ။ မင်းဒီက လည်တော့ လည်သည်။ ဒါပေမဲ့ သစ္စာရှိသည်။ သူဌေးပေါ်မှာတော့ တကယ်ကို အလုပ်နဲ့ပတ်သက်တဲ့ သစ္စာတော့ ရှိသည်။

ဒါပေမဲ့ သူ့သစ္စာက ကွက်ကျားမိုး။ အလုပ်အပေါ်မှာပဲ သစ္စာရှိတာ။ ကောင်မလေးတွေအပေါ် ဆိုရင်တော့ အမြဲသစ္စာဖောက်တတ်သည်။

သူဌေးက မင်းဒီ အကြောင်း သိပြီးသား။ ထို့ကြောင့်လည်း မိန်းကလေးကိစ္စနှင့် ပတ်သက်ရင်တော့ မင်း ဒီကိုအားကျသည်။ မင်းဒီ ဒိုင်တွေကို ခိုးသုံးရသည်။

သူဌေးကလည်း လူပျိုကြီးကိုး။ ရုပ်ကလည်း မစွံသူလေ။ ပိုက်ဆံသာရှိတာ။ အသားကမည်း။ ဗိုက်ကရွှဲ။ အရပ်အခေါင်းကျတော့လည်း ပုသေး။ ပု၊ကွ၊ဝ၊တဲ့အပြင် ဗိုက်ကရွှဲသေး



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ ရှုပါဆင်းရဲချက်က ဘယ်လိုမှကို ကောင်မလေးတွေကို မဆွဲဆောင်နိုင်ဘူး။

ပိုဆိုးတာက သူ့လက်ရုံး မင်းဒီက ချောသန့်ထွက်နေတာဆိုတော့ သူ ရုပ်ဆိုးတာက ပိုပြီးပေါ်လွင်သွားသည်။

ဒါပေမဲ့ မင်းဒီကို အမြင်ကတ်ကတ်နဲ့ကို ချစ်ခင်နေတာလည်း ရေစက်ပါပဲ။ သူ့အတွက် အကျိုးစီးပွား ရှာပေးလို့ ဆိုတာထက် ဒီကလေးကို သံယောဇဉ်ကို ရှိတာ။

ဒါပေမဲ့ အမြင်ကတ်အခံကလည်းရှိလို့ ခုလိုစိန်ခေါ်တာ။ သူ့မှာ ငွေရှိသည်။ ငွေကိုအားမကိုးပေမယ့် အသုံးချချင်သည်။ သူ့ရဲ့ငွေနဲ့ မင်းဒီရဲ့ အစွယ်လေးကို ချွတ်ပစ်ချင်တာ။ ပိုက်ဆံရှိတဲ့သူကလည်း ငွေမာန်တက်တာ သဘာဝ။

သူက ငွေကို ကိုးကွယ်တတ်သူ မဟုတ်ပါ။ ငွေကို နိုင်းတတ်တာ။ ကိုင်တွယ်တတ်တာ။ ငွေကိုပွားပြီးရင်းပွားအောင် အသုံးချတတ်တာ။

ငွေကို ကြောက်လန့်ကိုးကွယ်နေရင် ငွေကဖြဲခြောက်သွားမှာ။ ကိုယ့်ကို ငွေက အနိုင်မခံရအောင် ကိုယ်ကပဲ ငွေဆိုတဲ့ ပိုက်ဆံကို နိုင်နိုင်နင်းနင်း ကိုင်တွယ်တတ်ရသည်။





ငွေကိုနိုင်ရင် သူဋ္ဌေးဖြစ်ပြီ။ ငွေကို ကိုးကွယ်နေရင် ငွေရဲ့အဖိကို ခံရကာ ငွေကိုကြောက်ရွံ့ပြီး မော်မကြည့်ရဲတော့ဘဲ ငွေနဲ့သဟဇာတလည်း မဖြစ်နိုင်တော့။ ကိုယ်က ငွေနောက်လိုက်တာထက် ကိုယ့်နောက်ကို ငွေလိုက်နေအောင် ဖန်တီးတတ်ရသည်။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



သူ့သူ့ရွှေးကို ကွယ်ရာမှာ ဝက်မည်း(black pig)လို့ နာမည်ပြောင် ပေးထားသည်။ ဘရက်ပစ်တော့ မဟုတ်။ ဘလက်ခ် ပစ်ခ်။

ဘလက်ခ်ပစ်နဲ့ ဘီးကျဲကြီးတို့ လေ့လံဆွဲဖို့ ပစ်မှတ် ရှာနေကြသည်။

တစ်ရက် သူတို့ အလုပ်ကိစ္စနဲ့ အပြင်သွားရင်း လမ်းဘေးထမင်းဆိုင်လေးမှာ ထမင်းဝင်စားကြသည်။ လမ်းဘေး ထမင်းဆိုင် သေးသေးလေးပေမယ့် သပ်သပ်ရပ်ရပ်ကလေးပါ။ ဟင်းထည့်ထားတဲ့ စတီးလ်အိုးတွေက ပြောင်လက်တောက်ပနေ သည်။

ဆိုင်ကလေးက သန့်ပြန့်သပ်ရပ်နေပါသည်။ ဟင်း အမယ်လေးတွေလည်း စုံသင့်သလောက် စုံပါသည်။ ငါးပိရည်





ကလည်း မွှေးနေသည်။ ငါးပိရည်မကြိုက်ရင် ငါးပိထောင်း ချပေးသေးသည်။ တို့စရာကလည်း စုံလို့။ ချဉ်ရည်ကျဲလေးကလည်း ပူပူလေးနဲ့ သောက်ဆမ်းလေး စားကောင်းသည်။

ဗိုက်ဆာနေလို့လားမသိ။ စားပြီးတော့ ထတောင် မထနိုင်။ ထမင်းစားပြီးတော့ အချိုတည်းဖို့ အညာထန်းလျက် မွှေးမွှေးလေး လာချပေးသေးသည်။ အရသာရှိလိုက်တာ။ လက် ဖက်ရည်ကြမ်းကလည်း လော်သင်းမွှေးလေး။ ရေသန့်ဘူးလည်း ချပေးသေးသည်။ ပါကင်တော့ မဟုတ်။ ရေသန့်ဘူးခွံထဲ ရေ သန့်ဖြည့်ကာ ချပေးတာ။ ဖရီးနော်။ အခမဲ့ ဝန်ဆောင်မှုပေးတာ။ ရေသန့်ဘူး ဝယ်သောက်ချင်ရင်လည်း သူ့ဆိုင်မှာမရှိ။

ထို့ထက် ပိုစားကောင်းစေတာက ဆိုင်ရှင်ကောင် မလေးရဲ့အပြုံး။ ပြုံးနေတာ။ အပြုံးကို တစ်ဝက်မှမချ။ သူမက ဆိုင်ရှင်ဖြစ်ပုံရသည်။ ဝတ်ထားတာက သန့်သန့်ပြန့်ပြန့် သပ် သပ်ရပ်ရပ်ကလေး။ ရွှေတိုရွှေစတွေလည်း ကြည့်ကောင်းရုံ ဝတ် ထားတာမို့ ဆိုင်ရှင်ဟု သတ်မှတ်ထိုက်ပါသည်။ ကျန်တဲ့သူတွေ က သူမထက်ငယ်တဲ့ ကလေးမလေးနှစ်ယောက်နဲ့ သူမထက်ကြီး တဲ့ အဒေါ်ကြီးတစ်ယောက်။ အလုပ်နဲ့လက်နဲ့ မပြတ်သလို



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကလေးကလည်း ပလစ်ပလစ်နဲ့ ခိုင်းတတ်မှ ခိုင်းတတ်။ ဒါပေမဲ့ ပြုံးပြုံးလေးနဲ့ လုပ်ချင်အောင်ကို ခိုင်းတတ်သည်။

သူဌေးနဲ့ မင်းဒီ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

"ပစ်မှတ်လိုက်မလား မင်းဒီ"

"သူဌေးကွင်း မဟုတ်ဘူးမို့လား"

"ဒီအဆင့်က ငါ့ကွင်း ဖြစ်မလားကွ။ ဖြစ်ချင်းဖြစ် မင်းကွင်းပဲ ဖြစ်နိုင်ချေရှိတယ်"

"ကျွန်တော်က ကွင်းမရွေးပါဘူး သူဌေးရဲ့။ ကိုယ့်အရည်အချင်း ကိုယ်သိပါတယ်။ ဟင်း ဟင်း"

"မင်းကို ငါ အဲဒါတွေ သောက်မြင်ကတ်တာ"

"ကျွန်တော်ကတော့ အဖေလိုချစ်တာ"

"ဟင်း ... သေသွားတဲ့ မင်းအမေကို ငါ မပုတ်ခတ်ပါရစေနဲ့ကွာ"

"ဟဲ့ဟဲ ... ကျွန်တော်ကလည်း အမေမရှိတော့လို့ ပြောတာပေါ့ဗျ"

"သိပါတယ် ... မင်းအကြောင်း"





"ဒါဆို ဒီပစ်မှတ်ကို ပွင့်လိုက်တော့မယ်နော်"

"အိုကေ ... အတည်မှ မဟုတ်တာကွာ၊ အဏုကြည့်မှန်ပြောင်းနဲ့ စစ်ဆေးနေစရာ မလိုပါဘူး"

မင်းဒီက လက်ဖျောက်တီးကာ ...

"ဒီနေ့ကစပြီး လစာနှစ်ဆ ရတော့မယ်။ ဘယ်လိုသုံးရမှန်းတောင် မသိတော့ဘူး"

"ဟင်း ... မက် ... မက် ... အိပ်မက်တွေသာမက်"

"မုန့်ဖိုးပေးရတယ်လို့သာ သဘောထားပါ ဖေဖေကြီးရာ... ဟီး ဟီး"

ကောင်မလေးက ဘာမှမသိဘဲ သူတို့ကို လှမ်းပြုံးပြနေသည်။

ဘလက်ခ်ပစ်နဲ့ ဘီးကျဲကြီးတို့အတွင်း ကြိတ်ကြိတ်စည်နေကြပြီ။ ကောင်မလေးကတော့ ပြုံးမြဲ။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီး ပိုက်ဆံရှင်းတော့ ကောင်မလေးကိုယ် တိုင် ပိုက်ဆံတွက်ပြီး လာရှင်းသည်။

"စားရတာ အဆင်ပြေရဲ့လားရှင်"

"ပြေပါတယ်၊ လက်ရာတော်တော်ကောင်းတာပဲ၊ ညီမလေး ကိုယ်တိုင် ချက်တာလား"

"ဟုတ်ကဲ့ ... ခင်လေး၊ ကိုယ်တိုင် ချက်တာပါ"

"ကောင်းလိုက်တဲ့ လက်ရာ"

"ကျေးဇူးတင်ပါတယ်ရှင်"

"ကြုံရင်ဝင်စားဦးမယ်။ ဪ ... ဒါနဲ့ ခင်လေးတဲ့လား"

"ခင်လေးနာမည် ခင်လေးခိုင်ပါ။ အဆင်ပြေရင် နောင် လည်း လာအားပေးပါဦးနော်"

"စိတ်ချ"





သူဌေးနဲ့ ခင်လေးခိုင်တို့ လေပေးဖြောင့်နေ၏။ သူဌေးကလည်း အတင်းဝင်လုံးနေသည်။ ခင်လေးခိုင်ကလည်း အပြုံးကို တစ်ချက်လေးမှ မပြတ်စေရ။

မင်းဒီက ကျိတ်ပြုံးနေမိသည်။ မင်းဒီက ခင်လေး ခိုင်ကို စကားတစ်ခွန်းမှ မပြောဘဲ ခပ်စိုက်စိုက်ကြည့်ကာ ပြုံးပြ လိုက်သည်။

ခင်လေးခိုင်ကလည်း ပြုံးပြုံးကလေးပါပဲ။

"ထန်းလျက်ကလေးကလည်း စားကောင်းတယ်၊ မွှေးနေ တာပဲနော်"

"ဟုတ်ကဲ့ ... ခင်လေးတို့က အညာသူတွေဆိုတော့ အညာ ကအမျိုးတွေကို ရှယ်အော်ဒါမှာပြီး ချက်ခိုင်းထားတာလေ"

"ကောင်းတယ် ... ကောင်းတယ်"

"သူဌေး ... ပြီးရင် သွားရအောင်။ အစည်းအဝေး ရှိသေး တယ်"

"အစည်းအဝေးက လိုပါသေးတယ်ကွ။ မင်းကလဲ"

"ကားကျပ်တယ် သူဌေးရဲ့။ လမ်းတွေပိတ်နေရင် နောက် တစ်နာရီလိုလိုတောင် ရောက်မှာမဟုတ်ဘူး။ အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



ကို သူဌေးပဲခေါ်တာ။ သူဌေးက နောက်ကျနေရင် ဘယ်ကောင်းမလဲ"

"သြော် ... ဟုတ်ကဲ့ ခင်ဗျ။ အဲလိုပဲ ခင်လေးခိုင်ရေ ... တပည့်က ဆရာပြန်လုပ်တာလဲ ခံရတယ်"

ခင်လေးခိုင်ကတော့ ပြုံးပြုံးလေးပဲ။

"သွားပြီနော် ခင်လေး"

"ဟုတ်ကဲ့ ရှင့်"

မင်းဒီကတော့ မနှုတ်ဆက်ပါ။ ခပ်စိုက်စိုက်တစ်ချက်ပဲ ကြည့်ခဲ့သည်။ ဒီလောက်ဆို လုံလောက်ပြီ။ မဟားဒယားကြီး ဝင်လုံးတာလောက် ပေါရာကျတာ မရှိ။ အခန့်မသင့်ရင် ဘူးတာယ်တောင် ထင်သွားနိုင်သည်။ ကိုယ့်အထာနဲ့ကိုယ်ပဲ ကောင်းသည်။

ကားပေါ်ရောက်တာနဲ့ သူဌေးက ...

"မင်း ဘယ်လိုထင်လဲ"

"ဘာကိုလဲ သူဌေး"

"ကောင်မလေးကိုလေ။ ဝင်ရတာ လွယ်မယ်ထင်လား"

"ဟင်း ဟင်း ... ဒါကတော့ ပွဲပြီးမှပဲ ကြည့်ကြတာပေါ့"





"ဟင်း"

"တကယ်လို့သူက ကျွန်တော့်ကိုရော သူဌေးကိုပါ ပြန်မကြိုက်ရင် ဘယ်လိုလုပ်မလဲ"

"ဘာဖြစ်လို့လဲ"

"သြော် ... သူ့မှာရည်းစားထားတဲ့သူ ရှိနေရင် ဘယ်ပြန်ကြိုက်မှာလဲဗျ"

"အဲလိုပုံ ပေါက်လို့လား"

"ဖြစ်ချင် ဖြစ်နိုင်တာပဲလေ"

"အဲတော့လည်း နောက်တစ်ယောက်ပေါ့ကွာ။ မင်းနဲ့ငါ အနိုင်အရှုံး မကွဲမချင်း ပြိုင်မှာ"

"အဲလိုကြီးလား။ ပျင်းစရာကြီးဗျာ။ ဒါဆိုလည်း ဒီတစ်ယောက်နဲ့ပဲ ပွဲပြတ်နိုင်အောင် လုပ်ရမယ်"

"အောင်မာ"

"ဟား ဟား ဟား"

"ခွေးကောင် ... မရယ်နဲ့"

"ဒါဆို သူဌေးက ခွေးသူဌေး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ကျွန်တော်က ချေးဆို။ ဒါဆို သူဌေးက ချေးရဲ့သူဌေးပေါ့"

"တောက် ... မင်းနော်"

"ချစ်လို့စတာပါ ဖေဖေကြီးကလည်း"

"မင်း ငါ့ကို အဲလိုမခေါ်စမ်းပါနဲ့ကွာ။ လူပဲ အအေးတိုက်ထဲ ရောက်သွားသလိုလို ခံစားရလို့ပါ"

"သူဌေး"

"ဘာလဲ"

"စွမယူပါနဲ့နော်၊ ကျွန်တော်က ချစ်လို့စတာ"

"ဟိတ်ကောင် ... ယောကျ်ားချင်းကြီး ချစ်လို့ဆိုတာကြီး မသုံးစမ်းနဲ့။ နားကျိန်းလွန်းလို့"

"ဟီး ဟီး ... ကျွန်တော်က ရိုးရိုးပြောတာပါ"

"ကဲ ... ကားသာ သေချာမောင်းစမ်းပါကွာ။ ရုံးရောက်ဖို့ဆို တစ်ရေးလောက် အိပ်လို့ရသေးတယ်"

မင်းဒီ ဆက်မစတော့ဘဲ ကားကိုပဲ အာရုံစိုက်မောင်းနေလိုက်သည်။ သေးက ဘလက်ခ်ပစ်ကြီးကတော့ ပါးစပ်ကြီးပြဲပြီး ဟောက်နေပြီ။

✧ ✤ ✧





နောက်ပိုင်း သူဌေးက ခင်လေးနိုင်ရဲ့ ထမင်းဆိုင်မှာ ခဏ ခဏ သွားစားသည်။ တစ်ယောက်တည်း သွားစားတာပါ။ မင်းဒီ မသိအောင် သွားတာ။ သူဌေးကတော့ သူသွားချင်တဲ့အချိန် သွားတာပေါ့။

မင်းဒီကိုတော့ အလုပ်တွေ ဖိနိုင်းထားတာပါ။ မင်းဒီကလည်း သိပါသည်။ ဒါပေမဲ့ သူ သူဌေးကို အကျောပေးထားလိုက်သည်။ ခင်လေးနိုင် ငြင်းလိုက်မှ သူဝင်ရင်လည်း နောက်မကျသေးဘူးလေ။

ခင်လေးနိုင်ကလည်း သူမကို ဒီသူဌေးကြီး လာရစ်နေမှန်း သိပါသည်။ အဘိုးကြီးပုံစံက ချမ်းသာပုံရသည်။ ဒါပေမဲ့ ရုပ်ကြီးကို ခံစားလို့မရ။ သူဌေးရုပ်ကြီးက လူရွှင်တော်ဦးဝက်မလို ရုပ်မျိုးကြီး။ ကိုယ်က ဘာမှမဟုတ်ပေမယ့် ပိုက်ဆံမက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံကြီးကို မလိုချင်ပါ။ ဒါပေမဲ့ ငြင်းလည်းမငြင်းဘဲ မျှော်ထား လိုက်သည်။

အဘိုးကြီးက မစို့မပို့ လက်ဆောင်လေးတွေ ဝယ် လာပေးတတ်သည်။

အဝတ်အစား၊ အိတ် စသဖြင့်ပေါ့။ သူ့အနေအထား နှင့် ဒီထက်မက ပေးနိုင်ရဲ့သားနဲ့ ကပ်စေးနှဲနေတာမို့လည်း မယ့် ရဲတာပါ။

ခင်လေးနိုင်ကလည်း လူပေါင်းစုံကို ဈေးရောင်းစား နေတဲ့ ဈေးသည်ဆိုတော့ လူ့သဘောတော့ ကျေသင့်သလောက် ကျေပါ၏။ အညာသူမပေမယ့် လည်လိုက်တာမှတ်လို့။

ဒီလိုပဲ သူမဆိုင်မှာ ထမင်းလာစားရင် သူမကို ညှုကလီးယားလုပ်နေတဲ့ ပုရိသတွေ တော်တော်များပါသည်။ အလိမ္မာနဲ့ပဲ မျှော်ထားရတာ။ အပြတ်ငြင်းလိုက်ရင် ဖောက်သည် လျော့သွားမှာစိုးလို့။

အဲဒါကို မင်းဒီရဲ့သူငွေးက မနပ်ဘဲ ခင်လေးနိုင် သူ့ကို လိုက်လိုက်လျောလျော ဆက်ဆံသည်ဟု ထင်နေသည်။ သူငွေး ဘယ်လိုကာကာ။





မင်းဒီနဲ့ ခင်လေးတို့ ရေစက်ဆုံဖြစ်အောင် ဆုံသွား သည်။

ထိုနေ့က SSC မှာ သူငွေး ဆေးစစ်ထားတဲ့စာရွက် သွားယူပေးတဲ့ မင်းဒီနဲ့ လူနာသတင်းလာမေးတဲ့ ခင်လေးနိုင်တို့ တိုက်မိကြသည်။

"ဆောရီးပါဗျာ၊ ဩော် ... မခင်လေးနိုင်ပါလား"

"ရှင် ကျွန်မကို သိလို့လား"

"ကျွန်တော် နိုင်တို့ဆိုင်မှာ ထမင်းလာစားဖူးတယ်ဗျ"

"နိုင်တို့ဆိုင်"

ခင်လေးလို့ပဲ ခေါ်နေကြကို နိုင်ဆိုတော့ နားထဲ တစ်မျိုးဖြစ်သွားသည်။

"ဟုတ်ကဲ့"

"ဩော် ... လာစားတဲ့သူများတော့ မမှတ်မိ ဖြစ်သွားတာ။ ဆောရီးပါနော်"

"ရပါတယ် နိုင်ရယ်။ ခုတော့ မှတ်မိသွားအောင် မှတ် ထားပေးဦး။ ကျွန်တော့်နာမည် မင်းဒီတဲ့"

"ကိုမင်းဒီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... သွားလိုက်ဦးမယ် နိုင်။ အလုပ်ရှိသေးလို့။ နောက်မှ ထမင်းလာစားဦးမယ်"

"ဟုတ်ကဲ့ရှင့်"

မင်းဒီက ခပ်စိုက်စိုက် တစ်ချက်ကြည့်ကာ လှည့်ထွက်သွားသည်။ ခင်လေးနိုင်လည်း ထိုအကြည့်တွေကို မြင်ဖူးပါတယ်ဟု စဉ်းစားနေသည်။

မင်းဒီက လေတစ်ချက် ချွန်လိုက်သည်။ ဒီပုံဆိုရင် ကံကြမ္မာက သူ့ကို မျက်နှာသာပေးပြီ။ သူ တမင်ဝင်တိုက်တာ မဟုတ်။ တကယ် မတော်တဆ တိုက်မိတာပါ။

✧ ✤ ✧





တစ်ရက် သူဌေး အလုပ်နိုင်းလို့ အပြင်ထွက်ရင်း တမင် ခင်လေးနိုင်တို့ဆိုင်သွားကာ ထမင်းသွားစားလိုက်သည်။

သူမက မှတ်မိသလို ကြည့်နေ၍ သူက ခပ်စိုက်စိုက် တစ်ချက်ကြည့်ပြီးတော့မှ ပြုံးပြလိုက်သည်။

"ကိုမင်းဒီ ... ဘာနဲ့စားမလဲ"

"နိုင် မှတ်မိသားပဲ"

"မှတ်မိပါတယ်ရှင်"

"အသည်းစားချင်တယ်"

"ရှင်"

"ဩော် ... ကြက်အသည်းအမြစ်၊ ဒါမှမဟုတ် ဝက်အသည်း ဆိတ်အသည်း ရတာတစ်ခုခုချဗျာ"

"ဟုတ်ကဲ့ ... ဆိတ်ကလီစာနဲ့ ကြက်အသည်းအမြစ်ရှိတယ်။ ဘာနဲ့ စားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိတ်ကလီစာ။ အသည်းဖတ်ရွေးထည့်ပေး"

ဟင်းတွေကို ပိုထည့်ပေးထားလား မသိ။ များနေသလိုပဲ။ ချဉ်ရည်ဟင်း။ ငါးပိရည် တို့စရာအပြင် အရွက်ကြော်ပါ လာချပေးသည်။

"အရွက်ကြော် မမှာထားဘူး ခိုင်"

"သိပါတယ်ရှင်။ စေတနာနဲ့ ချပေးတာပါ။ ပိုက်ဆံရှင်းစရာမလိုပါဘူး"

"ဒီလိုလား။ ဘာလဲ ... ဒီနေ့ မွေးနေ့လား"

"မဟုတ်ပါဘူး။ ကြုံရင်ကြုံသလို တတ်နိုင်သမျှ ကိုယ့်ဖောက်သည်ကို စေတနာထားတာပါ"

"ကျေးဇူးပါဗျာ"

"ကိုမင်းဒီက ဘာလုပ်တာလဲ"

"ကုမ္ပဏီဝန်ထမ်း"

"လစာကောင်းမှာပေါ့"

"ရသင့်သလောက်တော့ ရပါတယ်"

"ဪ"





တခြားဧည့်သည်တွေ ရောက်လာတာနဲ့ သူမစားပွဲသွားထိုးပြီ။ တစ်ချိန်လုံး ပြုံးထားရတာ ပါးမညောင်းဘူးလားမသိ။ ဆေးရုံမှာတုန်းကတော့ မပြုံးပါဘူး။ ဈေးရောင်းနေတဲ့အချိန်မို့လို့ အပြုံးကို ဝန်ဆောင်မှုပေးထားပုံပဲ။

သူမဆိုင်မှာ လာစားတာ ပုရိသတွေများသည်။ မိန်းမတွေက တော်ရုံနဲ့ ထမင်းဆိုင် မထိုင်တတ်တာလည်းပါမှာပေါ့လေ။ ယောကျ်ားတွေကတော့ ထမင်းချိုင့်သယ်ရမှာ ပျင်းတော့ကြုံသလို ဝယ်စားကြတာကိုး။ မိန်းမတွေက ကပ်စေးနဲတော့ထမင်းဖိုးကို အကုန်မခံတတ်ဘဲ ထမင်းချိုင့် အရသယ်တတ်ကြသည်။

ခင်လေးခိုင်က လာသမျှဧည့်သည်တိုင်းကို ဖော်ဖော်ရွေရွေပဲ ဆက်ဆံတတ်သည်။ ဧည့်သည်တွေ ဖွန်ကြောင်လည်းသူမကတော့ အလိုက်သင့်ပဲ။

မင်းဒီက ပစ်မှတ်ရဲ့အထာကို အကဲခတ်နေ၏။ သူမဟာ ဘယ်လိုမိန်းမမျိုးလဲ။

သေချာတာကတော့ သူမဟာ သူမထမင်းရောင်းရမှုပဲသိတဲ့ မိန်းမ။ သူမဈေးရောင်းရဖို့အတွက် အယုတ်အလတ်



www.burmeseclassic.com

www.burmeseclassic.com



အမြတ်မရွေး ပြိုးပြမှာပဲ။ ဒါက ဈေးကွက်စီးပွားရေး။ ကုန်ပစ္စည်း ဘယ်လောက်ကောင်းကောင်း ဝန်ဆောင်မှုမကောင်းရင် မပေါက်တဲ့ခေတ်။ ခေတ်ကိုက ဝန်ဆောင်မှုခေတ်။ ဒီတော့ သူမလည်း ဝန်ဆောင်မှု မျက်နှာဖုံးဖြစ်တဲ့ အပြုံးကိုပါ ထည့်ရောင်းနေပုံရသည်။ သူမ အလုပ်လုပ်နေတာကို မင်းဒီ အကဲခတ်နေတုန်း ဖုန်းဝင်လာသည်။

"မင်းဒီ … မင်း ကြာလှချည်လား။ ဘာလုပ်နေလဲ"

"ဟဲ ဟဲ … ကျွန်တော် ဗိုက်ဆာလို့ ထမင်းဝင်စားနေတာ"

"ဘာ … ဘယ်မှာဝင်စားနေတာလဲ"

"သာကေတမှာ"

"မင်းကို ငါနိုင်းတာ လှိုင်သာယာ။ ဘယ်လိုလုပ်ပြီး သာကေတမှာ ထမင်းဝင်စားနေရတာလဲ"

"တစ်ခါတလေပါ သူဌေးရယ် ဟဲ ဟဲ ဟဲ ဟဲ"

"အေး … မင်းကိုငါ ဖိုင်းတပ်မယ်။ မင်းသွားတာ ငါ့ ကုမ္ပဏီကားနဲ့။ ဆီဖိုးလည်း ဖြတ်မယ်"

"ဖြတ်ပါ၊ ဒီလောက်တော့ ရင်းရမှာပေါ့၊ နောက်ဆို လစာနှစ်ဆကြီးများတောင်ရမှာ"





သူဌေး သူ့ကို နည်းမျိုးစုံနဲ့ဆဲကာ …

"မြန်မြန်လာ ဟိတ်ကောင်။ ဆိပ်ကမ်းသွားမလို့"

"ရက်စ်ဘော့စ်။ ရှင်းမယ် နိုင်ရေ"

"ဘာ … ခိုင် ဟုတ်လား။ ဟိတ်ကောင် မင်း … မင်း"

"ဟဲ ဟဲ ဟဲ ဟဲ"

သူ ဖုန်းချကာ ပိုက်ဆံရှင်းပြီးတော့ …

"သွားပြီ နိုင်၊ စားကောင်းတယ်၊ နောက်ထပ်လာဦးမယ်"

"ဟုတ်ကဲ့ ကိုမင်းဒီ၊ ကျေးဇူးပါ"

သူ ခပ်စိုက်စိုက်ကြည့်တော့ ခိုင်က မနေတတ်သလို ခဲ့။ သူ မျက်စိမှိတ်ပြလိုက်ကာ ထွက်လာလိုက်သည်။ သူမဘယ် လိုဖြစ်ကျန်ခဲ့လဲဆိုတာ လှည့်ကြည့်ဖို့ မလိုဘူးလေ။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကလည်း ခင်လေးနိုင်ကို မြန်မြန် ချစ်ရေး ဆိုလိုက်သည်။

"ခင်လေးကို ကိုကြီး မြတ်နိုးမိတယ်ကွယ်။ ချစ်တယ်။ ကိုကြီး အချစ်ကို လက်ခံပါနော်"

"အဟင်း ... အစ်ကိုကြီးရယ်။ ခင်လေးကလေ အစ်ကိုကြီးနာမည်တောင် မသိသေးဘဲ ဘယ်လိုလက်ခံရမှာလဲ ဟင်"

"သြော် ... ဟုတ်သား။ ကိုကြီးနာမည်က ကိုချောမောင်မောင်သန့်"

"ရှင်"

ခင်လေးနိုင် ရယ်ချင်သွားသည်။ လူနဲ့နာမည်ကတ် ကင်းရိုက်ပြီး မှည့်ထားသလားတောင် မှတ်ရသည်။ နာမည်ကသာ ချောမောင်မောင်သန့်။ လူက ရုပ်ဆိုးမည်းညစ်။





"မိဘတွေ မရှိတော့ဘူး။ အစ်ကိုတစ်ယောက်ရှိတာ အမေရိကားမှာ။ တစ်ကိုယ်တည်း လူပျိုကြီး စီးပွားရေးသမား ဒါပဲ"

"ဟုတ်ကဲ့ အစ်ကိုကြီး။ ခင်လေး စဉ်းစားပေးပါမယ်"

"စဉ်းစားနေဦးမှာလား ခင်လေးရယ်၊ တစ်ခါတည်း အဖြေပေးလိုက်ပါ။ အစ်ကိုကြီး ခင်လေးဆီက အဖြေကိုလိုချင်လှပြီ"

"အစ်ကိုကြီးက ခင်လေးကို လက်ထပ်မှာလား"

"ဟင်"

"လက်ထပ်ဖို့ ရည်ရွယ်ပြီး ချစ်တာလားလို့"

"ထပ်မှာပေါ့"

"ရှင်"

"သြော် ... လက်ထပ်မှာပေါ့လို့ ပြောတာ"

"ကောင်းပြီ၊ ဒါဆို ခင်လေး ဒီည စဉ်းစားထားလိုက်မယ်။ မနက်ဖြန် အစ်ကိုကြီးလာခဲ့"

"တကယ်"

"သေချာတာပေါ့"

"ဝမ်းသာလိုက်ရတော့မလားဟင်"

www.burmeseclassic.com



"အဲဒါက အစ်ကိုကြီးအပိုင်းလေ၊ ဝမ်းသာချင်ရင်လည်း ဝမ်းသာလို့ ရပါတယ်"

"ခင်လေး တကယ်ပြောတာလား"

"တကယ်ပေါ့ အစ်ကိုကြီးရဲ့"

"ဟား ဟား ... ဝမ်းသာလိုက်တာကွာ။ မနက်ဖြန် ဘယ်အချိန် လာရမလဲ ပြော"

"ရှစ်နာရီခွဲ ရောက်အောင်လာ။ ရောက်အောင်မလာရင် အဖြေက တစ်မျိုးပြောင်းသွားနိုင်တယ်နော်"

"အမယ်လေး ... လာမှာဗျာ။ စိတ်ချ။ ခင်လေး အစ်ကိုကြီး တော်တော်ပျော်တယ် သိလား။ တော်တော်လေးကို ပျော်တာ"

အမှန်တော့ မင်းဒီကို အနိုင်ရတော့မှာမို့လို့ ပျော်တာပါ။ ဒီတစ်ခါတော့ မင်းဒီ သူ့ကို ရှုံးပြီ။ ဒါပဲလေ။ နောက်ဆုံးတော့ ငွေနောက် လိုက်ကြတာပဲ။ ငွေကို မမက်တဲ့မိန်းမ မရှိပါဘူး။

ခင်လေးနိုင်ကလည်း ဦးချောမောင်မောင်သန့်ကို ကြည့်ပြီး တပြုံးပြုံး။





ခင်လေးအနေနဲ့ ခင်လေးကို တကယ်ယူမယ်ဆိုရင် ဒီလူကြီးကို လက်ထပ်ဖို့ ဝန်မလေးပါ။ ပုံစံကြည့်ရတာ တကယ် ချမ်းသာတဲ့ ပုံပဲလေ။ ခင်လေး အနေအထားနဲ့က ဒီလိုဘဝမျိုး မှန်းတောင်မမှန်းရဲ။ အညာမှာ အလုပ်အကိုင်မကောင်းလို့ ရန်ကုန် တက်လာပြီး ထမင်းရောင်းစားနေရတဲ့ ဘဝလေ။ ဒီသူဌေးကြီးကို တကယ်ရမယ်ဆိုရင် ယူပစ်လိုက်မည်။

တွက်ရေးကတော့ စက်သူဌေးတွေပဲ။

ဦးချောမောင်မောင်သန့် ခေါ် ဘလက်ခ်ပစ် တစ်ယောက် ပီတိတဖြာဖြာနဲ့ ပြန်သွားသည်။ ခင်လေးနိုင်လည်း လူတစ်ယောက်ဆီ ဖုန်းဆက်လိုက်သည်။

ဒီနေ့ခေတ်မှာ ဘယ်သူမှ မအ,တော့ပါ။ အချဉ်ဖမ်းဖို့လည်း သိပ်မလွယ်။ ဒါပေမဲ့ ခြေတစ်လှမ်း နောက်ကျတဲ့သူ ခံရမှာပဲ။ ခေတ်ကာလတွေ တိုးတက်လာတာနဲ့အမျှ နှလုံးသားက တဖြည်းဖြည်း ကျုံ့သွားပြီ။ ဦးချောမောင်မောင်သန့်က မင်းဒီဆီ ဖုန်းဆက်လိုက်သည်။

"လူကလေး မောင်မင်းဒီ၊ မင်းတော့ ဒီလကစပြီး လစာ တစ်ဝက် အလျှော့ခံရတော့မယ်ထင်တယ်၊ စိတ်မကောင်းပါဘူးကွာ ... ဟက် ဟက် ဟက် ဟက်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာလှချည်လား သူဌေးရဲ့"

"သေချာဆို မကြာခင် ကြေညာမယ်လေကွာ"

"အမ်း ... လေသံကတော့ ယုံစားစရာပဲ။ စောင့်ကြည့်မယ်လေ"

"ဟိတ်ကောင် ... မင်းအခြေအနေလည်း ပြောဦးလေ"

"ဟား ... သူဌေး ဒီလောက်စွတ်ခိုင်းနေတာနဲ့ ဘာမှတောင် မဘာရသေးဘူး"

"ဟီး ဟီး ... ဒါဆိုရင်တော့ မင်း ရှုံးဖို့သေချာသလောက် ဖြစ်သွားပြီ"

"ပွဲပြီးမှ ရေစက်ချပါဗျ"

"ကောင်းပြီ၊ ငါ့ကောင်မလေးအဖြစ် မကြာခင်မိတ်ဆက်ပေးမယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"ဆရာ့ထက် တပည့်တစ်လမကြီးချင်နဲ့ မောင်မင်းဒီ ... ဟဲ ဟဲ ဟဲ"

✧ ✤ ✧





ရှစ်နာရီခွဲ မရောက်မှာစိုးလို့ ခြောက်နာရီခွဲလောက်ကတည်းက အိမ်က ထွက်ခဲ့သည်။ ပြီးတော့ ရွှေပုစွန်မှာ မနက်စာဝင်ဆွဲ။ ခင်လေးခိုင်ရဲ့ဆိုင် ရွှေပုစွန်နဲ့ နီးတာကြောင့် ရှစ်နာရီထိုးမှ ရွှေပုစွန်ကထ။ ရှစ်နာရီမခွဲခင် သူမဆိုင်ရှေ့ရောက်။ ကွက်တိပဲ။

ခင်လေးခိုင်ကို အဆင်သင့်ပဲ တွေ့ရပါသည်။ ဒီနေ့ ထူးထူးခြားခြား အဝတ်အစား ဝတ်ထားတာ ပိုတောက်ပနေသလိုပဲ။

ချောမောင်မောင်သန့် အပိုင်တွက်လို့ ရသွားပြီ။ သင်းကို မ,ပြီး တစ်ပတ်လောက် ကားပတ်စီးပစ်မယ်။

"အစ်ကိုကြီး အချိန်တိကျသားပဲ"

"ဒါမျိုးက နောက်မကျကောင်းဘူးလေ ... ဟဲ ဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ

"ကဲ ... အဖြေပေး"

"ထိုင်ပါဦး အစ်ကိုကြီးရဲ့။ အေးဆေးပေါ့။ ကော်ဖီသောက်မလား"

"ဘာမှ မစားမသောက်တော့ဘူး။ ခုပဲ ရွှေပုစွန်ကထလာတာ"

"သြော်"

"ကဲ ... အဖြေပေး၊ ဘာမှမပြောနဲ့၊ မမေးနဲ့တော့ အဖြေပဲပေး"

ချောမောင်မောင်သန့် သူ့ကိုယ်သူ သဘောကျနေသည်။ အပိုင်သေချာတဲ့ နိုင်ရွှေဝါထီကြော်ငြာစာသားလိုပဲ။

"အစ်ကိုကြီး ခင်လေးကို တကယ်ချစ်လား"

"ဆယ်ကယ်၊ အကယ်တစ်ရာ၊ တစ်သောင်း၊ တစ်သိန်း၊ အင်ဖနတီကယ်ပါတယ်ကွာ"

"လက်ထပ်မှာလား"

"ဒါပေါ့"

"ကောင်းပြီ၊ ဒါဆို ခင်လေး အစ်ကိုကြီးအချစ်ကို လက်ခံမယ်ဆိုရင် ခင်လေးကို အခုချက်ချင်း လက်ထပ်နိုင်မလား"





"ဟင် ... ဘာ ... ဘာ ... ဘာ။ ဘာပြောလိုက်တယ်"

"အစ်ကိုကြီး ခင်လေးကို တကယ်ချစ်ရင် အခုပဲ လက်ထပ်ကြစို့လို့"

"ခုချက်ချင်းကြီး ဘယ်လိုလုပ် လက်ထပ်လို့ရမှာလဲ"

"ရပါတယ်။ ခင်လေးသူငယ်ချင်း ရှေ့နေတစ်ယောက်ရှိတယ်။ တိုင်းတရားရုံးမှာလေ။ သူ့ဆီ အခုသွားပြီးလက်ထပ်လို့ရတယ်။ အဲဒါကြောင့် အစ်ကိုကြီးကို ရှစ်နာရီခွဲ အရောက်လာခိုင်းတာ"

"ဘုရားရေ ... မင်း တကယ်ပြောတာလား"

"တကယ်ပေါ့ အစ်ကိုကြီးရဲ့"

ချောမောင်မောင်သန့် ချွေးပြန်သွားသည်။

"ဟိုလေ"

"ဘာလဲ ... လက်မထပ်နိုင်ဘူးလား"

"မှတ်ပုံတင်လေ ... အဲဒါ ... အဲဒါ ... ခင်လေးကကြိုမပြောတော့ မှတ်ပုံတင် မပါလာဘူးလေ။ အဲဒါ ပြန်ယူလိုက်ဦးမယ်။ မှတ်ပုံတင်မပါရင် လက်ထပ်လို့ မရဘူးလေ၊ ဟဲ ဟဲ ... ပြန်ယူလိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေးပါ တစ်ခါတည်း လိုက်ခဲ့မယ်လေ"

"ဟင် ... ဟို ... မလိုက်ပါနဲ့။ ပြန်လာခဲ့မယ်၊ စိတ်ချ သွားယူလိုက်ဦးမယ်နော်"

"ဟင်း ဟင်း ဟင်း"

ခင်လေးခိုင် ရယ်ပြီး ကျန်ရစ်ခဲ့သည်။ ဦးဝက်မည်းခေျာ မနည်းကြီး ထလစ်လာရသည်။ သင်းကလည်း အလာကြီးပဲ။ သူကတော့ ဝွမ်းပြီ။ ဟိုကတိ မင်းဒီတော့ ဘယ်လိုနေမလဲ မသိ။ ဘာပဲဖြစ်ဖြစ် သူ တပ်ဆုတ်လာရတာကို မင်းဒီကိုပြောလို့ မဖြစ်။ စောင့်ကြည့်ရဦးမည်။ ဒီပုံအတိုင်းဆို ခင်လေးခိုင်က သိပ်မလွယ်။ မင်းဒီလည်း ကပ်လို့ရပါ့မလား မသိ။

မင်းဒီကို လေကျယ်ထားတာတွေကို ဘယ်လိုပြန်လျှော့ချရမလဲ။

"ကျွတ်"

✧ ♣ ✧





မင်းဒီလည်း အားရင် အားသလို ခင်လေးခိုင်ဆိုင်ကို ထမင်းလာစားသည်။ လာစားတိုင်းလည်း စိုက်,စိုက်ကြည့်သွားလိုက်၊ မျက်စိမှိတ်ပြလိုက်နဲ့ ပျိုးထားပါသည်။

တစ်ရက်တော့ ထုံးစံအတိုင်း မွေးနေ့အတုတစ်ခု ဖန်တီးလိုက်သည်။

"ခိုင် မနက်ဖြန် အားလား"

"ထမင်းဟင်းချက်ရောင်းတဲ့သူ ဆိုတော့ ဆိုင်ပိတ်တဲ့နေ့မှပဲ အားတယ်။ ဘာဖြစ်လို့လဲ ကိုမင်းဒီ"

"ဩော် ... မနက်ဖြန်အားရင် တစ်ခုခု လိုက်ကျွေးချင်လို့ပါ။ သိပ်ဝေးဝေး မဟုတ်ပါဘူး။ ရွှေပုစွန်လောက်ပဲ"

"ဘာလို့ကျွေးမှာလဲ"

"ဩော် ... မနက်ဖြန် ကိုယ့်မွေးနေ့မို့လို့ ဒါနပြုချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာလို့လား"

"ဟင်"

"မှတ်ပုံတင်ပြ"

"ဘာဖြစ်လို့လဲ"

"ယောက်ျားလေးတွေမှာ မွေးနေ့တွေ အများကြီးရှိတယ်လို့ ကြားဖူးထားတယ်လေ"

"နိုင်က ဆရာမကြီးပဲ"

"ဆရာမကြီးတော့ မဟုတ်ပါဘူး။ ကြားဖူးနားဝတော့ရှိ ထားတယ်"

"ဟင်း ... ဟုတ်တယ်၊ မွေးနေ့အတုပါ။ ကိုယ် နိုင်နဲ့ စကားအေးဆေး ပြောချင်လို့"

ခင်လေးနိုင်က ပြုံးနေသည်။

"မနက်ဖြန် လာခေါ်မယ်နော်"

"ရည်းစားစကား အပြောခံရမယ်မှန်း သိသိကြီးနဲ့တော့ မလိုက်ပါရစေနဲ့နော်"

"ဟာ ... နိုင်ကလည်း"

ခင်လေးနိုင်က ...





"လူပေါင်းစုံကို ဈေးရောင်းစားနေရတဲ့ ဈေးသည်ဆိုတော့ အဲဒီလောက်တော့ သိပါသေးတယ် ကိုမင်းဒီ။ နိုင်ကအရွယ်ရှိ မိန်းမသားဆိုတော့ ယောက်ျားတွေရဲ့ သွေးတိုးစမ်းတာတွေလည်း ခဏ ခဏ ကြုံရပါတယ်။ ဒီလိုပဲ အလိမ္မာနဲ့ ရှောင်တိမ်းပြီး ရောင်းစားနေရတာ။ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ဘူးလေ။ ဆိုင်လေးက ရောင်းကောင်း နေတော့ သည်းခံနေရတာပေါ့"

မင်းဒီ အားနာသွားသည်။ ဘာထူးလဲ။ သူနဲ့ဘောစိတို့လည်း သူမကို အစမ်းသပ်ခံအဖြစ် အသုံးချခဲ့တာပဲလေ။

"တစ်ခါတလေကျတော့လည်း ကိုယ့်ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးမယ့်သူ ရှိချင်တာပေါ့လေ။ ဒါပေမဲ့ နိုင် ယောက်ျားတွေကို မယုံဘူး။ နိုင့်ကို အတည်မဟုတ်ဘဲ ကစားသွားမှာ ကြောက်နေတာနဲ့ပဲ ခုထိ အကာအကွယ် ပေးမယ့်သူ မရှိသေးဘူးပေါ့ ကိုမင်းဒီရယ်"

မင်းဒီ ဘာပြောရမှန်းမသိ။ သူကလည်း ရိုးရိုးသားသား ချဉ်းကပ်တာ မဟုတ်ဘူးလေ။ ဒါပေမဲ့ ဘောစိနဲ့ အလောင်းအစားကလည်း ပြင်းထန်နေသည်။ သူ မနိုင်ရင် လစာတစ်ဝက်သော ဆောင် အလျှော်ခံရမှာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီ မတတ်နိုင်။ အသနားခံနေတဲ့ သားကောင်ကို ရက်ရက်စက်စက် သတ်ပစ်ရမလို ဖြစ်နေသည်။ စတုန်းက စမိပြီးမှ နောက်ပြန်ဆုတ်ဖို့ မဖြစ်နိုင်တော့။

"ကျွန်တော် နိုင့်ကို တကယ်ချစ်တာပါ နိုင်"

ဖျစ်ညှစ်ပြီး ပြောချလိုက်သည်။ ခင်လေးနိုင် မျက်နှာကလေး ဝင်းလက်သွားသလိုပဲ။

"နိုင် တကယ်ယုံလိုက်ရမှာလား ကိုမင်းဒီ"

သူ ခင်လေးနိုင် မသိအောင် သက်ပြင်းခိုးချလိုက်မိသည်။ ခင်လေးနိုင်က မားမားမတ်မတ် ရပ်တည်ပေးမယ့်သူလိုချင်သတဲ့။ သူ တစ်ခွန်းညာရတိုင်း လေးပင်နေတယ်။ တစ်ခါတစ်ရံ မှားမှန်းသိရက်နဲ့ မပြင်နိုင်ဘဲ၊ မပြင်မိဘဲ ရှေ့ဆက်မှားတတ်တဲ့ အတ္တတွေ ရှိတတ်သတဲ့။

✧ ✣ ✧





နောက်ဆုံး ခင်လေးနိုင်က သူ့ကို အဖြေပြန်ပေး၏။ ချစ်ပါသတဲ့။ သူ မပျော်ပါ။ မပျော်ရက်ပါ။ သူမကြောင့် ရလာမယ့် လစာနှစ်ဆအတွက်လည်း လိပ်ပြာမသန့်ပါ။ ထိုပိုက်ဆံတွေကိုလည်း မလိုချင်တော့။ အဓိက သူ့ရဲ့လက်ရှိလစာလေး မလျှော့ချင်လို့ သူ ရှေ့ဆက်ခဲ့မိတာပါ။ နှစ်ဆလိုချင်တာထက် တစ်ဝက်မလျှော့ချင်တာပါ။

"ကိုဒီ နိုင့်မှာက မိဘတွေလည်း မရှိတော့ဘူး။ ညီအစ်ကိုမောင်နှမလည်း မရှိတော့ အဒေါ်အပျိုကြီးတွေနဲ့ ထမင်းဆိုင်ဖွင့်ထားတာ၊ အညာမှာတော့ ခြံတွေ ကိုင်းတွေ ကျန်ခဲ့တယ်လေ၊ အငှားချထားခဲ့တာ"

"ဪ"

"ကိုဒီ့အကြောင်း ပြောပြဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလား ... အင်း ကိုက ကားဆယ်စီးထောင်ပြီး ငှားစားတယ်လေ"

"တကယ်"

"အင်း"

"ဘာကားလဲဟင်။. တက္ကစီလား"

"ဟုတ်ဘူး ဆိုက်ကား"

"ကြည့် ... ကိုဒီနော်။ နိုင်က အကောင်းမှတ်လို့"

"ဟဲ ဟဲ"

မင်းဒီကတော့ သူ့မှာ ထွေထွေထူးထူး ပြောစရာမရှိဘူး။ ပြောစရာမှ မလိုတာလေ။ ဆက်ရန်မရှိတော့တဲ့ လမ်းပြတ်တစ်ခုဟာ လိုရာခရီးကို ရောက်နိုင်တာမှ မဟုတ်တာလေ။ လမ်းမှားဝင်မိတာ မဟုတ်ပေမယ့် တမင်တကာ ခဏဝင်ပြီး အညောင်းအညာပြေ လျှောက်သလို ဖြစ်သွားတယ်လေ။ သူ့စိတ်ထဲကတော့ အကြိမ်ကြိမ် တောင်းပန်နေမိသည်။

"ကိုဒီ"

"ပြောလေ နိုင်"

"နိုင့်ကို အထင်မသေးဘူးဆိုရင် တစ်ခုလောက် တောင်းဆိုချင်လို့"





မင်းဒီ လန့်သွားသည်။ ခင်လေးနိုင်သည် ထက်မြက်သောမိန်းမ ဖြစ်နေသည်။ ပွင့်လင်းသည်။ လိုချင်တာကို မရ,ရအောင် ယူတတ်သော အရည်အချင်းမျိုးတွေလည်း သူမထံတွင် တွေ့နေရသည်။ ထို့ကြောင့် သူမရဲ့တောင်းဆိုမှုဆိုတာကြီးကလည်း အဓိပ္ပာယ်တွေ ပြည့်ဝနေနိုင်သည်။ ဖြစ်နိုင်ရင် ဘာကိုမှ မတောင်းဆိုစေချင်ပါ။

"ခင်လေးနိုင်ရဲ့ဘဝကို နားလည်တယ်ဆိုရင် ခင်လေးနိုင်ကို လက်ထပ်ပါလား။ နိုင်လေး ကိုဒီ့ကို အားကိုးပါရစေ"

"လက်ထပ်မှာပါ နိုင်။ ဒါပေမဲ့ ခုလောလောဆယ် ကိုအလုပ်တွေ ကျပ်နေသေးလို့ ခဏလောက်တော့ စောင့်ပေးနော်"

"ကောင်းပြီလေ။ ပိုက်ဆံအတွက်တော့ အချိန်မဆွဲနဲ့နော် ကိုဒီ။ ငွေရှိမှ ရွှေရှိမှ ဆိုတာတွေ နိုင် တောင်းဆိုမှာမဟုတ်ဘူး။ နိုင်တို့ လက်ထပ်ဖို့အတွက် ခွင့်တောင်းရမယ့်မိဘလည်း မရှိတော့ဘူး။ အတူနေ အဒေါ်တွေ ဆိုတာကလည်း နိုင့်ကိုတောင် ပြန်အားကိုးနေကြတာ။ အဓိက ကိုဒီရဲ့ လုံခြုံနွေးထွေးမှုလေးပဲ လိုချင်တာပါ"

www.burmeseclassic.com



"ကို သဘောပေါက်ပါတယ် နိုင်ရယ်။ အလုပ်ကလေးတွေ ပါးတာနဲ့ လက်မှတ်ထိုးပြီး လက်ထပ်ကြတာပေါ့ အဆင်ပြေလား"

"ဟုတ်ကဲ့"

မင်းဒီ ရင်ထဲ လေးလံလိုက်တာ။ မှားတာတော့ တော်တော်မှားသွားပြီ။ မိန်းမတွေကို မသနားတတ်တဲ့ မင်းဒီ ခင်လေးနိုင်ကို တော်တော်အားနာသွားသည်။

ဒါပေမဲ့ သူ ခင်လေးနိုင်ကိုမချစ်။ လက်မထပ်နိုင်ပါ။ အားနာမှုလောက်နဲ့တော့ သူမကို မယူနိုင်ပါ။ သူ လှည့်စားခဲ့တဲ့အထဲမှာ ခင်လေးနိုင်က အထိအနာဆုံး ဖြစ်သွားနိုင်သည်။ ဘာအဖလောင်းအစားမှ မရှိရင်တောင် သူ ဒီလောက်စိတ်မကောင်းဖြစ်မိမှာ မဟုတ်။ ခုတော့ကွာ ...။

✧ ♣ ✧



သူနဲ့ခင်လေးနိုင် ချစ်သူတွေဖြစ်ကြောင်း သူဌေးကို ပြောပြတော့ သူဌေးက ...

"အပြောနဲ့တော့ မရဘူးနော် မင်းဒီ။ မင်တို့ကို ငါနည်း ငါဟန်နဲ့ ငါလေ့လာဦးမယ်"

"ဟာဗျာ ... သူဌေးကလည်း ကျွန်တော်က မြန်မြန်ဖြတ်ချင်တာဗျ။ သူဌေးက ဘယ်လောက်တောင် အချိန်ဆွဲဦးမှာလဲ"

"သိပ်မကြာစေရပါဘူးကွာ။ ခင်လေးနိုင်က လည်တယ်ကွ။ မင်းကလည်း ကြွက်ပါး ဆိုတော့ကာ မင်းတို့နှစ်ယောက် ပူးပေါင်းပြီး ငါ့ကို ဘတ်သွားမှာစိုးလို့"

"ဘတ်စရာလား သူဌေးရယ်။ ကျွန်တော် အဲဒီလောက် အစွမ်းအစ မတုံးသေးပါဘူးဗျ"




www.burmeseclassic.com

www.burmeseclassic.com



"မင်းအစွမ်းအစရှိမှန်း ငါသိပါတယ်။ ဒါပေမဲ့ ဟိုမိန်းမကလည်း လည်လွန်းနေတယ်"

"သူဌေးတို့ ဘယ်လိုဖြစ်သွားလဲ"

"ငါ့ကို အဖြေပေးရင်း တစ်ခါတည်း လက်မှတ်ထိုးခိုင်းလို့ကွ။ မနည်းတပ်ဆုတ်လာရတယ်"

"ဟုတ်လား ... အင်း ... ခင်လေးနိုင်ပဲလေ ဒီလောက်တော့ ရှိမှာပေါ့"

"ဟဲ ဟဲ ... ငါ လူရွေးမှားသွားတယ်ကွာ၊ သင်းက အစွယ်လေးနဲ့ကွ"

"ဟုတ်တယ်၊ ကျွန်တော့်ကိုတောင် အပ်ကြီးကြီးနဲ့ ချုပ်နေတာ"

"မင်း သူ့ကို ဘလိုင်းကြီးခေါက်ပြီးရင်တော့ လွတ်အောင် ပြေးမှရမယ်ထင်တယ်"

"စိန်ခေါ်မှု အသစ်ကလေးပါ၊ စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ နှစ်ဆနော် နှစ်ဆ"

"မင်းတို့ ကွက်ကျော်ရိုက်မရိုက် စစ်ဆေးဦးမှာပါ"

"စစ်ဆေးပါ ကြိုက်သလို စစ်ပါ"





"မင်းဒီ ... မင်း တော်တော်လည်ပါလား။ အေးလေ ... မိန်းမတွေကလည်း ခန့်မှန်းရ ခက်ပါတယ်"

"သူကလည်တာပါ။ သူဌေးက သူဌေးဆိုတော့ လန့်မှာပေါ့။ တကယ်ရမှ ယူမယ်ဆိုတဲ့ သဘော။ ပိုက်ဆံမက်ပြီး လက်ခံမယ့် သဘော။ ကျွန်တော့်ကိုတော့ Heart ထိသွားတဲ့သဘော ခွိ ခွိ"

သူဌေးက ပြုံးနေသည်။ အီလည်လည် ပြုံးတာပါ။ ဘာပဲပြောပြော ဒီကောင်လေးက စော်ကိုကြည့်တာပါ။ မင်းဒီနဲ့ သူမတို့ကို လိုက်လေ့လာ အကဲခတ်တော့လည်း မင်းဒီကနည်းနည်း ခင်လေးနိုင်က အကဲပိုနေတာ တွေ့ရသည်။ သူ မင်းဒီကို လစာနှစ်ဆတိုးပေးလိုက်သည်။

ထိုနေ့ကစပြီး မင်းဒီလည်း ခင်လေးနိုင် ရှိရာသို့ ခြေဦးမလှည့်တော့။ သူမ သိထားတဲ့ သူ့ဖုန်းနံပါတ်ကိုလည်း မသုံးတော့ဘဲ ပိတ်ပစ်လိုက်သည်။ စလိုက်ကတည်းက ဘာဘာ ညာညာ အတိအကျ မပြောပြထားတာမို့ သူမ သူ့နောက်လည်း မလိုက်တတ်ပါ။

အဲလို ထင်ခဲ့တာပေါ့လေ။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တကယ်တမ်းကျတော့ သူမ သူ့ကုမ္ပဏီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ ကားနံပါတ်ကို စုံစမ်းပြီး ရောက်လာတာ။ သူ ဖျားသွားသည်။ ကုမ္ပဏီကလူတွေကို မင်းဒီ အလုပ်ထွက်သွားပြီဟု ညာနိုင်းလိုက်သော်လည်း မယုံဘဲ ကုမ္ပဏီနားမှာ လာလာချောင်းနေသည်။

"မင်းက ပွင့်ပွင့်လင်းလင်း ဖြတ်လိုက်လေကွာ"

"အဲလိုဖြတ်ရင် ဘာတွေဖြစ်လာနိုင်လဲဆိုတာ မှန်းလို့မရဘူး သူဌေးရဲ့။ ကျွန်တော် သူ့ကို လျှော့ကိုမတွက်ရဲတာ"

"မင်းဒီ ကြောက်တာ ဒီတစ်ခါပဲ တွေ့ဖူးတော့တယ်"

"ကြောက်တာ မဟုတ်ဘူး သူဌေး။ ဒါပေမဲ့ သူနဲ့ရင်မဆိုင်ချင်ဘူး။ ဘလိုင်းကြီး ဖြတ်ရမှာ အားနာနေတယ်။ သူ့ခမျာ ကျွန်တော့်ကို အားကိုးချင်နေရှာတာ"

"မင်း သနားသွားပြီလား"

"သနားတာထက် မှားသွားလို့ နောင်တရတာ သူဌေး။ ကျွန်တော်တို့ မိန်းကလေးတစ်ယောက်အပေါ် အလောင်းအစား မလုပ်သင့်ဘူး"





"ကျားသနားတာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်။ ဘာပဲဖြစ်ဖြစ်ကွာ။ ပြီးတာက ပြီးသွားပြီ ဒါပေမဲ့ မင်း ရှောင်နေလို့တော့ ရမယ်မထင်ဘူး"

"ဟုတ်တယ်၊ ရှောင်နေရင် တစ်သက်လုံး နောက်ကျောမလုံဘဲ တထင့်ထင့် ဖြစ်နေမှာ။ ဘယ်အချိန် ပေါ်လာပြီး စိတ်အနှောင့်အယှက် ပေးမလဲနဲ့ စိုးရိမ်နေရလိမ့်မယ်။ ထိပ်တိုက်တွေ့လိုက်တာပဲ ကောင်းပါတယ်။ ဟူး ... ရတာနဲ့တောင် မကာမိဘူး စိတ်လေးတယ်"

"မိန်းမတစ်ယောက်ကို ဒီလောက် ကြောက်မနေပါနဲ့ကွာ။ ခုကျတော့လည်း မင်းဒီ မဟုတ်သလိုပဲ။ ကျားဆိုတာ ဘယ်လိုနွားကိုပဲဖြစ်ဖြစ် သနားရိုးထုံးစံ မရှိဘူး။ အခု မင်းက သူ့ကို ဘာတစ်ခုမှ ထိခိုက်နစ်နာအောင် လုပ်ထားတာမရှိဘူး။ ပြီးတော့ ခင်လေးနိုင် ဂျလည်မ။ လမ်းဘေးမှာ ထမင်းရောင်းစားနေတာ။ ဘယ်ကောင်ကို ဘယ်လိုကိုင်ရမယ်ဆိုတာ သိပြီးသား။ မင်းကို အပျော့ဆွဲလေး ဆွဲလိုက်တာ။ ခံစားမနေနဲ့။ ငါက ပြန်သင်ပေးနေရတာသိ မဟုတ်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူက ရိုးရိုးသားသားဗျ။ ကျွန်တော် အဲဒါကို သိနေတယ်"

"မင်းတော့ ဆေးခတ်ခံရပြီ ထင်တယ်"

"ဟုတ်တော့ ဟုတ်ပါတယ်လေ။ ကျွန်တော်က သူနစ်နာအောင် ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။ ဒါပေမဲ့ ဘာကြောင့်ဆိုတာ အကြောင်းပြရခက်နေတာ။ ဒဲ့ပြောလိုက်ရင်လည်း ဆတ်ဆတ်ခါသွားမှာ။ သူ့ဘာသာ အေးဆေးနေတာကို။ အင်း ... ဒီလိုပဲ အကြောင်းရိုက် အရှုးကွက်နင်းရတော့မှာပဲ"

"ကောင်လေးရေ ... မင်း အကွက်တွေကို စောင့်ကြည့်မယ်၊ ဟုတ်ပြီလား"

"စိတ်တော့ မကောင်းဘူးဗျာ။ ခင်လေးနိုင်က အညာသူမဲ။ ပွင့်လင်းရိုးသားတယ်။ အားလည်းနာတယ်။ သူက ဆယ်ကျော်သက်မလေးတွေလို အချစ်ရူးတာ မဟုတ်ဘူး။ နိုကိုးရာမဲ့နေလို့ အားကိုးချင်တာ။ ကျွန်တော် လုပ်တာနဲ့ သူယောက်ျားတွေကို ပိုပြီးမယုံမကြည် ဖြစ်တော့မှာ"

"ဟင်း ... ဒါဆိုလည်း အားကိုးခံလိုက်တော့ပေါ့ကွာ"

"ဟာ ... မလုပ်ပါနဲ့ သူဌေးကလည်း"

✧ ✤ ✧





"ဘာ ... ဘာပြောတယ်"

ခင်လေးနိုင် ဒေါသတွေထွက်ကာ အသားတွေတဆတ်ဆတ်တုန်နေသည်။ မင်းဒီက ညှောင်နာနာနဲ့ ...

"တကယ်ပါ နိုင်ရယ်။ ဗေဒင်ဆရာကလည်း ကိုယ်တို့ငယ်ငယ်လေးတည်းက မိဘတွေလက်ထက်ကတည်းက တွက်ပေးတာ။ နောက်ပိုင်း နိုင်ငံခြားထွက်သွားလို့ အဆက်အသွယ်ပြတ်သွားတာ။ အဲဒါ ဟိုနေ့က လေဆိပ်မှာ သူဌေးကိုသွားကြိုရင်း သူကလည်း ဂျပန်ကိုပြန်ဖို့ စောင့်နေတာနဲ့ တည့်တည့်တိုးတာ"

"ရှင့်ပုံစံက ဗေဒင်ယုံတဲ့ပုံ မပေါက်ပါဘူး ကိုမင်းဒီရယ်။ ကျွန်မကို လှည့်စားချင်တာနဲ့ အရှုးချေးပန်းတွေ လျှောက်မပြောနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ နိုင်။ နာမည်မှာ ခရွေးနှစ်လုံးပါတဲ့ မိန်းကလေးကို ရှောင်နိုင်းတာ။ ရှေ့ဆက်တိုးရင် ကိုကတော့ ဘာမှမဖြစ်ဘူး။ အဲဒီမိန်းကလေး အသေဆိုးနဲ့ သေနိုင်တယ်ဆိုလို့။ ကို ဖြစ်မယ်ဆိုလို့ကတော့ ဖြစ်ပလေ့စေ။ နိုင်ကို့အသေခံပြီး ဆက်ချစ်မှာ။ နိုင့်ကို ...။ နိုင့်ကိုကျတော့ ကို မရင်းရဲဘူး။ ကို့ကြောင့် နိုင့်ကို မထိခိုက်စေချင်ဘူး"

"ရှင် ကျွန်မကို ဖြတ်ချင်တဲ့ အကြောင်းတရားက ဒါပဲလား"

"ဒါကလည်း အကြီးကြီး ဖြစ်နေလို့ပါ နိုင်ရယ်"

"သေရင် သေပစေ။ ကျွန်မ ရှင်နဲ့လမ်းမခွဲနိုင်ဘူး ကိုမင်းဒီ။ လူဆိုတာ တစ်သက်တည်း ရှိတာပါ။ တစ်ခါတည်းသေရမှာ။ အခုမသေရင်လည်း နောက်ကျရင် သေရမှာပဲ။ သေမယ့်သေ ချစ်သူနဲ့အတူ ပေါင်းဖက်ပြီး သေရတာပိုကောင်းတယ်။ ကျွန်မအတွက် စဉ်းစားပေးတယ်ဆိုရင် ကျွန်မစိတ်ချမ်းသာအောင် အခုပဲ ကျွန်မကို လက်ထပ်ပါ ကိုမင်းဒီ။ လာ ... အခုပဲ တရားရုံးသွားကြစို့။ တရားရုံးမှာ ကျွန်မအသိ ရှိတယ်"





"နိုင် ... နိုင်သေမယ်မှန်း သိရက်နဲ့ ကိုက လုပ်ရက်ပါ့မလား"

"မလိုချင်ဘူး။ ကျွန်မကို တကယ်ချစ်ရင် ကျွန်မဆန္ဒကို လိုက်လျောရမယ်။ လာ"

"ဟင့်အင်း ... ကို မလိုက်လျောနိုင်ဘူး။ နိုင် ကို့ကိုမေ့လိုက်ပါတော့ နိုင်ရယ်"

"ဟင်း ဟင်း ဟင်း ... ဟား ဟား ... ရှင်လည်း အများထဲက တစ်ယောက်ပဲ။ လမ်းဘေးမှာ ဈေးရောင်းစားနေတယ်ဆိုပြီး သွေးတိုးစမ်းတယ်"

"မဟုတ်ဘူး နိုင်၊ ကို တကယ့်ချစ်တာပါ"

"သွားစမ်းပါရှင်၊ ခင်လေးနိုင်က ရာဇဝင်ထဲမှာ ကျန်ခဲ့တဲ့ ခပ်တုံးတုံးမိန်းမ မဟုတ်ပါဘူး။ ခုချိန်ထိ ဘယ်ယောက်ျားတစ်ယောက်ကိုမှ ပြန်လက်မခံခဲ့ဘူး။ ရှင့်အချစ်ကို လက်ခံခဲ့တာ ရှင့်ကို ယုံခဲ့တာ။ ကျွန်မဘဝရဲ့ ပထမဆုံးအမှားပဲ"

"ဆောရီး ... ဘယ်လို တောင်းပန်ရမလဲတောင် မသိပါဘူး နိုင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို မုန်းတယ်။ တစ်သက်လုံး မုန်းနေမယ်၊ တစ်ဘဝလုံး မုန်းနေမယ်။ ပြီးတော့ ရှင်လည်း ဘယ်တော့မှစိတ်မချမ်းသာစေရဘူး။ ကျွန်မ ကတိပေးတယ်။ ရှင့်ကို ကျွန်မအမုန်းတွေ မမေ့အောင် အမြဲသတိပေးနေမယ်။ ခင်လေးနိုင်က ရေမြှုမဟုတ်ဘူးဆိုတာ ရှင် သိစေရမယ်"

လက်သီးလေးကို ကျစ်ကျစ်ဆုပ်ပြီး ပြောနေတဲ့ မိန်းမ တစ်ယောက်ရဲ့ မျက်ဝန်းမှာ ကြမ်းရှရှ မျက်ရည်တွေ တွဲလွဲခိုနေတယ်။ သိပ်သနားစရာကောင်းပါတယ်။ ပြီးတော့ သူမရဲ့အမုန်းစကားတွေက မာန်ပါနေတယ်။ ချောင်ပိတ်ရိုက်ခံရတဲ့ ခွေးတစ်ကောင် မာန်ဖီပုံမျိုးနဲ့ပေါ့။ ဒီထက်ပိုပြီး ပေါက်ကွဲသင့်ပေမယ့် သူမ ဒီလောက်ပဲ ပြောပါတယ်။ ခပ်မှဲမှဲ မျက်ရည်ပြေးက ရူးရှ တောက်ပလွန်းနေတယ်။

✧ ✤ ✧





ခင်နဲ့ဆိုး။

အရမ်းချောတယ်။ ချစ်စရာ ကောင်းတယ်။ ဆွဲဆောင်မှု ညှို့ဓာတ်ကလည်း အပြည့်။ တချို့ကလှတယ် ချစ်စရာမကောင်းဘူး။ ဆွဲဆောင်မှု မရှိဘူး။

တချို့က ချစ်စရာကောင်းတယ် မလှဘူး။ ဆွဲဆောင်မှုမရှိဘူး။

တချို့က ဆွဲဆောင်မှုရှိတယ်၊ ချစ်စရာ မကောင်းဘူး မလှဘူး။

ခင်နဲ့ဆိုးကတော့ သုံးခုလုံးနဲ့ ပြည့်စုံတယ်။ ချစ်စရာကောင်းသလို စွဲမက်ဖွယ်ကောင်းတဲ့ အလှတရားတွေနဲ့ ပုရိသတိုင်းကို ဆွဲဆောင်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင်လည်း ချိုနွဲ့နွဲ့လေးနဲ့ ချစ်စရာ အသည်းယားစရာ ကောင်းတယ်။ တအားကြီး ချွဲပစ် ညှုကလီး ယားလုပ်ပြီး ပြောတာမျိုးလည်း မဟုတ်ဘဲ ချိုတယ် နွဲ့တယ်ဆိုရုံ ချိုနွဲ့နွဲ့လေး။ စကားကို ဘယ်တော့မှ အော်ကြီးဟစ်ကျယ်မပြော။ စိတ်ဆိုးဒေါသထွက်တာတောင်မှ ခပ်တိုးတိုးပဲ။

ပညာရေးကတော့ သာမန်ဘွဲ့ရလေးပါပဲ။ နေတော့လည်း သာမန်တိုက်ခန်းကလေးနဲ့။ သူမအလှကသာ သာမန်မဟုတ်ဘဲ အရောင်အဝါတွေထွက်ပြီး လင်းလက်နေတာ။ ခင်နွဲ့ဆိုးရဲ့အမေ ဒေါ်လည်လည်ခင်ကတော့ နာမည်နဲ့လိုက်အောင် လည်လွန်းလှသည်။

ဒီအမေရဲ့ ဒီသမီး။ သားအမိနှစ်ယောက်စလုံး လည်ချက်က ပန်ကာတောင် အရှုံးပေးရမည်။

ဒေါ်လည်လည်ခင်ကလည်း မိန်းမချော မိန်းမခန့်တစ်ယောက်ပဲ။ စကားပြောတာလည်း လည်ဝယ်ပါးနပ်၏။ ဒေါ်လည်လည်က သမီးလေး ဆယ်နှစ်သမီးလောက်မှာပဲ ယောကျ်ားဖြစ်သူ ဆုံးပါးကာ ခပ်ငယ်ငယ်နဲ့ မုဆိုးမ ဖြစ်ခဲ့ရသည်။





ဒါပေမဲ့ သူမက အစွမ်းအစရှိတာမို့ ရပ်ကွက်ထဲမှာ ပွဲစားတွေကို ကပ်ပေါင်းပြီး ပွဲစားလောကထဲ ဝင်ပစ်လိုက်သည်။

ပွဲစားလုပ်လို့ရသမျှ အကုန်လုပ်သည်။ တရားတာ မတရားတာ သူမ မသိ။ ဥပဒေနဲ့မငြိစွန်းရင် အကုန်လုပ်သည်။ ဥပဒေနဲ့ လွတ်ကင်းအောင်တော့ နေသည်။ မလွတ်ကင်းလို့ မိသွားရင် သူမရဲ့သမီးလေး ခင်နွဲ့ဆိုး မျက်စိသူငယ် နားသူငယ်နဲ့ ကျန်ခဲ့မှာလေ။

ဘယ်လောက်ထိ ပွဲစားလုပ်သလဲဆိုရင် လူငယ်တွေကို အတင်းလျှော်ပေး အောင်သွယ်ပေးတာမျိုးလုပ်ပြီး အောင်သွယ်ခ တံဆိုးလက်ဆောင်ရယူသည်။

တစ်ခါတစ်ရံ မုဆိုးမတွေ၊ တစ်ခုလပ်တွေကိုပါ အောင်သွယ်ပေးသေးသည်။ အဆင်ပြေတာတွေ ရှိသလို ခဏခဏ ပြဿနာမျိုးစုံနဲ့လည်း ကြုံရတာပေါ့လေ။ ဒါပေမဲ့ ဒေါ်လည်လည်ခင်က ဂျင်ပေါ်ကထုံး။

ပေါ်လာသမျှ ပြဿနာတိုင်းကို ကျော်လွှားနိုင်ခဲ့တာချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကို ဘယ်လိုနည်းနဲ့ပဲရရ ၊အောင်ရှာကာ သမီးလေးကို လှလှလားမြောက်အောင် ပြုစုစောင့်မှာက်ခဲ့သည်။

ခင်နွဲ့ဆိုးက ငယ်ငယ်ကတည်းက ဖော်ပတ်ရုပ်ကလေးလို လှသည်။ ထို့ကြောင့် ဒေါ်လည်လည်ဇံကလည်း ပိုးမွေးသလို မွေးမြူခဲ့သည်။ ငယ်ငယ်ကတည်းက ဆံပင်အရှည်ကြီး ထားပေးခဲ့သည်။ ထိုဆံပင်တွေ သန်စွမ်းလှပအောင်လည်း ဂရုစိုက်ပေးခဲ့သည်။ အမြဲတမ်း ဘောင်းဘီအရှည်၊ အင်္ကျီလက်ရှည် လုံလုံခြုံခြုံ ဝတ်ဆင်စေသည်။ အသားရေနေလောင်မှာ၊ လေတိုးမှာ စိုးလို့ပါ။ အစားအသောက်ကိုလည်း အသားငါး အသီးအရွက်တို့ကို မျှတအောင်ကျွေးသည်။ အထူးသဖြင့် အသီးအရွက်စားရင် အသားအရည်လှတယ်ဆိုလို့ ပိုပြီး ဂရုတစိုက်ကိုကျွေးသည်။

အရေပြားမှာလည်း အမာရွတ်တစ်စက် မထင်စေရ။ ဒဏ်ရာဒဏ်ချက်တွေ မရှိစေရ။

ငယ်ငယ်ကတည်းက ရေကူးတို့ ကြက်တောင်ရိုက်တို့လည်း သင်ပေးထားသည်။ အရပ်ရှည်အောင်၊ ကိုယ်လက်ကြံ့ခိုင်အောင်လို့။





စသဖြင့်ပေါ့လေ ချောမောလှပတဲ့ သမီးလေးကို ပိုပြီးလှပလာအောင် အထူးဂရုစိုက်ပြီးတော့ကို ပြုစုပျိုးထောင်ခဲ့သည်။

အရွယ်ရောက်လာတော့ ဘော်ဒီအတွက် လေ့ကျင့်ခန်းတွေ လုပ်နိုင်းသည်။ လမ်းလျှောက်တာ စမတ်ကျအောင် နေတတ် ထိုင်တတ် သွားတတ် လာတတ် ပြောတတ် ဆိုတတ်အောင် မော်ဒယ်လ်သင်တန်း တက်နိုင်းသည်။

အဲဒီလိုတွေ ပုံသွင်းထားသည်မို့ ခင်နွဲ့ဆိုး တစ်ယောက် ပြစ်မျိုးမှဲ့မထင်အောင် လှပတဲ့၊ ဆွဲဆောင်မှုရှိတဲ့၊ ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေပါတော့သည်။

ခင်နွဲ့ဆိုးရဲ့ ထူးခြားချက်က မည်းနက်ဝဲဖြာနေတဲ့ ဆံပင်အရှည်ကြီးပေါ့။ ရေတံခွန်လို စင်းကျနေတဲ့ ဆံပင်တွေရဲ့ အလှ၊ မည်းနက်တောက်ပနေတဲ့ ဆံပင်အရှည်ဆိုတာလည်း ဒီခေတ်ကြီးမှာ ရှားပါးပစ္စည်း ဖြစ်နေပြီကိုး။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



သိပ်လှတဲ့ ခင်နွဲ့ဆိုးကို ပုရိသတိုင်း သဘောကျသည်။ လွတ်လပ်သူတွေက လွတ်လွတ်လပ်လပ် သဘောကျသလို၊ မလွတ်လပ်သူတွေကလည်း တိတ်တဆိတ်တော့ သဘောကျကြသည်။

ဆွဲဆောင်မှု ညို့အားပြင်းတာကိုး။ ခင်နွဲ့ဆိုးကိုမရလို့ ရူးသွပ်ခမန်း ဖြစ်သွားသူတွေလည်း မနည်းဘူးလေ။ ခင်နွဲ့ဆိုး အလှရဲ့ခြေရင်း ဝပ်ဆင်းမိလို့ကတော့ လည်မျိုကို အနင်းခံရဖို့က သေချာသည်။

တကယ်ပါ။

ခင်နွဲ့ဆိုးရဲ့မိခင်ဟာ အကြံကြီးကြီးနဲ့ကို ခင်နွဲ့ဆိုးကို ပျိုးထောင်ခဲ့တာပါ။ ချောမောလှပတဲ့ သူ့သမီးလေးကို အဲဒီ အလှတရားတွေရဲ့ ပံ့ပိုးမှုနဲ့ သူ့သမီးလေးဘဝ တင့်သထက်တင့်၊ မြင့်သထက်မြင့်အောင် ပြုစုပျိုးထောင်ခဲ့တာ။





အဆင်းအားဖြင့် ပြုစုပျိုးထောင်ခဲ့ပေမယ့် အချင်းအားဖြင့်တော့ ဇီးရိုးအောက်မှာ မိုင်းနပ်စ် သုညအောက်မှာ အနုတ်လက္ခဏာ ထပ်ပြနေခဲ့ပါ၏။ ဒေါ်လည်လည်ခင် ကိုယ်တိုင်ကိုက အချင်းမရှိဘူးလို့ ပြောရမလား။ အရည်အချင်းရှိတယ်ဆိုရင်တောင် ထိုအရည်အချင်းဟာ ကောင်းသောအရည်အချင်းတော့ မဟုတ်ခဲ့။ လူတွေပြဋ္ဌာန်းထားတဲ့ ဥပဒေကို လွတ်အောင်ရှောင်နိုင်ပေမယ့် မြတ်စွာဘုရား ပြဋ္ဌာန်းတဲ့ တရားတော်တွေနဲ့တော့ မညီခဲ့ပါ။

ဒေါ်လည်လည်ဟာ တရားသဖြင့်ရော မတရားသဖြင့်ပါ စီးပွားရှာခဲ့သူပါ။ ဘယ်တော့မဆို ငွေတစ်မျက်နှာပဲကြည့်ခဲ့သူပါ။ သမီးဖြစ်သူကိုလည်း သူမရဲ့အယူအဆအမှားတွေကို အမြဲရိုက်သွင်းခဲ့သူပါ။

"သမီး ... လောကမှာ ငွေက အရေးအကြီးဆုံးပဲ။ ငွေရှိရင် ဘာမဆို အကုန်ဖြစ်တယ်။ ငွေမရှိတော့ မျက်နှာငယ်ရတယ်။ သမီးကို ခုလိုလှပနေအောင် ပျိုးထောင်ခဲ့ရတာလည်း အမိက ရည်ရွယ်ချက် တစ်ခုပဲရှိတယ်။ ပိုက်ဆံရှိတဲ့ သူဌေးတစ်ယောက်နဲ့ လက်ထပ်ခွင့်ရဖို့ပဲ။ ငါ့သမီးလေး သူဌေးဖြစ်စေချင်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးတွေနဲ့ နေ့တိုင်းနီးပါး ရိုက်သွင်းခဲ့သည်။ ဒေါ်လည်လည်ခင် ရိုက်သွင်းထားလို့ ခင်နွဲ့ဆိုးကလည်း မအေ စိတ်ဓာတ်အတိုင်း ထပ်တူကျနေပါပြီ။

ခင်နွဲ့ဆိုး ငယ်ငယ်တည်းက အိမ်မှုကိစ္စတွေ မလုပ်ရ။ သင်လည်း မသင်ပေးပါ။ လက်သည်းတွေ အလှပျက်မှာနိုးလို့ စားပြီးသားပန်းကန်တောင် ဆေးစရာမလို။ ဒေါ်လည်လည်ခင်က အိမ်ဖော်ခေါ်ထားပေးသည်။ အိမ်ဖော်ကိုလည်း မီးသေနေအောင် ခိုင်းထားတာပါ။ အထူးသဖြင့် ခင်နွဲ့ဆိုးကို ပြုစုဖို့။ ခင်နွဲ့ဆိုး အပြင်သွားမယ်ဆို ဖိနပ်ကအစ စီးပေးရတာပါ။ သနပ်ခါး လိမ်းမယ်ဆို သွေးပြီးသား ဖြစ်နေမှ။

သူမကံကပဲ ကောင်းတာလားမသိ။ အိမ်ဖော်တွေကလည်း သည်းညည်းခံကြသည်။ ကြော့မတ်လှပနေတဲ့ ခင်နွဲ့ဆိုးကို ချစ်ခင်ကြသည်။

ခင်နွဲ့ဆိုးက ဒေါ်လည်လည်ခင်လောက်လည်း သဘောထား မတင်းမာဘူးလေ။ အိမ်ဖော်တွေအပေါ် ပျော့ပျောင်းစွာ ညာခိုင်းတတ်သည်။





ခင်နွဲ့ဆိုးက မိခင်စကားလည်း နားထောင်သည်။ မိခင်က ဒါဆို ဒါပဲ။

“သမီးလေး … မေမေ့ သမီးလေးကို ချစ်လွန်းလို့ကြွေရုပ်ကလေးလို ဖူးဖူးမှုတ်ထားခဲ့တာ။ သမီးလေး သိတယ်နော်။ မေမေဟာ သမီးကောင်းစားဖို့ စိတ်တစ်ခုတည်းရှိတဲ့သူပါ။ မေမေ ပြောသမျှ သမီးအတွက်ပဲ။ မေမေ့စကား နားထောင်နော် သမီး”

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လည်လည်ခင်က ပွဲစားဆိုတော့ နယ်ပေါင်းစုံက ပွဲစားပေါင်းစုံနဲ့လည်း ခင်တာပေါ့လေ။

သူမအသိတွေထဲမှာ အိမ်ပွဲစား၊ ခြံပွဲစား၊ စိန်ပွဲစား၊ ရွှေပွဲစား၊ ကားပွဲစား။ ဘစ်ခါတစ်ရံ အမှုပွဲစားပါ ဖြစ်လိုက်သေးတယ်။ သူမအသိမိတ်ဆွေတစ်ယောက်ယောက်များ အမှုအခင်း ဖြစ်လို့ကတော့ သူ့အသိ ရှေ့နေဆီ ခေါ်သွားပြီး အပ်ပေးတယ်။ ဒါဆို ရှေ့နေဘက်က သူရတဲ့ရှေ့နေခထဲကနေ ဒေါ်လည်လည်ခင်ကို ပွဲခပြန်ပေးသေးတာလေ။

တစ်ရက် သူ့အသိ စိန်ပွဲစားနဲ့တွေ့လို့ ပွဲစားအလုပ်လုပ်နေကြ စိန်ဆိုင်ကို ပါသွားတယ်။ သူမသမီးလေးအတွက် စိန်နားကပ်လေး ဝယ်ပေးချင်လို့လေ။





အမယ်လေး ... ဈေးတွေက ကြီးချက်။ သူမတို့ ဝယ်ရောင်းလုပ်သလို မဟုတ်။ သူမတို့ပွဲစားတွေကတော့ ရရင် ရသလိုရိုပ်။ မရရင်လည်း ခပ်ပါးပါးနဲ့ ပွဲဖြစ်အောင် လွှတ်ပေးလိုက်ရတာ ရှိသေးသည်။

ဆိုင်တွေပေါ်မှာတော့ ဈေးကိုရှယ်တင်ထားတာ။ ဆိုင်ခန်းခ၊ ဝန်ထမ်းစရိတ်တွေနဲ့ဆိုတော့ ကာမိအောင် ဈေးပိုတင်ရောင်းကြတော့တာပဲ။ မသိတဲ့သူတွေကတော့ ဝယ်တာပေါ့။ သိတဲ့သူကြတော့လည်း အတင်းစစ်ပြီး ဈေးမှန်နီးပါးရအောင် ဝယ်တာမျိုး တွေ့ရတတ်သည်။

ထိုနေ့က ဒေါ်လည်လည် အကြံတစ်ခုရသွားသည်။

စိန်ဆိုင်ပိုင်ရှင်က ယောက်ျားစိတ် ပေါက်နေတဲ့ ယောက်ျားလုံး။ ပွဲစားအချင်းချင်း လက်တို့ပြောလို့သိလိုက်ရတာက ထိုယောက်ျားလျာ ယောက်ျားလုံးဟာ ကောင်မလေးတွေ ဆည်လဲတွဲသတဲ့။ သူကြိုက်တဲ့ ကောင်မလေးဆိုလည်း ကျသတဲ့။

ဒေါ်လည်လည်ခင် အကြံရသွားသည်။ ယောက်ျားလုံးဆိုတော့ မိန်းမချင်း ဘာမှပွန်းပဲ့စရာလည်းမရှိ။

ထိုနေ့က နားကပ်ကို မဝယ်သေးဘဲ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ခေါ်ပြီးမှ လာဝယ်မည်။

အိမ်ပြန်ရောက်တာနဲ့ သားအမိနှစ်ယောက် ဇာတ်တိုက်သည်။

"အမ် ... သမီးက ယောက်ျားလုံးကြီးကို ယူရမှာလား"

"ယူစရာလားဟဲ့။ မိန္ဓဲ့ဆိုးတို့ကတော့ ဒုံးဝေးပြန်ပြီး ရသလောက် ညာစားဖို့ပဲ။ စိန်တိုက်ပိုင်ရှင်ဆိုတော့ ညည်း အစွမ်းအစရှိရင် ရှိသလောက် စိန်တွေတောင် ဖယ်တောက်နိုင်မှာလေ"

"ချူစားရမှာပေါ့"

"အဲလို တစ်တစ်ခွခွကြီး မပြောနဲ့လေ။ မေမေ ဘာပြောထားလဲ။ အဓိက,က ငွေပဲ။ ဩော် ... ဒီကရှေ့ကို သမီး ဗမာဝတ်စုံလေးတွေပဲ ဝတ်ရမယ်။ ဗမာဝတ်စုံကို ခေတ်ဆန်ဆန်လှလှလေးတွေ ချုပ်ပေးမယ်"

"အဲဒါကရော ဘာအတွက်လဲ မေမေ"

"ရိုးသားချင်ယောင်ဆောင်ဖို့အတွက်"

"တစ်မျိုးပြီးတစ်မျိုး မရိုးရပါလား မေမေရယ်"





"လက်နက်ကြီးမှ ထိချက်ပြင်းမှာ သမီးလေး။ မေမေတို့က အားလုံးပြင်ဆင်ထားရမယ်"

"မေမေကလေ ဘရိန်းအရမ်းကောင်းတာပဲနော်။ သမီးကတော့လေ ဒီလိုထက်မြက်တဲ့ မေမေနဲ့ သားအမိဖြစ်ရလို့ ကျေနပ်တယ်"

"အေးပါအေ။ ညည်း မင်းကတော်ဖြစ်ရင်တော့ ဒီအမေကို မမေ့နဲ့ပေါ့"

"အိမ်ဦးခန်း တင်ထားမှာပါ မေမေ့ရဲ့။ သမီးက မေမေ့လောက် မလည်တော့ မေမေ့နားက ခွဲပြီးနေလို့ မဖြစ်ဘူး။ မေမေရှိမှ ဖြစ်မှာ"

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလုံးနာမည်က နီနီထွန်း။ အဲဒါကို ရဲထွန်းဆိုပြီး ပြောင်းထားသည်။ သူ့ကို ကိုရဲလို့ ခေါ်ရင်လည်း သိပ်ကြိုက်။

အခု ကိုရဲရဲ့ဆိုင်ကို မိန်မလည်သားအမိနှစ်ယောက်ရောက်နေပြီ။ မိခင်ဖြစ်တဲ့ လည်လည်ခင်က ဟောဒ့ရှော့ အလန်းဇယား။ နွံ့ဆိုးကတော့ မြန်မာဝတ်စုံနဲ့။ ယောက်ျားလုံးကို တိုက်စစ်ဆင်ဖို့ အသင့်အနေအထားပေါ့။ ဆံပင်ရှည်တွေကို ရင်ဘတ်ပေါ် ချထားသည်။

နွံ့ဆိုးက ရတီကို နားကပ်တစ်ရံကို သေချာကြည့်နေသည်။ ဟိုဟာကြည့်လိုက်၊ ဒီဟာကြည့်လိုက်နဲ့ အချိန်ဆွဲကာ ယောက်ျားလုံး သတိထားမိအောင် လုပ်နေတာပေါ့။ ယောက်ျားလုံးက ညှေ့သည်တစ်ယောက်နဲ့ စကားပြောနေသည်။ သူမတို့ကို တွေ့ပုံမရသေး။





"မေမေရယ် ... သမီး ဒါလေးပဲလိုချင်တယ်"

သူ့အမေကို ခပ်တိုးတိုး ကပ်ပြောသည်။ ဒေါ်လည်လည်ခင်က ယောက်ျားလုံး ကြားသာရုံ လေသံကျယ်ဖြင့် ...

"ရတီကိုက်ကို မေမေ မဝယ်ပေးနိုင်ပါဘူး သမီးရယ်။ မေမေ့မှာ အဲလောက် မပါဘူးလေ"

"ဒါဆိုလည်း နောက်နေ့မှ လာဝယ်မယ်လေ"

"နောက်နေ့မှ လာဝယ်လည်း ဒီလောက်ဈေးရှိတဲ့ဟာ မဝယ်ပေးနိုင်ပါဘူး သမီးရယ်။ မေမေ ပါတာလေးနဲ့ လောက်အောင်ပဲ ဝယ်လိုက်ပါကွယ်"

ယောက်ျားလုံး ကိုရဲထွန်းက သူမတို့သားအမိကို သတိထားမိသွားပြီ။ နွံ့ဆိုးကို ကြည့်နေသည်။ နွံ့ဆိုးက မအေကို ဘာမှထပ်မပြောတော့ဘဲ မျက်နှာလေး ညှိုးနေသည်။ ညှိုးတာတောင် လှအောင်ညှိုးပြတာနော်။ လှလှလေးနဲ့ မျက်နှာညှိုးနေအောင် မှန်ရှေ့မှာ အထပ်ထပ် လေ့ကျင့်ခဲ့ပြီးသား။

တကယ်ဆို သူမတို့မှာ ရတီကိုက်နားကပ်ရဲ့ တစ်ဝက်စာလောက်ပဲ ပိုက်ဆံပါသည်။ ငါးမူးကိုက်နားကပ်ဖိုးလောက်ပဲ ပါသည်။ တမင် ယောက်ျားလုံးကိုချူဖို့ အကွက်ခင်းတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နွဲ့ဆိုးရဲ့ ရွှေဖော့ဖယောင်း လက်ချောင်းကလေးတွေက ရတီကိုက်နားကပ်ကို လက်ကမချ။ မျက်လုံးအကြည့်တွေကလည်းမခွာ။ အရမ်းလိုချင်နေတဲ့ ပုံစံမျိုးပေါ့။ အကယ်ဒမီမင်းသမီးတွေ အရှုံးပေးရမယ့် အိုက်တင်မျိုး။

ဒေါ်လည်လည်က တခြား တန်ဖိုးနည်း ဈေးသင့်တဲ့ နားကပ်တွေကိုကြည့်ကာ ...

"ဒါလေးတွေလည်း လှပါတယ် သမီးရဲ့။ ဒီမှာ ကြည့်စမ်း။ ဒီ channel ပုံလေးရော။ LV ပုံလေးလည်း လှသား။ လှုငယ်ဆိုတော့ ဒီလိုအဆင်လေးတွေက ပိုမလှဘူးလား"

"ဟင့်အင်း ... အဲဒါတွေကို မကြိုက်ပါဘူး မေမေရယ်။ ကလေးကလားနဲ့။ သမီးက တစ်လုံးထိုးပဲ လိုချင်တာ"

"သမီးရယ် ညည်းကလည်း တစ်လုံးထိုးက ကောင်းပေမယ့် ပုံတုံးပါတယ်။ ဒီဟာလေးတွေကမှ ခေတ်ဆန်ဆန်လေးနဲ့ လှတာ။ ညည်းကလည်း လှုငယ်ဆန်ဆန်လေးပဲ ဝတ်ပါ"

"နေပါစေတော့ မေမေရယ်။ သမီး ကြိုက်တာမရရင်တော့ မလိုချင်တော့ဘူး။ ပြန်တော့မယ်"





"ဟယ် ... ဒီကလေးတော့ မအေကို စိတ်မကောင်းအောင် လုပ်ပြန်ပြီ။ ဒီလိုလုပ်။ အခု မေမေ ပိုက်ဆံပါသလောက်လေးပဲ ဝယ်လိုက်လေ။ နောက်တော့ သမီးကြိုက်တာလေးနဲ့ ပြန်လဲပေးမယ်။ ဘယ်လိုလဲ"

"နေပါစေ မယူတော့ဘူး"

"နွဲ့ဆိုးတို့ကတော့လေ။ ဒါဆို ဒါမှ၊ မဝယ်ပေးနိုင်တဲ့ မအေကို စိတ်ဆင်းရဲအောင်လုပ်တယ်"

ယောက်ျားလုံး အနားရောက်လာသည်။

"အစ်မတို့ ဘာအခက်အခဲ ရှိလို့လဲဗျ"

"ဪ ... မဟုတ်ပါဘူး။ ဒီလိုလေ။ သမီးက ရတီကိုက်နားကပ်ကို ကြိုက်နေလို့။ ကျွန်မကလည်း လတ်တလောမဝယ်ပေးနိုင်သေးဘူး ဖြစ်နေလို့လေ။ ပါတာလေးနဲ့ရတဲ့ဟာလေး ယူပါဆိုတာကို ရတီကိုက်မှ ရတီကိုက် ဖြစ်နေလို့၊ အဟင်း ... မအေပဲ မတတ်နိုင်လို့ပါ။ တတ်နိုင်လို့ကတော့ ကိုယ့်သမီးလေးကို စိန်တောင်စီထားပစ်လိုက်ချင်တာပါ။ ကဲ ... သမီး၊ မယူရင်လည်း ပြန်ရအောင်"

နွဲ့ဆိုးက နားကပ်ကို အသာလေး ပြန်ချသည်။ မျက်နှာက မဲ့တဲ့တဲ့နဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မက ဘယ်လောက်ပါလို့လဲ"

"ကျွန်မက သုံးဆယ်လောက်ပဲပါတာ။ ရတီကိုက်ကခြောက်ဆယ်ဆိုတော့ နှစ်ဆလောက် ဖြစ်နေတာလေ။ မအေက ဝတ်စေချင်လို့ ရှိတာလေးနဲ့ လာဝယ်ပေးတာကို ကြေးများနေတာ။ သွားလိုက်ဦးမယ်နော်"

ယောကျ်ားလုံး ကိုရဲရဲ့မျက်နှာက တစ်မျိုးဖြစ်သွားသည်။ ဘာမှတော့ မပြော။

နွဲ့ဆိုးက ...

"ဒီဟာလေးကိုလေ တစ်ဖက်လောက် ဝတ်ကြည့်လို့ရမလားဟင်။ လိုက်,မလိုက် ဝတ်ကြည့်ချင်လို့"

ယောကျ်ားလုံးကို တည့်တည့်စိုက်ကြည့်ကာ ပြောလိုက်သည်။

"ရပါတယ် ဝတ်ကြည့်ပါ။ တစ်ဖက်မဟုတ်ဘူး။ နှစ်ဖက်လုံး ဝတ်ကြည့်ပါ။ လာလေ ... ကျွန်တော် ဝတ်ပေးမယ်"

နွဲ့ဆိုးကို ကိုယ်တိုင်ဝတ်ပေးသည်။ နွဲ့ဆိုးဆီက Channel ရေမွှေးနံ့ကြောင့်လား။ နွဲ့ဆိုးရဲ့ နားကလေးကပဲ ဖြူနေလို့လား မသိ။ ကိုရဲ ရင်တွေခုန်နေသည်။ ရက်ရက်စက်စက် လှတဲ့ နုနုနယ်နယ် ကောင်မလေး။





နားကပ်က နွဲ့ဆိုးနားလှလှလေးပေါ်မှာ အရမ်းကိုလှနေသည်။ ကိုရဲ ငေးသွားသည်။

"လှလိုက်တာ၊ နွဲ့ဆိုး ကြိုက်လိုက်တာ အစ်ကိုရယ်။ မေမေ့ လှတယ်နော်"

"လှတာတော့ လှတာပေါ့ သမီးရယ်"

"ဟုတ်တယ်၊ နားကပ်က အရမ်းလှနေတယ်။ ဒီကညီမကလည်း အရမ်းလှနေတော့ အလှပေါ် အလှဆင့်သွားတာပေါ့။ ဒီကညီမ ကြော်ငြာတွေ ဘာတွေရိုက်ဖို့ အစီအစဉ်မရှိဘူးလား"

"ရှင်"

"သြော် ... ကိုယ်တို့ဆိုင် ကြော်ငြာလေး အပ်ချင်လို့ပါ"

"ဟင့်အင်း ... မရှိပါဘူး။ နွဲ့ဆိုးကို လူသိတာ မကြိုက်ဘူး"

"ဟုတ်တယ် ကိုရဲရေ၊ ဒီကသမီးကတော့ ရီးလွန်းလို့တုံးနေပြီ တကယ်။ အဲဒါ မော်ဒယ်လ်သင်တန်း တက်ပြီးသား။ သင်တန်းတက်ပြီးမှ မော်ဒယ်လ်မလုပ်ချင်ဘူးတဲ့လေ။ အစ်မမှာ ပိုက်ဆံကုန်တာပဲ အဖတ်တင်တယ်။

www.burmeseclassic.com



ပေါ်ပြူလာ မဖြစ်ချင်လို့တဲ့။ တချို့တွေများ ပေါ်ပြူလာ ဖြစ်ချင်လွန်းလို့။ သူ့မှာတော့ ...”

“သမီးက အေးအေးဆေးဆေးပဲ နေချင်လို့ပါ”

“အဲဒါသာကြည့်တော့။ ဝတ်တာတောင် မြန်မာဝတ်စုံပဲ ကြိုက်တယ်ဆိုလို့ မအေက မြန်မာဝတ်စုံကို ခပ်လန်းလန်း ဖြစ်အောင် ချုပ်ပေးထားရတယ်။ ဒီမအေက ဟော့ရှော့။ သူက တောသူမ”

“မြန်မာဆန်တာပါ အစ်မရဲ့။ ဒီလိုလုပ်လေ။ ညီမလေး အစ်ကို့ဆိုင်ကြော်ငြာလေး ရိုက်ပေးပါလား။ ဒါဆို ညီမလေးကြိုက်တဲ့နားကပ်လည်း ဝယ်နိုင်သွားတာပေါ့”

နွဲ့ဆိုး နည်းနည်းငြိမ်ကာ စဉ်းစားသလို လုပ်နေသည်။ နားကပ်ဆီမှာလည်း အကြည့်တဝဲဝဲပေါ့လေ။

✧ ✤ ✧





စဉ်းစားလိုက်ဦးမယ်ဟု ဆိုကာ ပြန်လာခဲ့လိုက်သည်။ ကိုရဲက သူ့ဖုန်းနံပါတ် ပေးလိုက်သည်။ သူမတို့ဖုန်းနံပါတ်လည်း ပေးလိုက်၏။

အိမ်ရောက်တာနဲ့ သားအမိနှစ်ယောက် ခေါင်းချင်းဆိုင် ဆွေးနွေးကြသည်။

“မေမေ ဘယ်လိုလုပ်ပြမလဲ”

“ဘယ်လိုလုပ်ရမလဲ။ ဒါ အခွင့်အရေးပဲ။ ကြော်ငြာရိုက်ကြေးလည်းရမယ်။ သူ့နားလည်း တန်းရောက်သွားတာပေါ့”

“ဟင်း ... ဒါပေမဲ့ သူက သမီးတို့ ထင်သလို အောက်ကြေးနဲ့ နားကပ်ကို မရောင်းပေးဘူးနော် မေမေ။ ကြည့်လည်းလုပ်ဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ စစချင်း အလှူလုပ်သလို ရော့ ... အင့် ဆို ပြီး ဘယ်ပေးမှာတုန်း သမီးရယ်။ ဒါပေမဲ့ သူ စိတ်မဝင် စားရင် ဘယ်ကမ်းလှမ်းမှာလဲ။ ဒါပေမဲ့ သူကလည်း စိန် တိုက်ပိုင်ရှင်လေ သမီးရဲ့။ ခေသူမှ မဟုတ်တာ။ လွယ် လွယ်နဲ့တော့ ဘယ်ရမလဲ။ လည်လို့ စိန်တိုက်ကြီးတောင် ပိုင်နေပြီ။ ဟင်း ... ဒါပေမဲ့ မေမေတို့အကွက်ထဲဝင် အောင်တော့ ဖမ်းရမှာပဲ။ ပွဲဦးထွက်ကို အောင်မြင်မှဖြစ် မှာ။ အင်း ... စစချင်း ယောက်ျားရင့်မကြီးတွေနဲ့ ပွဲမစရ ရတာပဲ တော်သေးတယ် သမီး။ မေမေတို့က ဂျင်တွေ ကြားထဲမှာ လှုပ်ရှားရမှာ။ ဂျင်ပေါက ထုံးလို လှစ်လှစ် ကလေးနေမှ ရမှာပေါ့ သမီးရဲ့။ ဖျံနှုတ်ခမ်းမွေးလို ဖျံထက် အမြဲ ရှေ့ကိုကြိုရောက်နေရမယ်"

"ဂျင်ပေါက ထုံးကတော့ ဟုတ်ပါတယ်။ ဖျံနှုတ်ခမ်းမွေး ဆိုတာကို နားမလည်ဘူး မေမေ"

"ဖျံတွေ ဘယ်ပဲသွားသွား ဘယ်လောက်ပဲ ရှေ့ကိုပြေးပြေး သူ့ရှေ့မှာ သူ့နှုတ်ခမ်းမွေးကတော့ အမြဲရှေ့ရောက်နေတာ။ သူ့နှုတ်ခမ်းမွေးကို ဘယ်တော့မှ ကျော်လို့မရဘူးလေ။





ဟင်း ဟင်း ... ဖျံထက် ဖျံရဲ့နှုတ်ခမ်းမွေးက ပိုသာပါ တယ် ... ဟင်း ဟင်း"

"ကွင်းကွင်းကွက်ကွက်ကို မြင်သွားပါပြီ မေမေ၊ ဟင်း ဟင်း"

"ငါတို့က ကျားတွေနဲ့ကစားရမှာ မဟုတ်ဘူး။ ကျားထက် လည်တဲ့ ကျားသစ်တွေနဲ့ကစားရမှာ။ ကျားသစ်စာမမိအောင် ကိုယ်က အမြဲတစ်လှမ်းသာနေမှ ဖြစ်မှာနော် သမီး"

"စိတ်ချပါ မေမေ။ အခု ဘာဆက်လုပ်ရမလဲ မေမေ"

"ကြော်ငြာရိုက်မယ်"

"မေမေပဲ အနုပညာလောကထဲဝင်ရင် ဈေးကျမှာစိုးလို့ အပြင်မှာပဲ ဂုဏ်သရေရှိရှိ လုပ်မယ်ဆို"

"ဟင်း ဟင်း ... ဒီတစ်ခါပဲ ရိုက်မှာပါ။ ဒါတောင် ခါတ်ပုံကြော်ငြာပဲ ရိုက်ရမှာ။ Stay ပုံပဲပေါ့။ ရုပ်မြင်သံ ကြားကြော်ငြာမျိုးတော့ မလုပ်နိုင်ဘူးပေါ့ သမီးရဲ့"

"ဟုတ်တယ်နော်"

"ခပ်ပါးပါးပေါ့ သမီးရယ်။ အနုပညာလောကထဲကို တော့ လုံးဝမသွားနိုင်ဘူး။ ဟင်း ဟင်း ... ဈေးကျလို့။

www.burmeseclassic.com



မင်းသမီးဆိုရင် ဟိုလူကထိချင် ဒီလူက စမ်းချင်နဲ့ လူတကာ လူတိုင်းမက်နေကြ အိပ်မက်ကြီးပဲ ဖြစ်နေမှာပေါ့။ ပြီးတော့ တစ်ရာမှာ တစ်ယောက် ကောင်းစားဖို့လည်း မလွယ်ဘူး။ ဒီတော့ အမေတို့ကတော့ အပြင်ကပဲ လှုပ်ရှားရမယ်"

"ဟုတ် ... မေမေပဲ စီစဉ်ပါ။ စကားပြောတာလည်း မေမေပဲ ပြောပေး"

"စိတ်ချစမ်းပါ သမီးရယ်။ ဒေါ်လည်လည်ခင်ပါ။ သူများတွေကို နှာတစ်ဖျားအသာနဲ့ ပွဲစားလုပ်စားလာတာ အံ့တိုနေပြီ။ ဟင်း ဟင်း ... ဒီလိုပွဲကြီးကြီးတွေ ကစားချင်လို့ ကြိုတင်ပြင်ဆင်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ယောကျ်ားလုံးဆိုတော့ အလုံးလည်းမလျော့ဘူး။ အရပ်လည်းမလျော့ဘူး။ အရင်းစိုက်စရာလည်း မလိုဘဲ အသားတင်မြတ်မှာ။ မေမေတို့ ပွဲစားစကားနဲ့ ဆိုရင် ပွဲလှတယ် သမီးရေ"

"ရတီကိုက် နားကပ်တောင် သေးသွားလား မသိဘူး မေမေရေ"





"ဟင်း ဟင်း ... သမီးရယ်၊ လက်စွပ်၊ လော့ကတ် သမီးအစွမ်းအစရှိရင် ရှိသလောက် ရနိုင်တဲ့ လမ်းကြောင်းပေါ်ရောက်နေမှ ဘာများလိုသေးလို့လဲ သမီးရယ်"

"မေမေ မုန့်ဆီကြော်ကတော့ ဘယ်ဆီနေမှန်း မသိဘူးပေါ့နော်။ သမီးကတော့ စိတ်ကူးထဲမှာ တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်ပြီ"

"ဟင်းဟင်း ... အင်ထရိုကတော့ မေမေ ဝင်ပေးမှာပါ။ နောက်ပိုင်းဇာတ်ကတော့ သမီး ဆက်ကရမှာနော်"

"စိတ်ချ၊ သမီး ဆက်ကလည်း အကဲယ်ဒမီရှော့ခ်စေရမယ်"

"ဟင်း ... လည်လည်ခင်ရဲ့ စိတ်ကူးယဉ်အိပ်မက်ကြီး အကောင်အထည်ပေါ်လာပြီပေါ့နော်။ ချမ်းသာရချည်သေးရဲ့"

သားအမိနှစ်ယောက် စိတ်ကူးကိုယ်စီနဲ့ ရှုးသွပ်နေကြသည်။ အသိတရား ကင်းမဲ့တဲ့သူတွေဟာ ကောင်းတာလုပ်ဖို့ဆို နေ့ရွှေ့၊ ညရွှေ့နဲ့ အီလေးဆွဲသလောက် မကောင်းမှုလုပ်ဖို့ဆို အင်မတန် တက်ကြွတတ်ကြသတဲ့။

✧ ♣ ✧



www.burmeseclassic.com

www.burmeseclassic.com



စိန်တိုက်ကြော်ငြာအတွက် ဓာတ်ပုံရိုက်ပေးဖြစ်သည်။ ဓာတ်ပုံရိုက်တာတောင် သူများတွေလို ဂါဝန်တွေ၊ ရင်ပေါ်ကျောပေါ်တွေနှင့် ရိုက်တာမဟုတ်ဘဲ မြန်မာဝတ်စုံဝတ်ကာ မြန်မာဆန်ဆန် ရိုက်တာပါ။ နွဲ့ဆိုးက မြန်မာဝတ်စုံကလွဲ၍ မဝတ်နိုင်ပါဆိုတာကို ကိုရဲက လိုက်လျောသည်။ ကြော်ငြာရိုက်ခအတွက် နွဲ့ဆိုး သိပ်ကြိုက်တဲ့ ရတီကိုက်နားကပ်တစ်ရံအပြင် ရတီကိုက်လက်စွပ်တစ်ကွင်းပါ ပေးသေးသည်။

ဓာတ်ပုံကြော်ငြာလေး ရိုက်ပေးရုံနဲ့ သိန်းရာနဲ့ချီတန်သော နားကပ်နဲ့ လက်စွပ်ကို ရလိုက်သည်။ ကိုရဲနဲ့ နွဲ့ဆိုးလည်း ခင်သွားပါသည်။

နွဲ့ဆိုးရဲ့ အပြောအဆို ညက်ညောမှုကြောင့် ကိုရဲသာယာနေသည်။ နွဲ့ဆိုးက ကိုရဲကို "ကို"လို့ ခေါ်တာကိုလည်း ရေလည်ကြွေနေသည်။





"ကို့,လို့ ခေါ်မယ်နော်"

"ခေါ်ပါ နွဲ့ဆိုး။ ရပါတယ်"

"ကိုက အရမ်းတော်တယ်နော်။ ဒီလို စိန်တိုက်ကြီးတစ်ခုတောင်ပိုင်အောင် လုပ်နိုင်တယ်။ နွဲ့ဆိုးကတော့လေ ပျင်းတယ်ပဲပြောပြော အဖြစ်မရှိဘူးပဲပြောပြော စီးပွားရေးကိုသိပ်စိတ်မဝင်စားဘူး။ မေမေက တော်လို့သာ ခုလောက်ကလေး လူလိုသူလို နေနိုင်တာ"

"ဒါဆို နွဲ့ဆိုးက ဘာဝါသနာပါလဲ"

"လှလှလေး နေရတာပဲ ဝါသနာပါတယ်"

"ဖြစ်ရလေ"

"အဲဒါကြောင့် ပြောတာ နွဲ့ဆိုးက အသုံးမကျပါဘူးဆို။ အသုံးသာမကျတာနော်၊ ဒီလို စိန်တိုက်ကြီးရဲ့ ကောင်တာမှာတော့ ပိုင်ရှင်လို ခန့်ခန့်ကြီး ထိုင်ချင်သား ... အဟင်း"

"ထိုင်ချင် လာထိုင်ပေါ့။ အားတဲ့နေ့ လာခဲ့"

"ကိုယ့်ဆိုင်မှ မဟုတ်တာ။ လာထိုင်တော့လည်း ဘာဖီးလ်ရှိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... အပြောကောင်း။ လာထိုင်လေ။ လှလှလေး ပြင်ပြီး လာထိုင်ပေးရုံနဲ့ လစာပေးမယ်"

"ဒီက ကို့ကို အစ်ကိုလို သဘောထားတာ။ လူကို လစာ ပေးပြီး ဝန်ထမ်းခန့်မယ်ပေါ့လေ"

"နွဲ့ဆိုးသာ လှလှလေး လာထိုင်ပေးရင် ကိုယ့်ဆိုင်လည်း ရောင်းအားတက်မှာ သေချာတယ်လေ။ ကူညီပါလား"

"ဟင်း ... အလုပြစားချင်မှတော့ ခုလောက်ဆို မင်းသမီး ဖြစ်နေပြီ။ နွဲ့ဆိုး ခင်တတ်တာကို အခွင့်ကောင်းယူပြီး မစော်ကားနဲ့"

"ဟာ ... အဲလိုပြောတာ မဟုတ်ပါဘူး။ ကိုက စတာပါ၊ နွဲ့ဆိုးရဲ့ အနေအထိုင်ကို ကို သိနေတာပဲ၊ တမင်စတာပါ ကွာ"

"ဟင်း"

ထိုနေ့ကစပြီး နွဲ့ဆိုး စိတ်ကောက်ပါတော့သည်။ ကိုရဲလည်း သူလွန်သွားမှန်း သိတော့ အတင်းလိုက်ချော့သည်။ နွဲ့ဆိုးက စိတ်ကောက်မပြေ။ ဒေါ်လည်လည်ခင် ကြားဝင်ရ တော့သည်။





"ကိုရဲရေ ... သူက ဒီလိုပဲ။ သူ့သိက္ခာတရားကိုထိရင် မရ ဘူး"

"အစ်မရယ် ... ကျွန်တော်ကလည်း လွန်သွားတာ။ သူ့ အကြောင်း သိရဲ့သားနဲ့"

"အဲဒါ ပြောတာပေါ့။ ဘာမှ စိတ်မပူနဲ့။ အစ်မသမီးကို ဖျောင်းဖျပေးပါမယ်။ သူ့ခမျာ ကိုရဲကို လေးစားအားကျ နေတာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်တဲ့ စီးပွားရေး သမားဆိုပြီး။ သမီးက တော်တန်ရုံလူကို အထင်ကြီးတတ် တာ မဟုတ်။ သူ အထင်ကြီးနေတာကို ကိုရဲက အဲလို ဆက်ဆံလိုက်တော့ တော်တော်စိတ်မကောင်း ဖြစ်သွားပုံပဲ"

ဒီလိုနဲ့ စိတ်ကောက်ပြေအောင် လော့ကတ်အသေး တစ်ခုနဲ့ ချော့လိုက်ရတော့သည်။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ဒေါ်လည်လည်ခင်တို့ သားအမိတွေ ကိုရဲပိုင်သော ကွန်ဒိုအခန်းလွတ်တစ်ခုပေါ်ကို ရောက်သွားတော့သည်။ အပိုင်ပေးတာတော့ မဟုတ်ပါ။ ပေးနေတာပါ။

နွဲ့ဆိုးက ကွန်ဒိုနဲ့ နေဖူးချင်တယ်ဆို၍ သူ့ကွန်ဒို အခန်းလေးမှာ ပေးနေတာ။ အပိုင်တော့ မရ။

"နွဲ့ဆိုးရေ ... အပိုင်ရမှ တန်တာလေ။ ခဏနေရတာ တော့ ဘာလုပ်မှာလဲ သမီးရယ်"

"အမယ်လေး ... အဲဒီယောက်ျားလုံးက လည်တယ် မေမေရေ။ သူ့ဆီကကျဖို့ကို လျှာအမြှုပ်ထွက်ခမန်း ပြောရတာ၊ ပြီးတော့ ယောက်ျားလုံးသာဆိုတာ အသားက ယူချင်သေး။ ဟိုကိုင် ဒီကိုင်နဲ့"

"ကိုင်လို့မရအောင် မေမေက အနားက မခွာတာပေါ့"





"အဲဒါတောင် ပြောသေးတယ်။ မေမေ့ကို ဘွားတော်ကြီး က ကပ်ရှပ်နေတာပဲတဲ့။ နည်းနည်းပါးပါး ရှောင်မပေး ဘူးတဲ့။ နွဲ့ဆိုးကလည်း ဣန္ဒြေရရနေတာပဲ၊ ကြိုက်တယ် ဘာညာနဲ့ လုပ်ထားရတာ မေမေရေ"

"သူတို့ရောဂါကလည်း အဆန်းဟဲ့နော်"

သားအမိနှစ်ယောက် ကိုရဲဆီက တတိတိ ခွာထားတဲ့ စိန်ထည်တွေကိုကြည့်ကာ ပီတိဖြာနေပြသည်။

"သမီးရေ ... သင်းကိုတော့ အများကြီးခွာလို့ရမှာ မဟုတ်ဘူး။ ယောက်ျားလုံးဆိုတော့ ယူလို့လည်း မရ။ မပိုင်ဝက် မွေးကြီးဆိုတော့ သိပ်စိတ်ဝင်စားစရာမကောင်းဘူး။ အခု သမီးကိုပေးနေတာလည်း သေးသေးမွှားမွှား အဖျားအနား လေးတွေပါအေ။ ဒီတော့ သူ့ကို ဒီတိုင်း ဆက်မျှောထား ပြီး နောက်ထပ် ခွင်ကြီးကြီးတစ်ခု ရှာကြစို့"

"မေမေ့သဘော"

"လိမ္မာလိုက်တဲ့ သမီးလေး။ ပိုးထောင်ရကျိုးနပ်လိုက်တာ။ မွေးရကျိုးနပ်လိုက်တာ။ မိဘစကား နားထောင်လို့ကတော့ ဘယ်တော့မှ ဒုက္ခမရောက်ဘူး သမီးရေ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအမိချင်းတော့ စည်းဝါးကိုက်ကိုက်နေတာပဲ။ တကယ်ကို အသွင်တူတဲ့ သားအမိ နှစ်ယောက်ပါ။

မိဘဆိုတာ သားသမီးကို ကောင်းတဲ့ဘက်ကိုဆွဲယူ လမ်းညွှန်သင်ပြပေးရမှာပါ။ ခုတော့ မိဘကိုယ်တိုင်က အဝိဇ္ဇာ အမှောင်ဖုံးကာ သားသမီးကိုလည်း မကောင်းတာတွေ သင်ပေးပြီး မိဘစကား နားထောင်ရင် ကောင်းစားမယ်ဆိုတဲ့ စကားလုံးကို သုံးတော့။

ရည်ရွယ်ချက်ရှိရှိနဲ့ကို ငယ်ငယ်ကတည်းက ပုံသွင်းခံခဲ့ရတဲ့ ခင်နွဲ့ဆိုး ဘဝက သနားစရာပါ။ ဒီအမေကိုပဲ သူ့မဘဝရဲ့ သူ့ရဲကောင်းထင်ခဲ့တာ။ ဗုဒ္ဓဘာသာဟုသာ အမည်ခံထားတာ တရားကောင်း တရားမြတ် တစ်ပုဒ်တောင် နားမထောင်ဘူးတဲ့ သူမတို့သားအမိဘဝက ဘဝကန်းနေသူတွေလို့ပဲ ဆိုရမှာပါ။ ကိလေသာ အမှောင်တိုက်ထဲက တစ်ဘဝစာ ချမ်းသာမှုနောက် ကောက်ကောက်ပါအောင် လိုက်နေကြတာ။ ဒီဘဝမှာ လူတွေ သတ်မှတ်ထားတဲ့ ဥပဒေနဲ့ကင်းလွတ်ပေမယ့် သံသရာဥပဒေနဲ့တော့ မကင်းလွှတ်နိုင်ပါဘူး။





တရားဥပဒေဘောင်တွင်းမှာ မကောင်းမှုပြုနေတာမို့ လူတွေ သတ်မှတ်ထားတဲ့ ထောင်တန်းတွေ မကျနိုင်ပေမယ့် သံသရာထောင်ဖြစ်တဲ့ ဝဋ်ကြွေးတွေက ဘဝဆက်တိုင်း ကပ်ပါနေကာ ဆပ်လို့မကုန်နိုင် ဖြစ်နေမှာပါ။

ဘဝသံသရာ ဆိုတာက ကိုယ်တိုင် လမ်းဖောက်ပြီး ဖောက်ထွက်မှ အားသွန်ခွန်စိုက် ကြိုးစားဖောက်ထွက်မှ လွတ်မြောက်တာပါ။ မလွတ်သေးရင်တောင်မှ သံသရာတစ်လျှောက် အပ္ပာယ်လေးဘုံမှ လွတ်အောင် မနည်းကြိုးစားအားထုတ်ရမှာလေ။ ဒါကို သူတို့သားသားအမိ နားမလည်ရှာဘူး။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် သားကောင်တစ်ဦး။

ဒေါ်လည်လည်ခင်က သားကောင်ရွေးချယ်ရာမှာ အိမ်ထောင်ရှိသူ၊ မုဆိုးဖို၊ တစ်ခုလပ်ဆိုရင် မရွေးဘဲ ပယ်ပစ်လိုက်ပါသည်။ သူမက လူပျိုလွတ်လွတ်လပ်လပ်တွေကိုပဲ သားကောင်အဖြစ် ရွေးသည်။ အဲဒါမှ တစ်ခုခု ချွတ်ချော်သွားရင် သူ့သမီးကို လက်ထပ်ခိုင်းလို့ ရမှာလေ။

လူပျိုဆိုသည့် နေရာမှာလည်း လူပျိုကြီးတွေကိုပဲ ရွေးချယ်ပါသည်။ လူပျိုလေးတွေကိုမရွေး။

လူပျိုကြီးမှာတောင် တချို့လူပျိုကြီးတွေက မရလို့ လူပျိုကြီးလုပ်တာ မဟုတ်ဘဲ မလိုချင်လို့ လူလည်ကျပြီး လူပျိုကြီးလုပ်နေကြတာ။ ထိုသို့သော သူမျိုးဆိုရင်လည်း ရှောင်ပါသည်။





ဒီတော့ ပုံပျက်ပန်းပျက်၊ ပုံဆိုးပန်းဆိုး၊ ဘုတ်ထိုင်းဗိုက်ရွှဲနဲ့ အူလည်လည် လူပျိုကြီးမျိုး။ အထူးသဖြင့် မိန်းမတွေနဲ့ ကင်းရှင်းသော ခပ်အေးအေး လူပျိုကြီးတွေကို အဓိကပစ်မှတ်ထားသည်။

ချမ်းသာသော လူပျိုကြီးတစ်ယောက်ကို ရှာရတာ သိပ်တော့မလွယ်ပါ။ ဒီခေတ်က ရွှေခေတ် ငွေခေတ်ကိုး။ သွားမပါရင်နေပစေဆိုတဲ့ ခေတ်မှာ ပိုက်ဆံချမ်းသာသော လူပျိုကြီးဆိုတာလည်း တကယ့်ရှားမှုပစ္စည်းတွေ။ ရှိတော့ ရှိပါသည်။ ဒါပေမဲ့ ဆယ်ယောက်ရှိရင် ရှစ်ယောက်လောက်က လူလည်ကျပြီး မိန်းမအတည်မယူတတ်တဲ့ လူပျိုကြီးတွေလေ။

ဒီတော့ ကုန်ကြမ်းတော့ တော်တော်ရှားတယ်လို့ ပြောရမှာပါ။ ဒါပေမဲ့လည်း တစ်ခွင်ဆိုရင် ဆိုသလောက် အချိုးကြီးမိမှာ။ ဒါပေမဲ့ သမီးကညာ အခါမလင့်စေနှင့် ဆိုသည့်စကားသည်း ရှိတာမို့ အချိန်မီ အခါမီ ရှာဖွေရပါသည်။ ကိုယ့်သမီးလေး နတ်တုန်း လှတုန်း စွဲမက်စရာကောင်းတုန်း ဈေးကောင်းရအောင် ဈေးကွက်ရှာရမှာလေ။ ဈေးပေါင်ကျိုးချိန်ရောက်မှ ရသလောက်ဈေးနှင့် ချရောင်းရတာမျိုး အဖြစ်မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ မင်းဒီရဲ့သူဌေး ဦးချောမောင်မောင်သန့်ကို သဘောကျသွားပါသည်။ ဦးချောမောင်မောင်သန့် ရုပ်ဆိုးချက်က နှာမည်နဲ့ 110% ဆန့်ကျင်နေသည်။ ဦးချောမောင်မောင်သန့်နဲ့ ခင်နွဲ့ဆိုးကိုသာ ယှဉ်လိုက်ရင် မင်းကုသနဲ့ ပပဝတီတောင် အရှုံး ပေးရမလောက်ပင်။

ဦးချောမောင်မောင်သန့်က မိန်းမလုံးဝမယူဘူးဆိုသည့် အမျိုးအစားထဲမှာ မပါ။ ဒီတော့ ... ...။

✧ ✤ ✧

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၉/၁၁၊ လွှာ(၈)၊ ဓမ္မ စေတီလမ်း (ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





"ခင်နွဲ့ဆိုးရေ ... ဒီတစ်ခါ သမီး လှုပ်ရှားရမယ့် ပစ်မှတ်ကတော့ ဦးချောမောင်မောင်သန့်တဲ့"

"ဝါး ... နှာမည်ကတော့ စတားပဲ"

"ဟင်း ဟင်း ... လူကတော့ ဂန်ဖလားကြီးပါအေ"

"ဟင်း ... နည်းနည်းလေးတောင် သာယာနာပျော်ဖွယ် မရှိဘူးလား"

"သမီးတော့ မသိဘူး။ မေမေတောင်ခံစားလို့ မရဘူး"

"အဝွမ်းကြီးပေါ့"

"ဒါပေမဲ့ ချမ်းသာချက်ကတော့ မက်လောက်စရာ။ သမီး သာ တော်ကောက်ခံရရင် ဟိုမော်ဒယ်လ်မင်းသမီးပို လကမ္ဘာပေါ်ကို ဟန်းနီးမွန်းထွက်ပစ်လို့ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူတော့ မယူချင်ပါဘူး မေမေရယ်၊ တစ်သက်လုံးအတူနေရမှာ နည်းနည်းလောက်တော့ သာယာနာပျော်ဖွယ်ရှိစေချင်တာပေါ့"

"တွဲကြည့်ပါဦး သမီးရယ်။ ပပဝတီတောင် မင်းကုသနဲ့ ညားသေးတာပဲ။ သမီးက သူဌေးကတော်ဖြစ်ဖို့ ဖူးစာပါရင်ပါမှာ"

"မေမေနော် ... မေမေကျတော့ အရမ်းချောပြီး ယောက်ျားပီသတဲ့ ဖေဖေနဲ့ လက်ထပ်ခဲ့ပြီးတော့"

"အဲဒါကြောင့် မေမေ ခုလို ပိုက်ဆံရှာနေရတာပေါ့ သမီး။ မေမေသာ သူ့ရုပ်ကိုမမက်ဘဲ ပွဲရုံပိုင်ရှင် ကိုဘခင်ကို ယူခဲ့ရင် ခုဆို အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင် သူဌေးမကြီး ဖြစ်နေလောက်ပြီ။ ကိုဘခင်က ခုဆို သိပ်ချမ်းသာနေတာ။ သူ့မိန်းမဆို စိန်တွေကို ညှတ်လို့"

ခင်နွဲ့ဆိုးက ပခုံးတွန့်လိုက်သည်။

"ကံတရားဆိုတာလည်း ရှိသေးတယ်လေ မေမေရယ်"

"ဒီမှာသမီး၊ ကံဆိုတာ လူကလုပ်တာ။ ဉာဏ်ကိုလွှာသုံးပြီး ဝီရိယရှိရှိ ကြိုးစားရင် မေမေတို့ ကံကောင်းမှာပဲ"





"မေမေ့သဘောပါ၊ မေမေ ကြိုက်သလိုလုပ်"

"ငါ့သမီးလေး လိမ္မာလို့ မေမေစိတ်ချမ်းသာလိုက်တာ သမီးရယ်။ ဒါဆို မေမေ ခွင်ဖန်လိုက်တော့မယ်"

အဲဒီနောက်မှာတော့ အောင်သွယ်တော် မင်္ဂလာပွဲစားဖြင့် ဦးချောမောင်မောင်သန့်ဆီသို့ ခင်နွဲ့ဆိုးရဲ့ဓာတ်ပုံတွေ အယ်လ်ဘမ်လိုက် ပို့ပေးလိုက်သည်။ မိတ်ကပ်လိမ်းထားတဲ့ပုံရော၊ သနပ်ခါးလေးပဲ လိမ်းထားတဲ့ပုံရော၊ အိမ်နေရင်းဝတ်စုံနဲ့ ပုံလေးတွေရော အစုံပို့ပေးလိုက်သည်။

မင်္ဂလာပွဲစား အိမ်ထောင်ဖက်ရှာပေးသည့် အောင်သွယ်တော် ဆိုတာကလည်း ပွဲစားပီပီ အောင်သွယ်ပီပီ ရောင်းချင်သည့်ပစ္စည်းကို ရွှန်းရွှန်းဝေအောင် ဖန်းတင်တတ်သည်လေ။

ခင်နွဲ့ဆိုး ချီးမွမ်းခန်းတွေ တစ်လှေကြီးနဲ့ နားသွင်းလိုက်သည်။

ဦးချောမောင်မောင်သန့် ဆိုတာကလည်း သိတဲ့အတိုင်း။ သူ့တပည့် မင်းဒီနဲ့ယှဉ်ပြီး မိန်းကလေးကိစ္စနဲ့ပတ်သက်ရင် ခံစားချက်ရှိသူ။ ပြီးတော့ သူ့ရုပ်ဆိုးကြီးနဲ့ ခင်နွဲ့ဆိုးကို ပပဝတီကို မကြွေဘဲ ရှိပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ကြင်ဖက်အကျိုးဆောင်မှတစ်ဆင့် ခင်နွဲ့ဆိုးကို သဘောကျကြောင်း ကမ်းလှမ်းသည်။

"ဦးချောမောင်ကို သူ့အမေက သဘောကျတာ"

"ဗျာ"

"ဩော် ... ဒီလိုပါ၊ သူ့အမေက သူ့သမီးအတွက်သဘော ကျတာပါ။ နွဲ့ဆိုးလေးကို မပြောရသေးဘူး။ နွဲ့ဆိုးလေးနဲ့ ပေးတွေ့မယ်လေ။ နွဲ့ဆိုး သဘောကျအောင် ကိုယ့်ဘာသာ ကြိုးစားပေါ့"

ပွဲစားစကားကြောင့် တွန့်သွားသည်။ ပပဝတီရှုံး အောင်လှတဲ့ ဒီလိုကောင်မလေးက သူ့ကို သဘောကျပါ့မလား။

"ခင်ဗျားကလည်း ပြတုန်းကတော့ပြပြီး မျက်နှာလွှဲခဲပစ် တော့ မလုပ်နဲ့လေဗျာ။ ခင်ဗျားတို့လည်း တွန်းပေးဦးမှ ပေါ့"

"တွန်းပေးမှာပေါ့။ ဒီက ပိုတောင်ပွဲဖြစ်စေချင်သေးတယ်။ လောလောဆယ် စရန်သပ်လိုက်။ ဒီကပြန်တာနဲ့ နားသွင်း ပေးမှာ။ ကောင်မလေးက သူ့အမေစကားတော့ နားထောင် တယ်၊ ခုတောင် ကျွန်မက သူ့အမေကြီးကို နားချခဲ့တာ။





သူ့သမီး လိုချင်ရင် သူ့အမေကိုလည်း ဖားပေါ့ရှင်"

"သမီးချော မွေးထားပေးတဲ့ ယောက္ခမကို လာဘ်ထိုးရမှာ ပေါ့"

"ဒါတော့ ဦးချောမောင်တို့ စီးပွားရေးသမားတွေ ပိုအကွက် မြင်မှာပါ။

"မြင်တယ် ... ကွင်းကွင်းကွက်ကွက်ကို မြင်တာ"

"ဘာကိုလဲ"

"ဩော် ... ဘာမှမဟုတ်ပါဘူး ဟဲ ဟဲ့ ဟဲ"

ဦး black pig ကြီး သဘောတွေ ကျနေတာ သွား ကြီးကိုဖြီးလို့။



www.burmeseclassic.com

www.burmeseclassic.com



ဘလက်ခ်ပစ်ဂ်ကြီး ဦးချောမောင်မောင်သန့် တစ်ယောက် ခင်နွဲ့ဆိုးကို အပြင်မှာတွေ့လိုက်ရတော့ ပိုပြီးအသည်းနိုက်သွားသည်။

ငယ်ရွယ်ပေမယ့် ချွဲနွဲ့မနေဘဲ တည်တည်လေးမို့ သူ့မှာ မနည်းအရှိန်သပ်ထားရသည်။

ပြီးတော့ ကောင်မလေးကို တစ်ယောက်တည်းလည်း တွေ့ခွင့်မရ။ သူမလေးရဲ့ အမေကြီးက ဘေးကမခွာ။

ပြီးတော့ ကောင်မလေးထက် သူမအမေကို ပိုပြီး ဖားရသည်။ ကြားထဲက အကျိုးဆောင်ပေးသည့်သူကလည်း —

"ဦးချောမောင်မောင်နော် ... အချောအလှ အငုံလေးကို လိုချင်ရင် ရင်းမှရမှာနော်။ ကပ်စေးနှဲမနေနဲ့ဦး"





စသဖြင့် ပိုသဖြင့် ဝယ်ခြမ်းသွားရသည်။ ပြီးတော့ ခင်နွဲ့ဆိုးနဲ့ ကိစ္စကို မင်းဒီကိုလည်း လုံးဝမပြောရဲ။ မင်းဒီ သိရင် ဖြတ်ခုတ်သွားမှာစိုးလို့ပါ။ မင်းဒီ ဆိုသည့်ကောင်က တော်တော် ဆော်ကြည်သည့် ကောင်လေ။ မိန်းမကိစ္စပြိုင်တာ ရှုံးပြီး လစာနှစ်ဆပေးလိုက်ရတည်းက တော်တော်မှတ်သွားတာ။

မင်းဒီ သိရင် သေချာပေါက် ဖြတ်ခုတ်မှာ။ သူ တောင် အောင်သွယ်တော် ကောင်းမှုကြောင့် ဒီလို အဖိုးတန် အမျိုးမှန်ကလေးနဲ့ တွေ့ရတာ။

"နွဲ့ဆိုးလေးရဲ့ သဘောထားလေးကို သိချင်လို့"

မျက်နှာမည်းကြီးနဲ့ ချိုနွဲ့နေပုံကြီးကို မပျို့မိအောင် စိတ်ထိန်းရင်း ...

"နွဲ့ဆိုးက မေမေ့သဘောပါပဲ။ မေမေ သင့်တော်လို့စီစဉ်ပေးရင် လက်ခံမှာပါ"

နွဲ့ဆိုးမှာ မြန်မြန် မေမေ့ဆီ လွှဲချလိုက်ရသည်။ ဒေါ်လည်လည်ခ်င်က နွဲ့ဆိုးသဘောကို ရိပ်မိကာ ပြုံးချင်တာကို ထိန်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဒီက ... အန်တီ ... အဲလေ။ အစ်မကြီးလို့ ခေါ်ရမလား။ အမှန်တော့ ကျွန်တော့်အသက်သာ ငယ်ရင် မေမေလို့ ခေါ်ပစ်ချင်တာ"

"အမယ်လေး ... မေမေလို့တော့ မခေါ်ပါနဲ့ရှင်။ ကျွန်မက ဦးချောမောင်မောင်သန့်နဲ့ ရွယ်တူလောက်ရှိတာကို။ ခေါ်ရခက်ရင် နာမည်ပဲခေါ်ပါ"

"ဟုတ်ကဲ့ ... ဟုတ် ... ဒေါ်လည်လည်"

"ကျွန်မသမီးကတော့ မအေတစ်ခွန်းဆို တစ်ခွန်းပါပဲ။ ကျွန်မကတော့ ရှင်းရှင်းပြောရရင် ကိုယ့်သမီးလေး ဆင်စီးပြီး မြင်းရံမယ့် မင်္ဂလာဆိုတော့ သဘောကျပါတယ်"

"ဝမ်းသာ ..."

"နေဦး ... ကျွန်မစကား မဆုံးသေးဘူး။ ကျွန်မက သဘောကျတယ်။ ဒါပေမဲ့ ဦးချောမောင်မောင်သန့်က ကျွန်မသမီးလေးအပေါ် တကယ်မေတ္တာစစ် မေတ္တာမှန်မှ ဟုတ်ရဲ့လား ဆိုတာတော့ လေ့လာရဦးမယ်"

"လေ့လာပါ၊ ကြိုက်သလိုလေ့လာလို့ ရပါတယ်။ တကယ်မြတ်မြတ်နိုးနိုး မေတ္တာရှိတာပါ။ တစ်ခုတော့ ရှိတယ်။



အချိန်အကြာကြီးတော့ မလေ့လာပါနဲ့။ ဟဲ ဟဲ ... ကျွန်တော်ကလည်း အသက်မငယ်တော့ဘူးဆိုတော့ မြန်မြန်အိမ်ထောင်ပြုချင်နေပြီ။ ဒေါ်လည်လည်ခင်တို့ဘက်က ဘယ်လိုပုံစံနဲ့ မင်္ဂလာဆောင်ချင်လည်းသာပြော။ ကျွန်တော်အားလုံး လုပ်ပေးမှာ။ နွဲ့ဆိုးလေး စိတ်ချမ်းသာစေရမယ် ဟဲ ဟဲ"

နွဲ့ဆိုး ရင်ထဲမှာ အန်ချင်သွားသည်။ ဒါကြီးကိုသာ တကယ်ယူရရင်တော့ ဘဝဆုံးပြီ။ နွဲ့ဆိုး ဒေါ်လည်လည်ခင်ကို ကြည့်လိုက်သည်။ ဒေါ်လည်လည်ခင်ကလည်း ပြန်ပြုံးပြသည်။ သားအမိချင်း နားလည်နေတဲ့ အချိတ်အဆက်က ဒီပွဲကို မြန်မြန်ဖြတ်ဖို့ပဲ။ ရောဂါသည်းတဲ့အချိန် ဆေးဘယ်လောက်ကုကု ယူပစ်သလို ချက်ချင်းမပျောက်ဘူး။ ဆေးပတ်လည်မှ။

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com



မင်းဒီ တစ်ယောက် ရုံးပိတ်ရက်မို့လို့ ရည်းစားနှစ်ယောက်ချိန်းပြီး လျှောက်လည်ပါ၏။

တစ်ပြိုင်တည်းတော့ မဟုတ်ပါဘူး။ မနက်ပိုင်းတစ်ယောက် ညနေပိုင်း တစ်ယောက်ပေါ့။ လက်ရှိ ရုံတင်ထားတဲ့ ဇာတ်ကားကို တစ်ရက်တည်း နှစ်ခါပြန်ကြည့်တာပါ။ မနက်က တစ်ယောက်နဲ့ သမ္မတမှာကြည့်ပြီး ညနေဘက်မှာ နောက်တစ်ယောက်နဲ့ junction square မှာ ကြည့်လိုက်တယ်။ သာသာယာယာပဲ။

ညနေပိုင်း ရည်းစားနဲ့ လမ်းခွဲပြီးတော့ သူငယ်ချင်းတွေချိန်းကာ ဘီယာသောက်မယ် အတွေးပေါက်နေတုန်း ဘောစိက ဖုန်းဝင်လာသည်။

"မင်းဒီ ရောက်ရာအရပ်ကနေ အခု ငါ့ဆီလာခဲ့။ ဒါပဲ"





ပြောချင်တာပြောပြီး ဖုန်းချသွားပြီ။ အရေးကြီးကိစ္စရှိတာ သေချာ၏။ သူ့ဘောစိအထာကို သူ အညက်ဆုံးပါ။

သူ ဘောစိအိမ်ကို လိုက်သွားသည်။ ဘယ်နေရာလို့မပြောတဲ့အတွက် အိမ်ကို လာခိုင်းတယ်ဆိုတာလည်း သိနေသည်။

ဘောစိက လည်သာဆိုဖာအမည်းကြီးပေါ်မှာ အကျီဖြူရောင်ဝတ်ပြီး ထိုင်နေသဖြင့် ထင်းနေသည်။

"ဘောစိ ဘာဖြစ်လို့လဲ"

"ငါတော့ ရေလည်ကွဲပြီ"

"ဘာဖြစ်လို့လဲ ဘောစိ။ ပစ္စည်းတွေ အတုနဲ့အစစ်ရောသွင်းနေတာ အကောက်ခွန်က မိသွားလို့လား"

"မင်းကလည်း ပါးစပ်ပုပ်ကြီးနဲ့။ မဦးမချွတ်"

"ဒါဆို ဘာဖြစ်လို့လဲ။ ဘောစိမှာ ကွဲစရာဆိုလို့ ဒါပဲရှိတာလေ"

"ငါ ကောင်မလေးတစ်ယောက်နဲ့ ပတ်သက်မိတာ။ ငါ့ကို ချူဆီကျသွားသွားလို့ ငါ တော်တော်ပါသွားပြီ။ အခုသင်းက နောက်တစ်ယောက်နဲ့"

www.burmeseclassic.com



“ဟာ … ဘယ်ကာရာအိုကေ ဆိုင်ကလဲ။ ဘယ်စင်တင်ကလဲ။ ကျွန်တော် မသိတဲ့သူ မရှိသလောက်ပဲ၊ ဘယ်သူလဲ ပြော”

“ငါက အဲလိုမိန်းမမျိုးတွေကို ကျမလားကွ၊ အခုက အမှန်အကန်ဆိုပြီး ပစ်ချမိတာ ခံလိုက်ရတယ်”

“ဘယ်လောက်ထောင် ပါသွားလို့လဲ”

“သိန်းငါးထောင်ကျော်”

“ဗျာ”

“အဲလောက်က ပါးပါးလေးပါကွာ။ ဒါပေမဲ့ ငါ့ကိုနှပ်ပင်သွားတာကို မခံနိုင်တာ”

“ငါးထောင်က နည်းလား ဘောစိရယ်”

“ငါ နိုင်ငံခြားသွားလို့ ကာစီနို တစ်ခါကစားရင်လည်း ဒီလောက်တော့ ကုန်တာပါပဲကွာ၊ ဒါပေမဲ့ တင်းတာ”

“အဲတော့ တပည့်ကြီးက သိန်းငါးထောင် ပြန်ယူပေးရမှာလား၊ အဲဒါဆိုရင်တော့ အလုပ်ဖြစ်ရင် ကျွန်တော့်ကို တစ်ဝက်ပေးရမယ်နော်”





“အရေးထဲ ဈေးလာညှိနေပြန်ပြီ၊ ငါလိုချင်တာ ငွေမဟုတ်ဘူး။ လူ”

“ဗျာ … ဟာ … အဲဒါဆိုရင်တော့ ရှော့ခ်ရှိတယ်၊ အခန့်မသင့်ရင် ပြန်ပေးမှု၊ မဒိမ်းမှုတွေ ဖြစ်သွားနိုင်တယ်နော်”

“မဟုတ်ပါဘူးကွာ။ ငါ့ကိုပတ်တဲ့ သင်းတို့သားအမိကို မင်း lesson ပြန်ပေးပေးစမ်း မင်းဒီ။ ဒီကိစ္စတွေ မင်းကျွမ်းကျင်ပါတယ်၊ ငါခံစားရတဲ့ အရှက်တရားနဲ့ ငါ့ဂုဏ်သိက္ခာအတွက် မင်း ဂလဲ့စားပြန်ချေပေးပါ။ မင်းလိုအပ်တာမှန်သမျှ ငါ ဖြည့်ဆည်းပေးမယ်”

“အိုခေ … သူဌေး။ ကျွန်တော် ကြိုးစားပေးမယ်”

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီတစ်ယောက် ခင်နွဲ့ဆိုးကို တွေ့လိုက်ရတော့ ငေးသွားသည်။ တော်တော်လှတဲ့မိန်းမ။ သူမအကြောင်းတွေစုံစမ်းကြည့်လိုက်တော့လည်း တော်တော်ကို အဆိပ်ပြင်းတာ တွေ့ရသည်။

ဦးချောမောင်မောင်သန့်ကိုခွာပြီး နောက်ထပ်သူဌေးတစ်ယောက်နဲ့ ဖယားရှုပ်နေပြန်သည်။

အကြောင်းမသိရင်တော့ မထင်ရက်စရာပါ။ အရမ်းကို ရိုးသားတဲ့ပုံမျိုး သရုပ်ဆောင်ထားသည်။ ကြားရသလောက်တော့ သူ့ဘောစိကို လက်ထပ်မယ်ဆိုပြီး ဝယ်ခိုင်းတဲ့ သိန်းငါးထောင်ကျော်တန်တဲ့ ကွန်ဒိုတိုက်ခန်းကို ပြန်ရောင်းပစ်ပြီတဲ့။ ခင်နွဲ့ဆိုးထက် သူမအမေကြီးက ပိုလည်သည်။ အချူဖယားသာခင်းတာ။ သူ့သမီးကိုတော့ တစ်စက်ကလေးမှ အထိခိုက်မခံ။





ခုလက်ရှိ သူမတို့နေတဲ့ ကွန်ဒိုအခန်းကလည်း စိန်တိုက်ပိုင်ရှင် ယောက်ျားလုံးရဲ့ အခန်းတဲ့။ တော်တော်ဇာတ်ရှုပ်တဲ့ သားအမိနှစ်ယောက်။ ဇာတ်ရှုပ်တာထက် အချူဖယားတွေခင်းနေတာဆိုရင် ပိုမှန်မည်။ အလှအပဆိုတာ ငါးစာကိုကောင်းကောင်းအသုံးချပြီး မျှားနေတာ။ ယောက်ျားတွေမျှား။ ဟက်ဟက်ကိုထိုးလို့။ တစ်ယောက်ပြီးတစ်ယောက် ဂွပ်ခနဲ ဂွပ်ခနဲပဲ။

ဒါပေမဲ့ မင်းဒီ ကိုယ်တိုင်လည်း သူမကိုသဘောကျနေမိပါသည်။ ခင်နွဲ့ဆိုး။ နွဲ့နွဲ့လေးနဲ့ ဆိုးရွားတယ်ဆိုတာ သူမမှအစစ်။

ဘာပဲဖြစ်ဖြစ် မင်းဒီအတွက် စိတ်ဝင်စားစရာကောင်းတာ အမှန်။ ဘောစိကို ကူညီပေးချင်တာထက် ဒီပွဲမှာ သူမင်းသားလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

သူ ခင်နွဲ့ဆိုးကို ရအောင်ယူမည်။ တစ်ခါတလေ ခပ်တုံးတုံး ခပ်အအ မိန်းမတွေက ပျင်းဖို့ကောင်းသည်။

ခုလို မိန်းမလည်လေးတွေကျတော့ ရင်ခုန်ရသလို ရှုံလည်း တုန်ရသည်။ 50 to 50 ပဲ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်မယ်လို့ မသေချာတဲ့ပြိုင်ပွဲ။ ပြိုင်ဘက်က ခင်နွဲ့ဆိုး မဟုတ်။ ဒေါ်လည်လည်ခင်ပါ။

ဒေါ်လည်လည်ခင်ရဲ့ တက္ကနစ်တွေကို ကျော်ဖြတ်နိုင်ရင် ခင်နွဲ့ဆိုး ဆိုတဲ့ဆုကို ရမှာပါ။ ကဲ ... တစ်ပွဲတစ်လမ်း တွေ့ကြပြီပေါ့။

✧ ✤ ✧





"သမီး ... ညည်း ဦးချောမောင်မောင်သန့်တုန်းကလည်း အကြိုက်မတွေ့ဘူး။ အခု ဒီတစ်ယောက်ရော"

"ဒီလူကြီးလည်း ဘာထူးလဲ မေမေရယ်၊ ဦးချောမောင်မောင်သန့်က ရုပ်ဆိုးတာ။ ဟင်း ... ဒီလူကတော့ အူတာ။ တော်တော်အူကြောင်ကြောင်နိုင်တာ။ မိဘလုပ်ငန်းလက်ရင်းကြောင့်သာ ချမ်းသာတာပါ မေမေရာ။ သမီးတော့ သဘောမကျဘူး"

"အင်း ... တွေ့သမျှလူတွေကတော့ ဘောစိတွေချည်းပဲ။ ဒီမှာ သမီး။ တစ်ယောက်ပြီး တစ်ယောက် ခဏ ခဏ ပြောင်းရတာလည်း မကောင်းဘူး။ ဒီတစ်ခါတော့ သေချာတဲ့ခွင်ကို ထိုင်ရမယ်"

"မေမေ့သဘောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဦးရာဇာကျော်ကို မြန်မြန်ပဲ ပွဲဖြတ်ပစ်ရအောင်"

"မေမေ ကောင်းသလိုသာ စီစဉ်"

ခင်နွဲ့ဆိုးက ဘာမှမတွေးပါ။ ဦးနှောက်အခြောက် မခံ။ ခေါင်းအပူမခံ။ အုံးစားရင် ရုပ်ကျမှာစိုးလို့ပါ။ အရာရာ သူမ မိခင်သဘောကျပဲ လိုက်လုပ်ပေးသည်။ သူမ မိခင်က သူမကို သိပ်ချစ်ကာ သူမကောင်းစားဖို့ စီစဉ်ပေးတာဟုပဲ စိတ်ထဲမှာ မှတ်ထားသည်။

ခုလည်း ဦးရာဇာကျော် ဆိုတဲ့ လူကြီးကို ကပ်ချူနေတာပါ။

ဦးရာဇာကျော်က မိရိုးဖလာစီးပွားရေးလုပ်ငန်းတွေကို ဆက်ခံထားသူ။ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားကားအငှားလုပ်ငန်း စသဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ လုပ်ကိုင်သည်။

ဒါပေမဲ့ သူ့ညီတွေက လည်လည်ဝယ်ဝယ် လည်ပတ်နေတာပါ။ ဦးရာဇာကျော်က မအူမလည်နဲ့ အမည်ပဲခံတာ။ အမည်ခံပေမယ့် သူ့လက်ထဲမှာ ပိုင်ဆိုင်မှုတွေကမနည်း။ ထုံးစံအတိုင်းပဲပေါ့။





အိမ်တွေ၊ ခြံတွေ၊ စိန်တွေ ချူပစ်လိုက်သည်။ လက်ထပ်ပါမည်ဟု ကတိတွေပေးရင်း ကျုံးသွင်းရတာပေါ့။

"မောင်ရာဇာရေ သမီးက ခုလို ကွန်ဒိုထက် ဆိတ်ငြိမ်အေးချမ်းတဲ့ နေရာမှာ အိမ်နဲ့ ခြံနဲ့ နေချင်တာ။ ပြီးတော့ မင်္ဂလာပွဲမှာဝတ်ဖို့ဆိုလည်း သူများဆီက ငှားဝတ်တာထက် အစစ်တွေကိုပဲ ကိုယ်ပိုင်ဝတ်ချင်သတဲ့"

"ဟာ ... ဒါပေါ့။ လုပ်ပေးရမှာပေါ့။ ဒါတွေက ကျွန်တော့်အတွက် မိုင်နာပါ။ ကျွန်တော့်ဘဝရဲ့ ဘုရင်မ ဖြစ်လာမယ့်သူအတွက် ချီးမြှောက်ရမှာပေါ့။ စိတ်ကြိုက်သာ လက်ညှိုးထိုးလိုက်ပါ အန်တီ"

"အေးလေ ... အဲဒါတွေ အဆင်သင့်ဖြစ်ပြီး သမီးနာမည်နဲ့ လွှဲပေးပြီးပြီဆိုရင် မင်္ဂလာကိစ္စ စီစဉ်ကြတာပေါ့။ တစ်မျိုးတော့ မထင်နဲ့နော်။ အန်တီက အန်တီ့သမီးလေးကို တန်ဖိုးထားမထားဆိုတာ ကြည့်ရသေးတယ်လေ"

"ရပါတယ် အန်တီ။ မိဘဆိုတော့ ဒီလိုပဲပေါ့။ စိတ်ချ ကျွန်တော် အားလုံးစီစဉ်ပေးမယ်။ ဒါနဲ့ နွဲ့ဆိုးကို အပြင်ခဏခေါ်သွားလို့ ရမလား အန်တီ။ ကျွန်တော် ဆီဒိုးနားမှာ နေ့လယ်စာ ကျွေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘက်က ဘာမှမစီစဉ်သေးဘဲနဲ့ အပြင်ပေးမလွှတ်ချင်သေးဘူးကွယ်။ လွဲချော်ခဲ့ရင် မိန်းကလေးပဲ နစ်နာတာလေ။ မင်း တန်ဖိုးထားတယ် ဆိုရင်တော့ လက်ထပ်ဖို့သေချာမှပဲ လာခေါ်ပါ"

ရာဇာကျော် အီလည်လည် ဖြစ်သွားသော်လည်း__။

✧ ✤ ✧





ရာဇာကျော်ဆီက ရလိုက်တဲ့ အိမ်တွေ ခြံတွေကိုသည်း ချက်ချင်းပြန်ရောင်းပြီး ထုခွဲပစ်လိုက်သည်။

အဲဒီပိုက်ဆံတွေနဲ့ တခြားတစ်နေရာမှာ ပြန်ဝယ်ထားလိုက်သည်။ လက်ရှိနိုင်ငံ့စီးပွားရေး အခြေအနေ၊ဂလည်း အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုကသာ အကျိုးအမြတ် အများဆုံးဖြစ်နေတာဆိုတော့ သိပ်လည်တဲ့ ဒေါ်လည်လည်ခင်က ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ အိမ်ခြံမြေတွေ ဝယ်ရောင်းလုပ်နေသည်။

ရာဇာကျော်ဆီက ရယူကတည်းကလည်း စာချုပ်စာတမ်းကို အပိုင်ချုပ်ပြီး ခင်နွဲ့ဆိုး အမည်ပေါက် ရယူထားတာမို့ ရာဇာကျော်မှာ ဘာသက်သေမှ မရှိ။ ပွဲပြီးမီးသေဘဲ။ ပြီးတော့ ရာဇကျော်ကို ပေါ်တင်ခါပစ်လိုက်သည်။

"သမီးက မင်းကိုမချစ်လို့ လက်မထပ်နိုင်ဘူးတဲ့ မောင်ရာဇာရယ်။ အန်တီလည်း နားချတာ ဘယ်လိုမှ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲလိုတော့ မလုပ်နဲ့လေ အန်တီရယ်၊ ကျွန်တော်က အကုန်ဝယ်ခြမ်းပေးပြီးပြီလေ။ အခု မင်္ဂလာပွဲစီစဉ်မယ်လုပ်မှ မယူနိုင်ဘူးဆိုတော့"

"ကာယကံရှင်ဆန္ဒ မပါတော့လည်း ဘယ်လိုမှ မတတ်နိုင်ဘူးလေကွယ်"

"မတတ်နိုင်လို့ မရဘူးလေ အန်တီ။ ကျွန်တော် သူလိုချင်တာတွေလည်း ဝယ်ပေးပြီးပြီလေ"

"ဘာတွေဝယ်ပေးထားလို့လဲ"

"ဟာ ... အန်တီ အဲလိုမလုပ်နဲ့လေ။ ခြံနဲ့တိုက်ရယ်၊ လက်ဝတ်လက်စားတွေရယ်"

"မင်းမှာ ဘာသက်သေရှိလို့လဲ"

"ဟင်"

"ကဲ ... သွားပါတော့ကွယ်။ နောက်ကိုလည်း မလာပါနဲ့တော့။ သမီးကိုလည်း မေ့လိုက်တော့ ... ဟုတ်လား"

"အန်တီတို့က ဒီလိုကြီးလား"

ရာဇာကျော်မှာ ဘာသက်သေမှ မကျန်သဖြင့် ဘာမှပြောလို့ မရတော့။ ဒီတော့ ရှုံးရှုံးမိုက်မိုက်ဖြင့် ကားတင်ပြေးဖို့ ချောင်းနေပါတော့သည်။



BURMESE CLASSIC



ဒါပေမဲ့လည်း ခင်နွဲ့ဆိုးက အပြင်ကို တစ်ယောက်တည်း ဘယ်တော့မှ မထွက်သဖြင့် ကားတင်ပြေးဖို့လည်းမလွယ်။

ဒါပေမဲ့ ရာဇာကျော်ကတော့ ကျားချောင်း ချောင်းနေသည်။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီကို ဦးချောမောင်မောင်သန့်က အဆောင်အယောင်တွေ ဆင်ပေးလိုက်ပြီ။ သူဌေးလေးမင်းဒီ ဖြစ်သွားပြီ။ လုပ်ငန်းတော့ ပြစရာမရှိသေးဘူး။ ခုမှ နိုင်ငံခြားက ပြန်ရောက်တဲ့ မိုးကျရွှေကိုယ် သူဌေး။

လုပ်ငန်းလုပ်ဖို့ စဉ်းစားတုန်း။ စိတ်ဝင်စားတာကတော့ အိမ်ခြံမြေ ရောင်းဝယ်ရေး။

အိမ်ခြံမြေနဲ့ပဲ ဒေါ်လည်လည်ခင် နားကို ချဉ်းကပ်သည်။

"မလည်ရေ ... ဒီက သူဌေးလေး ကိုမင်းဒီတဲ့၊ ခုမှ ဂျပန်က ပြန်လာတာလေ။ ကိုမင်းဒီက ဂျပန်နဲ့ဒီကို သွားလိုက်ပြန်လိုက် လုပ်တယ်တဲ့။ အဓိကစီးပွားရေးကတော့ ဂျပန်မှာပေါ့လေ။ အခု ဒီမှာ အိမ်ခြံမြေတွေ ခွင်ကောင်းနေတယ်ကြားလို့ လာပြီးရင်းနှီးမြှုပ်နှံတာ။ big customer နော်"





"ဟုတ်ကဲ့ပါရှင် တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ဘယ်ဘက်ကို စိတ်ဝင်စားလဲဟင်။ ကျွန်မဆီမှာ အပ်ထားတဲ့အကွက်ကလေးတွေတော့ ရှိပါတယ်"

"ကျွန်တော်က အသေးတွေတော့ စိတ်မဝင်စားဘူးဗျ။ အကွက်ကြီးတွေပဲ။ ဥပမာ ပြည်လမ်းနဲ့ ကမ္ဘာအေးဘုရားလိမ်းမတန်းတွေရှိလား"

"ရှာပေးလို့ ရပါတယ်။ ဒါပေမဲ့ ဈေးတွေကတော့ သိတဲ့အတိုင်းပဲနော်။ တစ်ကွက် တစ်ကွက်ကို သိန်းပေါင်းသိန်းနဲ့ချီနေတာ"

"ကျွန်တော်က အဲလိုအကွက်တွေပဲ ကြိုက်တာ။ မြတ်ရင်လည်း အချိုကြီးပဲလေ။ ဝယ်ရောင်းလုပ်ချင်တာ ဆိုတော့ ဗိုက်နာတာဖြစ်ဖြစ်၊ ဈေးနှိုက်လို့ရမယ့် အကွက်ဆိုရင်တော့ ပိုပြီးအိုခေတာပေါ့"

"အဲဒါမျိုးကျတော့ လက်သင့်ရာ ပွဲစားကြီးတွေဆီမှာမှ ရှိတာ။ ကျွန်မတို့က အဲလောက်ကြီးတွေတော့ မကိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေပါဗျာ။ ဘာပဲဖြစ်ဖြစ် ဒီလောကမှာ မိတ်ဆွေတိုးတာတော့ ကောင်းတာပေါ့။ ကျွန်တော့်ကို မိတ်ဆွေရင်းချာလို ခင်လို့ ရပါတယ်"

"ဟုတ်ကဲ့ပါ ကိုမင်းဒီ"

"ကို့တပ်စရာ မလိုပါဘူးဗျာ။ ရင်းရင်းနှီးနှီး ခေါ်လို့ရပါတယ်။ သမီးချောတွေရှိရင် သားလို့ ခေါ်လို့ရတယ် ... ဟား ဟား"

"ကိုမင်းဒီက ပျော်တတ်တယ်နော်။ ဒီလောက်ချမ်းသာတဲ့ သူဌေးကို ရင်းရင်းနှီးနှီး မခေါ်ရဲပါဘူး ကိုမင်းဒီရယ်။ ဒါနဲ့ ခုလို နောက်နေပုံရရင် ကိုမင်းဒီဇနီးချောကို ဂျပန်မှာ ထားခဲ့ပြီထင်တယ်"

"မဦးမချွတ်ဗျာ။ လူပျိုစစ်စစ်ပါဗျ"

"အိုး ... ဆောရီးပါ ကိုမင်းဒီရယ်။ ဒီအချိန်ထိ အိမ်ထောင်မပြုသေးဘူးပေါ့။ အကြိုက်မတွေ့သေးတာ ထင်တယ်"

"ငယ်ပါသေးတယ်ဗျာ။ ကျွန်တော်က မိန်းမထက် ပိုက်ဆံကိုပဲ စိတ်ဝင်စားတယ်။ ခုထိ ရင်ခုန်စရာကောင်းလောက်အောင် လှတဲ့မိန်းမ မတွေ့သေးဘူးဗျ"





ဒီလိုနဲ့ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြတာပေါ့။ မင်းဒီက ကျားဆိုရင် ဒေါ်လည်လည်ခင်ကလည်း အစွယ်ရှိသော ခွန်အားကြီးသော ဆင်မကြီးပေါ့။

မင်းဒီဘက်က ဆင်တဲ့ထိုးစစ်ကို မသိသော ဒေါ်လည်လည်ခင်တစ်ယောက် မင်းဒီကို အကြီးအကျယ် အကဲခတ်နေပါသည်။

အဝတ်အစား အသုံးအဆောင်တွေက တကယ့် အကောင်းစား သားသားနားနားတွေပါ။ ပြောပုံအရဆိုရင်လည်း တော်တော်ချမ်းသာပုံပဲ။ ဒါပေမဲ့ သေချာ ဂဏာနဏာတော့ အကဲခတ်ရဦးမည်။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လည်လည်ခင်ကလည်း သိပ်လည်တဲ့ ပွဲစားမပါ။ မင်းဒီ အကြောင်းကို အသည်းအသန် စုံစမ်းသည်။ မင်းဒီက အကွက်ကြီးတစ်ကွက်ကို ပစ်ဝယ်ပြလိုက်သည်။ မင်းဒီ နာမည်နဲ့ အယောင်ပြစာချုပ်တာပါ။ ထိုအရောင်းအဝယ်ရဲ့ နောက်ကွယ်မှာ ဦးချောမောင်မောင်သန့် ရှိနေပါသည်။

ဒေါ်လည်လည်ခင်ကတော့ မြေကွက်ဝယ်တာပဲ သိလိုက်ရသည်။ နောက်ကွယ်က ဦးချောမောင်မောင်သန့်ကို မမြင်ရဘူးလေ။

မင်းဒီနာမည်နဲ့ မြေကွက်ဝယ်တာတွေ့တော့ သဘောကျသွားသည်။ ဝယ်သွားတဲ့ အကွက်ကြီးက ဟဲဗီးကြီးလေ။ ဘာပဲပြောပြော ဂျပန်မှာ မိန်းမရှိ၊မရှိ ဆိုတာကိုတော့ သံသယရှိသေးသည်။





မတော် သမီးကလေး နာမည်ပျက်နေဦးမည်။ လူပျို ဆိုလို့ကတော့ ချူဆီမလုပ်တော့ဘဲ တစ်ခါတည်းကို ပေးစားပစ်မယ်။ ဒါပေမဲ့ ခက်နေတာက ဂျပန်ကို ဘယ်လိုလှမ်းစုံစမ်းရမလဲ။ သူမတို့က ခြေတံလက်တံလည်း ရှည်တာမဟုတ်။ ကိုယ်တွေက သာမန်လူတန်းစား။ အသိုင်းအဝိုင်း ဆိုတာလည်း သိပ်ကျယ်တာမဟုတ်တော့ ဂျပန်ဆိုတာက အလှမ်းဝေးသဖြင့် ဘယ်လို စုံစမ်းရမလဲမသိ။

ယောက်ျားလုံးကို စုံစမ်းနိုင်းရင် ရနိုင်ပေမယ့် ယောက်ျားလုံးက ယောက်ျားတွေထက်တောင် ပိုပြီး သဝန်တိုတတ်နေသဖြင့် အဆင်မပြေ။

ထို့ကြောင့် ဒွိဟဖြစ်နေသည်။ သမီးကိုလည်းမပြရသေး။

သူမကသာ လူလုံးမပြနိုင်းတာ၊ မင်းဒီနားမှာဝဲနေတဲ့ ရောင်စုံလိပ်ပြာလေးတွေက အများကြီးပဲ။ သူဌေးလူပျိုဆိုတာ ယုံရမလိုပဲ။ ကောင်မလေးတွေကကို လိုချင်လွန်းလို့ လိုက်ကပ်နေတာဆိုပဲ။ အဲဒီလောက် ဆော်ကြည်နေတော့လည်း သမီးလေးနဲ့ ယူပြီးမှ ဆက်ရှုပ်နေရင် သမီးကလေး စိတ်ဆင်းရဲရမလားဟု စိုးရိမ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီကလည်း ဒေါ်လည်လည်ခင်တို့ သားအမိနှစ်ယောက်ကို လုံးမသွားဘဲ ဒေါ်လည်လည်ခင်တို့ဘက်က ကပ်လာတဲ့အထိ စောင့်ကာ ခွင်အမျိုးမျိုး ဆင်ပြနေသည်။

ခုချိန်ထိ ကောင်မလေးရှေ့မှာ လူလုံးမပြသေး။ အစိက သူမအမေကြီးပါ။ ကောင်မလေးက သူမမိခင်ကြီးကြိုးဆွဲရာကို စိတ်ပါလက်ပါ ကနေတဲ့ ရုပ်သေးရုပ်။

ဒီတော့ သူမမိခင်ကြီး ပါလာဖို့ပဲ လုံးပန်းနေရသည်။ သိပ်လည်တဲ့သူချင်းဆိုတော့ ပညာသားပါမှဖြစ်မည်။ ဟာကွက်ရှိရင်တော့ ရှုံးမှာ။

သူ ဒီလောက်ကင်းပြတာတောင် အဘွားကြီးဘက်က ငြိမ်နေသည်။ ပြိုင်ဘက်ရဲ့အရည်အချင်းကလည်း မသေးပါ။

သေချာတာက သူ့အကြောင်း ဘာမှမသိရလို့ မလှုပ်ရှားရဲတာ ထင်သည်။ သူ့ဘက်ကလည်း နောက်ထပ်တစ်ကွက်လောက် ထပ်ပြမှရမည်။

အဘွားကြီးကို ထပ်ပစ်ဖို့အတွက် အုံးစားနေသည်။ ဘယ်လိုထပ်လုပ်ပြရင် ကောင်းမလဲ။





ယောက်ျားလုံးရဲ့ဆိုင်မှာ လက်စွပ်သွားမှာဖို့ စဉ်းစားလိုက်သည်။ ငါးရတီကိုက်လောက်ရှိမယ့် စိန်လုံးချောလက်စွပ်သွားဝယ်ပြလိုက်သည်။

ဦးချောမောင်မောင်သန့်က လိုလိုလားလားပဲ။ ပိုက်ဆံထုတ်ပေးပါသည်။

GIA Certificate နဲ့ ငါးရတီကိုက် စိန်လက်စွပ်ကြီးက မင်းဒီလက်မှာ တဖျပ်ဖျပ်။

မင်းဒီတစ်ယောက် ရလာတဲ့ အခွင့်အရေးကို အပြည့်အဝ အသုံးချနေတာပါ။ သူ့စိတ်ကူးထဲ ရှိသမျှလျှောက်လုပ်သည်။ ဘတ်စား နေထိုင်တာကအစ သူဌေးတစ်ယောက်ရဲ့ အရသာကို အပြည့်အဝ ခံစားနေသည်။ ရွှေရည်စိမ်ဘဝပေမယ့် ခဏလုရသည်း နည်းလား။

ဒေါ်လည်လည်ခင်လည်း စိန်လက်စွပ်သတင်းကို ကြားပါသည်။

မင်းဒီလက်က တဖျပ်ဖျပ်လက်နေတဲ့ လက်စွပ်ကြီးကို ကြည့်ပြီး သာယာသွား၏။ သူ့သမီးကို ထုတ်ပြဖို့ စဉ်းစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီက ပြည်လမ်းမှာ ဝယ်ထားတဲ့ အိမ်ကြီးမှာ အယောင်ပြ နေပြသည်။ ပြိုင်ကားလှလှလေးတစ်စီး ရှိသလို မင်းဒီ ကိုယ်တိုင် ကားကိုထည်လဲမောင်းပြသည်။

ကောင်မလေးတွေကလည်း ကပ်မှကပ်။ နဂိုတည်းက ဆော်ကြည်ပါတယ်ဆိုမှ ဒီအနေအထားနဲ့ဆိုတော့ သူ့ကိုတွေ့သမျှ မိန်းမပျိုတိုင်းက သူ့အကြည့်မှာ ကျဆုံးနေကြသည်။ သူ့ရွေးထင်ပြီး လိုက်ကပ်နေတဲ့ ကဲကဲသည်းသည်းတွေကို မနည်းခါတုတ်နေရ၏။

ဒေါ်လည်လည်ခင်ပါ ကြွေသွားပြီ။ သမက်တော် ချင်သွားတာကို ပြောတာပါ။

✧ ✤ ✧



"ဟာ ... မေမေ၊ မေမေ့လူက မိုက်လှချည်လား။ ရေလည်လန်းတယ်"

"သမီးမပြောနဲ့ မေမေတောင် ကြွေတယ်"

"မေမေ"

ခင်နွဲ့ဆိုးက မျက်လုံးပြူးကြီးနဲ့ ကြည့်နေတော့ ...

"ဟဲ့ ... ဟဲ့ ... ပေါက်ကရ လျှောက်မတွေးစမ်းနဲ့။ သမက်တော်ဖို့ ကြွေတာကို ပြောတာပါဟဲ့"

"တော်သေးတာပေါ့"

"မိနွဲ့ဆိုး ညည်းဟာလေ မအေကို။ ငါက ကြွေစရာလား။ ညည်းအတွက် ပြောတာပါဟဲ့။ ဘယ်လိုလဲ ဒီတစ်ယောက်"

"ယူမယ်"

"အမယ်လေး ... ဣန္ဒြေလေးလည်း ဆည်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"မမေကလည်း သားအမိချင်းပဲ။ ပဲများနေစရာမှ မလိုတာ။ သမီးသဘောကျတယ်။ ရရင် ယူမယ်"

"နေပါဦး၊ ညည်း သူ့ကိုချစ်တာတွေ မေတ္တာတွေ မရှိတော့ဘူးလား"

"မမေရယ် ... ဒီလောက် ချောနေ့ ချမ်းသာကြီးကိုမှ သဘောမကျရင် ဘယ်သူ့ကိုသွားပြီး သဘောကျရမှာလဲ။ သမီးနဲ့ အသက်လည်း သိပ်မကွာဘူး။ အချစ်ဆိုတာ ဘာလဲ သမီး မသိဘူး။ မေတ္တာတော့ ထားလို့ရမယ် ထင်တယ်။ သမီး သူ့ကို သဘောကျတယ်။ လက်ထပ်ရမယ်ဆိုရင်လည်း လက်ထပ်နိုင်တယ်"

"ကောင်းတယ်၊ ဒါဆို မမေတို့ လုပ်ငန်းစကြတာပေါ့"

"အဆင်ပြေရင် ဂျပန်တွေ ဘာတွေ ရောက်ရဦးမှာပေါ့ နော် မမေ"

"ဒါပေါ့၊ သမီးသွားရင် မမေကို မထားခဲ့နဲ့နော်။ မမေလည်း ဂျပန်ရောက်ဖူးချင်တယ်အေ။ ကိုယ့်ဘာသာသွားရင်လည်း ရပါတယ်။ ဒါပေမဲ့ ပိုက်ဆံကုန်လို့။ သမက်ကောင်းမှ အကြောင်းပြုပြီး သွားရမယ်ဟေ့"





သားအမိနှစ်ယောက် တွက်ရေးကတော့ စက်သူဌေး ဖြစ်နေကြပါသည်။

"သူက ညနေဘက်ဆို ဆိုဒိုးနားမှာ Gym ကစားတယ်။ သမီးလည်း အဲဒီမှာ သွားကစားရမယ်"

"မမေရယ် ... ဣန္ဒြေရရ နေရမှာကို အားကစားဝတ်စုံနဲ့ သူ့ရှေ့ နေပြရမှာလား"

"စိတ်မပူပါနဲ့။ တစ်ခါတလေတော့လည်း စိတ်လှုပ်ရှားစရာကောင်းအောင် ဆွဲဆောင်ရတယ် သမီးရဲ့။ ဒီနေရာမှာ ငါ့သမီးရဲ့ဘော်ဒီအလှကို ချပြရမယ်။ Gym ကစားတဲ့အချိန်ပဲ ပြမှာ။ ကျန်တဲ့အချိန်ဆို ယဉ်ယဉ်ကျေးကျေးလေးပဲ နေပြ"

"မမေသာ ဒါရိုက်တာဆို အကယ်ဒမီတင် မဟုတ်ဘူး အော်စကာဆုပါ ရမှာသေချာတယ်"

"မမေ ဒီလောက်ခင်းပေးထားတာနော်။ ကျန်တာကတော့ ငါ့သမီး အပိုင်းပဲ။ သူ့ရဲ့သုံးနိုင်ပုံကို ကြည့်ရတာ သာမန်ထဲကတော့ မဟုတ်လောက်ဘူး။ မင်းဒီနဲ့လက်ထပ်ဖြစ်ရင် သမီးဘဝ အေးဆေးဖြစ်သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူ စကားကြောင့် ခင်နှဲ့ဆိုးလည်း စိတ်ကူးတွေ ယဉ်နေမိသည်။ စိတ်ကူးထဲမှာ ဂျပန်ဆိုလည်း အခေါက်နှစ်ဆယ်လောက် ရောက်သွားသည်။

ချောမောခန့်ညားလှတဲ့ မင်းဒီကို သူမ သဘောကျပါသည်။ သူမနဲ့ ပတ်သက်ခဲ့သမျှထဲမှာ ပုံဆိုးပန်းဆိုးတွေပဲရှိခဲ့တာပါ။ မင်းဒီလို အကောင်းစားလေးနဲ့ ဆုံရမယ် ဆိုရင်တော့ သူမကို မင်းဒီ လက်ထပ်ဖြစ်အောင်ကို ဆွဲဆောင်မှာပါ။ တော်ပါသေးရဲ့။ မှူးစာရေးနတ်မင်း သူ့ကို သနားညာတာလို့။

✧ ✤ ✧





ခင်နှဲ့ဆိုး Gym လာကစားတော့ မင်းဒီက သဘောပေါက်ပါသည်။ သူ့ပစ်ချက်တွေ ထိသွားပြီ။ ပွဲ့ငှက တဖြည်းဖြည်း ပိုနီးကပ်လာပြီ။

အားကစားဝတ်စုံ ဝတ်ထားတဲ့ ကောက်ကြောင်းကလည်း ရင်ထဲ ဖရိုဖရဲကြီး ဖြစ်သွားစေပါသည်။

သူမကို ကိုယ်က ဆွဲဆောင်ချင်တာပါ။ သူမက ကိုယ့်ကို ဆွဲဆောင်တာမျိုး ဖြစ်သွားရင် ကိုယ် ရှုံးသွားနိုင်သည်။

တကယ်ကြီးကို စိတ်ဝင်စားမိတာပါ။ လှတာမြင်တိုင်း ချစ်တတ်နေတဲ့ ဒီနှလုံးသားက ဒီတစ်ခါတော့ ချစ်တယ်လို့ အလွယ်တကူ သတ်မှတ်လိုက်ဖို့ ခက်ခဲနေပါသည်။ ဘယ်လိုခံစားချက်ကြီးမှန်းကို မသိ။ ရင်တွေကတော့ ပုံစံမျိုးစုံနဲ့ကို ခုန်နေပါသည်။ ငြိမ့်ငြိမ့်ကလေး ခုန်လိုက်၊ ပရမ်းပတာကြီး ခုန်ချလိုက်နဲ့ ဘယ်လိုခံစားချက်ကြီးမှန်းကို မသိ။



www.burmeseclassic.com

www.burmeseclassic.com



ခင်နွဲ့ဆိုး ဆိုတာကလည်း မျက်နှာကလေးတင် ချောမောလှပ ချစ်စရာကောင်းတာ မဟုတ်ဘူး။ ခန္ဓာကိုယ်အချိုးအစားကလည်း ပန်းချီဆရာ ဆေးခြယ်ထားသလို ပုရိသ သဘောကျ ဆိုတော့ကာ ...။

မင်းဒီ တစ်ယောက် ရင်ဘတ်ကြီး ဖားဖိုထိုးသလို။

ခင်နွဲ့ဆိုးကလည်း မင်းဒီ မြင်အောင် အထာတွေ ပေးနေတာကိုး။ မင်းဒီ မြင်,မမြင်တော့ မသိ။ တခြားပုရိသတွေ တော့ မြင်ကုန်ပြီ။

တခြားပုရိသတွေက ငမ်းတော့ မင်းဒီ တစ်ယောက် ရင်ထဲမှာ မလိုတမာစိတ်တွေ တဖွားဖွား ပေါ်လာပြန်သည်။

ဒုက္ခ ... ဒုက္ခ။ ကိုယ်က သူ့ကိုမခြွေခင် သူက ကိုယ့်ကို ခြွေတော့မည် ထင်ပါရဲ့။

သူ ခင်နွဲ့ဆိုးနား မသွားမိအောင် စိတ်ကိုတင်းပြီး ထိန်းထားရသည်။

ခင်နွဲ့ဆိုးကလည်း မင်းဒီနားရောက်အောင် ဘယ်လိုချဉ်းကပ်ရမှန်းမသိ။ နေရာတကာမှာ သူမမိခင် စီမံပေးသမျှ လိုက်လိုက်ခဲ့တာဆိုတော့ ယောကျ်ားတစ်ယောက်နားကို ကိုယ့်





ဘက်က စတင်ချဉ်းကပ်ဖို့ ဆိုတာလည်း မဝံ့ရဲပါ။ တကယ်တော့ သူမက ဖြူစင်သော အရိုင်းစံပယ် တစ်ပွင့်ပဲလေ။

မင်းဒီကလည်း စိတ်ကိုတင်းကာ ထိန်းထားရသည်။ သူ့တက္ကနစ်ထဲမှာ စတွေ့တွေ့ချင်း ဖျပ်ဖျပ်လူးပြဖို့ အစီအစဉ်မရှိ။ တမင်တကာ ချဉ်းနင်းဝင်ရောက်လာတဲ့ပွိုင့်ကို နည်းနည်းမလာက် မသိချင်ယောင်ဆောင်ထားခြင်းအားဖြင့် လမ်းဖွင့်ပေးထားရမယ် လေ။

သူကသာ အမှတ်တမဲ့ချင်ယောင် ဆောင်နေတာ တခြား ပုရိသတွေကတော့ အကြည့်တွေ ကျွေးနေပြီ။ ခပ်သွက်သွက်.တစ်ကောင်က သူမကို မိတ်ဆွေသွားဖွဲ့နေပြီ။ သူမကတော့ ခပ်တည်တည်ပဲ။

တကယ်တော့ သူကလွဲရင် ကျန်တဲ့ပုရိသအားလုံးက အတော်အသင့် အဆင့်ကနေ တော်တော်ချမ်းသာတဲ့ အဆင့်တွေပါ။ သူကသာ အယောင်ဆောင်ထားသော ကျီးကန်းတစ်ကောင်။

သူမက ထိုကျီးကန်းကို ဒေါင်းမှတ်လို့ ကပ်တဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးက ရယ်စရာတော့ကောင်းသား။ ဘဝဆိုတာ တစ်ခါတလေ ဒီလိုလှပစွာ လွဲချော်တတ်ပါသေးရဲ့။

ဒီလိုပါပဲ။ ဒီခန်းမထဲမှာ ကစားနေတဲ့ တခြားမိန်းကလေးတွေ အားလုံးလည်း အနည်းဆုံးတော့ သူမထက်ချမ်းသာမှာပဲ။ ပြောလို့တော့ မရဘူးပေါ့လေ။ သားကောင် ရှာချင်လို့ ဒီလိုနေရာကို အရင်းအနှီး လာလုပ်သူတွေလည်း ရှိချင်ရှိနိုင်တာပေါ့။ 100% ပြည့်စုံတဲ့နေရာဆိုတာ ရှားပါတယ်လေ။

✧ ♣ ✧





နှစ်ယောက်စလုံးက ဆုံမှတ်ဆီ ဦးတည်နေတာမို့ ဆုံစည်းဖို့က သိပ်မခက်ခဲတော့ဘူးပေါ့။

ထိုနေ့က သူမက သူ့ကားနားမှာ ဖုန်းပြောနေသည်။ သူမကတော့ ဘယ်သူ့ကားမှန်း မသိတဲ့ပုံနဲ့ တမင်.သူ့ကားနားရပ်ကာ ဖုန်းပြောနေတာပါ။

သူက ကားမောင်းသူဘက်အခြမ်းဝင်ဖို့ကို ကားတံခါးနားမှာ သူမက ရပ်နေတော့ ဝင်မရ။ သူ တမင်ရပ်စောင့်နေလိုက်သည်။

သူမကလည်း ဖုန်းပြောနေတာ မပြီးတော့။ သူ မဖယ်ခိုင်းမချင်း ဖုန်းပြောတာ ရပ်မည့်ပုံမပေါ်။

သူလည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိသည်။ သင်း ဖုန်းကတ်ကုန်ရင်တော့ ဖယ်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာတွေကလည်း အရည်မရ အဖတ်မရ တွေ။ တမင် သူနဲ့နီးစပ်ချင်လို့ အကွက်ထွင်နေမှန်း သူကလည်း သိနေပါသည်။

ထို့ကြောင့် တမင်ညစ်ပြီး စောင့်ကြည့်နေတာ။ သူမကလည်း သူရောက်နေတာကို သိပုံပဲ။ တမင်လုပ်ပြကာ ဟန်ဆောင်နေတာက ကြိုမသိထားဘူး ဆိုရင်တော့ မရိပ်မိနိုင်ပေမယ့် သူကတော့ သူမအကွက်တွေကို သိနေတာမို့ သူမရဲ့ဟန်ဆောင်ခြင်းတွေကို ထင်းထင်းကြီး တွေ့မြင်နေရသည်။

ကြာလာတော့ သူမ ညောင်းလာပုံဖြင့် ဖုန်းပြောတာ ရပ်လိုက်သည်။ သူကတော့ နေရာမှာ ရပ်မြဲပဲ။ ကားဆီကို လည်း မသွားဘဲ ခပ်လှမ်းလှမ်းက ကြည့်နေမြဲ။ သူမ ဘာဆက်လုပ်မလဲလို့ ကြည့်နေလိုက်သည်။

သူက ဘေးဘီကို ဝဲကြည့်ရင်း သူ့ကိုတွေ့တော့ ကြိုတင်ပြင်ဆင်ထားပုံဖြင့် မျက်ခုံးပင့်ကာ ...

"အစ်ကို့ကားလား။ ကားထဲဝင်မလို့လားဟင်"

"မဟုတ်ပါဘူး"

"ဟင်"





သူ့ကားမှန်းသိလို့ အပိုင်လှမ်းပြောလိုက်တာကို သူ ကငြင်းလိုက်သဖြင့် ကိုးရိုးကားရား ဖြစ်သွားပုံပဲ။ မျက်စိပျက် မျက်နှာပျက်နှင့် ထွက်သွားသည်။

"ဟက် ... ဟက်"

သူ ရယ်ကာ ကားပေါ်တက်ကာ မောင်းထွက်လိုက် သည်။ သူမနားရောက်တော့ ဟွန်းတီးလိုက်သဖြင့် သူမလန့်သွား သည်။ သူက သူမမျက်နှာကို ခပ်စိုက်စိုက်ကြည့်ပြီးမှ မျက်စိမှိတ် ပြကာ မောင်းထွက်လာလိုက်သည်။

သေချာတာကတော့ သူမရင်ခုန်သံတွေ ပရမ်းပတာ ဖြစ်ပြီး ကျန်ခဲ့မှာ သေချာပါသည်။

သူမက သူ့ကိုပစ်တာ။ သူကာထားတဲ့ ဒိုင်းကြောင့် သူမရဲ့ပစ်မှတ်က သူမပဲ ပြန်ဖြစ်သွားခဲ့တာပါ။

ဒါပေမဲ့ သူ သူမကို ချစ်ပါသည်။ ချစ်မိသွားပါ သည်။ ပေါ့ပျက်စွာမဟုတ်။ တကယ်လေးနက်စွာကို ချစ်မိသွား တာပါ။

သူ့ဘဝမှာ ချစ်စရာအလီမွာလေးတွေများစွာ တွေ့ ဖူးပါရဲ့နဲ့ ဒီချူဆီဂဲလ်လေးကိုမှ Heart ထိသွားတာကတော့ ခပ်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ရှုပ်သူ့ကို ကံတရားက ပြန်ပေးတဲ့ လက်ဆောင်ပဲနေမှာပါ လေ။

သူမ အလှတရားတွေက အပေါ်ယံသက်သက်ပါ။ ရောင်းပန်းလှအောင် ဆိုးထားတဲ့ ဆိုးဆေးလို အလှမျိုး။ ကျီး အာသီးလို အသုံးမဝင်တဲ့ ဖမ်းစားမှုမျိုး။ အနှစ်မပါတဲ့ အကာလို အလှမျိုး။ သူမအလှဟာ တန်ဖိုးမရှိမှန်း သိပေမယ့် လောကီ ငမိုက်သားပေမို့ မှကောင်းမှန်းသိရက် တပ်မက်စွဲလမ်းမိပါသည်။

သူမက လမ်းခင်းနေတာမို့ သူ သာသာယာယာ ချဉ်းကပ်သွားလို့ ရပါသည်။ ဒါပေမဲ့ သူမဘက်က ဒီဘက်ပို စိတ်ပါလာအောင် တန်ပိုးမြှင့်ပေးရမည်။

အခု သူ့ဘက်က သူမကို အလွယ်တကူ စိတ်ဝင် စားပြလိုက်ရင် သူမဘက်က ပေါ့သွားနိုင်သည်။ ထို့ကြောင့် သူမရဲ့စိတ်ကို သူက ပြန်ချူယူရမည်။

ဘယ်လောက်အထိလည်းဆိုရင် သူ့ကို ချူဖို့ချဉ်း ကပ်တဲ့ သူမ သူ့ကို ချစ်မိသွားတဲ့အထိရောက်အောင် တန်ဖိုးကို ဆွဲတင်ရမည်။

သူမက ငွေကို ချူတတ်သူ။





သူကတော့ အချစ်ကို ချူတတ်သူ။

သူမလိုချင်တဲ့ ငွေ သူ့မှာမရှိပေမယ့် သူလိုချင်တဲ့ အချစ်ကတော့ သူမဆီမှာ လတ်လတ်ဆတ်ဆတ်ကြီးကို ရှိနေဦး မှာပါလေ။

ဒီလိုပါပဲ။

တစ်ခါလေကျတော့လည်း ပရိယာယ်ကြွယ်တဲ့ သား ကောင်နဲ့ တွေ့တဲ့အခါ မုဆိုးတွေလည်း သားကောင်ဘဝ ရောက် ရတာပါပဲ။

✧ ✤ ✧

www.burmeseclassic.com

"ဘယ်လိုလဲ သမီး"

မေမေ့ကို အကျိုးအကြောင်း ရှင်းပြလိုက်သည်။ သူ မျက်စိမှိတ်ပြသွားတာကိုတော့ မပြောမိ။ ဘာလို့မပြောဘဲ ချန်ထားမိမှန်းမသိ။

"ဒါဆိုရင်တော့ ဒီကောင်ကလည်း ဂျလယ်ပဲအေ့။ မေမေတို့ဘက်က သေချာပိုင်အောင် ချည်နိုင်မှရမယ်။ သမီးနော်။ ညည်းအစွမ်းအစတွေ အများကြီးလိုတယ်။ ခုထိ ဟိုက ညည်းကို စိတ်ဝင်စားတဲ့ပုံ မပြသေးဘူး"

"မေမေရယ် ... သမီးလည်း မေမေနိုင်းသလို လုပ်တာပဲ"

"သင်းက မိန်းမတွေ စိတ်မဝင်စားဘူးဆိုတော့ ပုန်းများ ပုန်းနေလား မသိပါဘူး။ ဘာပဲဖြစ်ဖြစ် ထပ်ကြိုးစားကြည့် ရမှာပဲ"





"မေမေ ... သမီးသိက္ခာတွေ အရှမ်းကျနေဦးမယ် မေမေရဲ့"

"မေမေ သိပါတယ် သမီးရယ်။ နေပါဦး၊ မေမေ ကြံပါဦးမယ်"

"ဒီနေ့တောင် သူက ပြုံးတေ့တေ့ လုပ်သွားတာ။ သမီးရှက်တယ် မေမေ"

"အင်းပါ သမီးရယ်။ မေမေ တန်ဖိုးထားတဲ့ သမီးကို ပစ်စလက်ခတ် မလုပ်ပါဘူး သမီးရယ်။ အခု မေမေဒီလိုတွေ လုပ်တယ်ဆိုတာကလည်း သမီးအတွက်ပါ။ သမီးဘဝ ကောင်းစားဖို့အတွက်ပါ။ မေမေဆိုတာက အသက်ထက် ပိုင်းကျိုးနေပါပြီ။ မေမေ မရှိခဲ့တော့ရင် သမီးကို မတောင့်တရတဲ့ဘဝ၊ မကြောင့်ကြရတဲ့ဘဝနဲ့ ကျန်ခဲ့စေချင်တယ်။ ရိုးရိုးသားသားနဲ့ ရှာနေလို့ကတော့ ဒီဘဝ ချမ်းသာမှာ မဟုတ်ဘူး သမီး။ ရိုးသား တုံးအ,နေရင် အမြဲအောက်ခြေမှာပဲ ရှိနေမှာ။ ခုခေတ်မှာ လျှင်သူစားတမ်း ဖြစ်နေတာ။ အ,တဲ့သူ ခံရမှာပဲ။ နော် ... သမီး၊ မေမေ့စေတနာကို နားလည်ပါ။ မေမေတို့က ငွေမရှင်းနိုင်တော့ ရှိတဲ့အလှတရားလေး ဗန်းပြပြီး စီးပွားရှာတာပါ သမီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သမီးဘဝကို တစ်စွန်းတစ်စမှ မစွန်းထင်းစေရ ဘူး စိတ်ချ။ မေမေက သမီးကို အစွမ်းကုန် ကာကွယ်မှာ"

"သမီး နားလည်ပါတယ် မေမေ"

ငယ်စဉ်ကတည်းက ရိုက်သွင်းခဲ့တဲ့စကားတွေ နား ရည်လည်းဝနေပါပြီလေ။ အခုထိ သူမအမေ မှန်တယ်ပဲ ထင်နေ ပါသည်။ ဒါပေမဲ့ သူမရင်ထဲမှာ မိန်းကလေးတန်မဲ့ တကပ်ကပ် နဲ့ ရေလာမြောင်းပေး လုပ်ရတာကိုတော့ ရှက်နေမိပါသည်။ ဖြစ် နိုင်ရင် ယောကျ်ားလေးဘက်က ဒူးထောက်ခစားတာပဲ လိုချင် တာပေါ့လေ။ ကိုယ့်ကို ခယယနဲ့ ချစ်ခင်ယုယတာပဲ လိုချင် တာပေါ့။

ခုတော့ ထိုသို့မဟုတ်ဘဲ မိန်းကလေးဘက်က စနေ ရတဲ့ဘဝ။ စိတ်ထဲမှာ တစ်မျိုးဖြစ်နေပေမယ့် မိခင်စကားကိုတော့ မပယ်ရှားဝံ့။ အရင်လူတွေတုန်းက လူလုံးပြလိုက်ရုံနဲ့ ပါလာတာ ချည်းပဲ။ အခုက တကူးတက လိုက်ကပ်နေတာတောင် အရာ မထင်သေး။ သူမကိုယ်သူမ လှလှပြီလို့ ထင်နေတဲ့ ယုံကြည်မှုတွေ တောင် ပျောက်ကုန်သည်။ ဒီလို သူမကို ဂရုမစိုက်တဲ့သူကိုမှ သူက heart ထိနေတာကလည်း တော်တော်ဆိုးပါသည်။





အချစ်ဆိုတာ အဲဒီလို ဖောက်လွဲဖောက်ပြန်တွေ လည်း ဖြစ်တတ်ပါသေးသည်။

"သမီး ဘာတွေ စဉ်းစားနေတာလဲ"

"ဘာမှ မစဉ်းစားပါဘူး မေမေ"

"မေမေ ဒီတစ်ခါ အစီအစဉ် ပြောင်းကြည့်မယ်၊ သမီးလှလှ လေးပြင်ပြီး သူနဲ့ မတော်တဆ ဝင်တိုက်မိအောင် ခွင်ဖန် ရမယ်။ ဥပမာ သင်တန်းခန်းမထဲဝင်ရင် တိုက်ပစ်လိုက်၊ မတော်တဆလိုလိုပေါ့။ အမြင်နဲ့မရရင် အထိအတွေ့နဲ့ ဆွဲခေါ်ကြည့်တာပေါ့"

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကပေါ့။

သူမ မိတ်ကပ်ဖန်တီးရှင်နဲ့ကို ပြင်ထားခဲ့၏။ လှပနည်းကျနေကာ ကိုရီးယားမင်းသမီးတွေလို ခပ်ပါးပါးပေါ့။

သူမက အသားအရေလှတော့ သိပ်ပြင်စရာမလိုတာ။ အဝတ်အစားကိုလည်း ပိုးပျော့အိအိလေးကို မြန်မာဝတ်စုံချပ်ချပ်ရပ်ရပ်ကလေး ချုပ်ဝတ်ထားတော့ ခန္ဓာကိုယ်ကောက်ကြောင်းက အထင်းသားပေါ့။

မည်းနက်ဖြောင့်စင်းနေတဲ့ ဆံပင်တွေကို ပဝါလေးနဲ့ ဖွဖွချည်ထားကာ ရင်ဘတ်ပေါ် ကပိုကရို ဆွဲယူချထားတာမို့ ရင်ခုန်စရာ အပြင်အဆင်ကတော့ မိန်းမချင်းတောင် ငေးရလောက်အောင် ကြော့ရှင်းနေတာပေါ့။





ထိုနေ့က သူမ အခန်းထောင့်အကွယ်ကနေ သူ့အလာကို စောင့်နေသည်။ ကားပါခ်မှာရော ဓာတ်လှေကားနားမှာပါ မေမေ့လူတွေ ရှိပြီးသား။ သူဝင်လာတာနဲ့ သူမကို contect လှမ်းလုပ်ကြမှာ။ အားလုံး ဓာတ်တိုက်ပြီးသား။

ထိုနေ့က သူ အခန်းထဲ မဝင်ခင်လေးမှာပဲ ဖုန်းက ရုတ်တရက် ထမြည်လာသဖြင့် သူမလည်းလန့်ကာ အခန်းအပြင်ကို ရုတ်တရက်ကြီး ထွက်လိုက်မိသဖြင့် သူမရဲ့ချွန်မြနေသော ဒေါက်ဖိနပ်က စလစ်ပါစီးထားသော သူ့ခြေဖမိုးပေါ်သို့ ရက်ရက်စက်စက်။

"အား"

ရုတ်တရက် နင်းမိလိုက်ချိန်မှာပဲ သူမကလည်း ခြေလှမ်းကို ပြန်ကြွရာကနေ ဟန်ချက်ပျက်ကာ အားရပါးရကြီးကို ပစ်လှဲတော့၏။

"အမယ်လေး"

သူ့ခြေဖမိုးထက် ချက်ချင်း သွေးခြေဥလာသလို သူမလည်း မထနိုင်တော့ဘဲ ခါးထဲမျက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေ မျှော်လင့်ထားတာက ဝင်တိုက်မိပြီး ရင်ခွင်ထဲ လဲကျဖို့။ သူမကတော့ တက်နင်းပြီး ဖိနပ်ချွတ်နဲ့ မိတ်ဆက်လိုက်ရသည်။ အစစအရာရာ ခပ်လွဲလွဲလေးတွေပဲ ဖြစ်နေ၏။

"အား … ကျွတ် … ကျွတ်"

"အီး … ဟီး … ဟင့် ဟင့်"

သူကလည်း သူ့ဒဏ်ရာနဲ့သူ တညည်းညည်း တညူညူ။ သူမကလည်း ရှက်လည်းရှက်။ နာပြီးတော့ မထနိုင်သဖြင့် နေရာမှာပဲ တရှုံ့ရှုံ့ငို။ ရင်ခုန်သံရပ်ဝန်းနဲ့တော့ ဝေးစွ။ ရင်ခုန်ဖို့ နေနေသာသာ နေရာကတောင် ဘယ်လိုထရမှန်းမသိ။

သင်တန်းခန်းမထဲ အရင်ရောက်နေသူ ပုရိသတွေက သူမကို လာပြေးထူသည်။

ထူစေချင်တာက သူ့ကို။ သူကတော့ ထော့နဲ့ ထော့နဲ့နဲ့ သူ့ဒဏ်ရာသူ ဆေးသွားလိမ်းနေပြီ။

သူမကတော့ ခါးကိုမဆန့်နိုင်ဘဲ ခါးကုန်းဘဝနဲ့ ထိုင်ခုံပေါ်မှာ။ မျက်ရည်တွေလည်းကျလို့။ ဟိုတယ်မှာရှိတဲ့ ဆရာဝန်လာကြည့်ပေးသည်။



"နီးစပ်ရာဆေးရုံကိုသွားပြီး ဓာတ်မှန်ရိုက်လိုက်ပါ"

သူမ ငိုမိသည်။ ခါးထိသွားပြီလား မသိ။ ဒုက္ခပါပဲ။ ဒီအချိန်မှာ သူ့နားကို ချဉ်းကပ်မိခြင်းအတွက် ပထမဆုံးအကြိမ် နောင်တရမိသည်။

သူက သူမကို လာကြည့်သည်။ ဆရာဝန်ကပါ ဓာတ်မှန်ရိုက်ခိုင်းတော့ မင်းဒီလည်း စိုးရိမ်သွားသည်။ ပထမ တော့ ဟန်ဆောင်နေတယ်ထင်လို့ ဂရုမစိုက်မိတာ။

ခုတော့ သူမ ပုံစံကြည့်ရတာ တကယ်ထိသွားပုံပဲ။

သူ့ခြေထောက်နာသွားလို့ စိတ်တိုပြီး လှည့်မကြည့်မိတာ။

"ဆေးခန်းလိုက်ပို့ပေးမယ်လေ။ ကျွန်တော်နဲ့ တိုက်မိတာဆိုတော့ ကျွန်တော့်မှာ တာဝန်ရှိတယ်"

"ရပါတယ်။ နှံ့ဆိုးက ဝင်တိုက်မိတာပါ"

"ခင်ဗျားလည်း ခြေထောက်နာနေတာမို့လား၊ ကျွန်တော်ပဲ လိုက်ပို့လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြားထဲက အမြတ်ထုတ်ချင်တဲ့ ပုရိသတစ်ကောင်ကြောင့် စိတ်တိုသွားသည်။

သူမကလည်း ဘာပြောရမှန်းမသိ။

"ရတယ် ... ကျွန်တော်ပဲ ပို့ပေးလိုက်မယ်၊ မင်းရဲ့ဆေးခန်းစရိတ်တွေလည်း ကျွန်တော်ပဲ တာဝန်ယူတယ်၊ လာ ... သွားစို့"

"ရပါတယ်၊ ဆေးခန်းပဲ ပို့ပေး။ ကျွန်မအမေကို ဖုန်းဆက်ခေါ်လိုက်မယ်"

သူမ တကယ်ကို မထနိုင်တော့။ ခါးပါမဆန့်နိုင်တော့တာ။

ထို့ကြောင့် သူမကို အဆင်သင့်ရှိသော ဝှီးချဲလ်ပေါ်ပွေ့တင်ပြီး ဝှီးချဲပေါ်က ပွေ့ချတော့လည်း သူပဲ။ ကားပေါ်ပွေ့တင်တော့လည်းသူ။

သူမရဲ့ရည်ရွယ်ချက်အတိုင်း သူ့ရင်ခွင်ထဲ အကြိမ်ကြိမ်ရောက်ရပါတော့သည်။

ဒါပေမဲ့ နာလွန်းလို့ ရင်မခုန်နိုင်ပါ။





ဆေးရုံရောက်တော့ ဓာတ်မှန်ရိုက် စစ်ဆေးပြီး တစ်ခါတည်း ဆေးရုံတက်လိုက်ရပါတော့၏။ ကောင်းလိုက်တဲ့ကံ။ မင်းဒီလည်း သူမကို တော်တော်လေး သနားသွားပါသည်။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခင်နွဲ့ဆိုးက ဒေါ်လည်လည်ခင် သမီးလား"

"ဟုတ်ပါတယ် ကိုမင်းဒီရေ။ ကိုမင်းဒီနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရတယ်လို့။ ကိုမင်းဒီ ခြေထောက်ရော သက်သာရဲ့လား"

"နာတော့ နာတာပေါ့။ ဒါပေမဲ့ သူ ထိခိုက်သွားတာထက်စာရင် ကျွန်တော်က ဘာမှမဖြစ်ပါဘူး"

"သမီးက အဲလိုပဲ နမော်နမဲ့နဲ့။ ဆေးရုံတက်ရတဲ့အထိ ဖြစ်ရတယ်လို့"

ဒေါ်လည်လည်ခင် မျက်နှာကြီး မအီမလည် ဖြစ်နေသည်။ မှန်းချက်နဲ့ နှမ်းထွက်မှ မကိုက်တာကိုး။ မင်းဒီနဲ့နီးစပ်ဖို့ ဖန်တာကို သူ့သမီး ခါးဆစ်ရိုးထိပြီး ဆေးရုံရောက်ရတဲ့အထိ။ မတော်တဆများ ခါးကိုထိခိုက်ပြီး နဂိုအတိုင်း ပြန်မဖြစ်ရင်တော့ ဒုက္ခပဲ။





ခါးကုန်း ခါးကိုင်းလေး ဖြစ်သွားရင်တော့သွားပြီ။ သူမမှာ သမီးဖြစ်သူ ဒဏ်ရာရတာကို ဒဏ်ရာထက် အလှပျက်မှာကို ပိုပြီးစိုးရိမ်နေရသည်။ မတော်လောဘတွေ များနေတာလေ။

မင်းဒီကတော့ သူမလေးကိုပဲ စိုးရိမ်နေသည်။ ခမျာသူနဲ့ နီးစပ်စေချင်ရှာတာ ဆေးရုံရောက်တဲ့အထိမို့သနားကာ ဂရုစိုက်မိပါသည်။

"နွဲ့ဆိုး သက်သာရဲ့လား"

"နွဲ့ဆိုး ခွဲစိတ်ရမှာလားဟင်"

"ခွဲရမှာလည်း မကြာပါဘူး။ မြန်ကောင်းသွားမှာပါ နွဲ့ဆိုးရယ်"

"နွဲ့ဆိုး ကြောက်လိုက်တာ။ ဒါပေမဲ့ နွဲ့ဆိုး အပြစ်ပါ။ နွဲ့ဆိုး အသုံးမကျတာ။ နွဲ့ဆိုး နမော်နမဲ့ လုပ်တာ"

ပြောရင်း မျက်ရည်ကျလာတာမို့ ...

"မစိုးရိမ်ပါနဲ့ နွဲ့ဆိုးရယ်၊ ဆရာဝန်က ဘာမှမပြောသေးပါဘူး။ ဒီတိုင်းကောင်းရင်လည်း ကောင်းသွားမှာပါ"

ခါးရိုးအက်သွားတာမို့ ဆေးရုံမှာ ရက်နှစ်ဆယ်လောက် နေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်းမှာလည်း သူနဲ့ ခင်နွဲ့ဆိုးတို့ ရင်းနှီးသွားသည်။

ဒေါ်လည်လည်ခင်ကတော့ လျော့တာပေါ့။ သူက နွဲ့ဆိုးကို ဘန်ကောက်ခေါ်ပြီး ဆေးကုပေးချင်ကြောင်းပြောတော့ ဒေါ်လည်လည်ခင်က ဝမ်းသာအားရ လက်ခံပေမယ့် ခင်နွဲ့ဆိုးက ငြင်းသည်။ သူမကြည့်ရတာ အားနာနေပုံပဲ။ တကယ်တမ်းကျတော့ ခင်နွဲ့ဆိုးက အဖြူထည်လေး။ ဒေါ်လည်လည်ခင်က အကုန်ခြယ်လှယ်နေတာပါ။ ခုလည်း သူ ဆေးရုံလာရင် ရှောင်ပေးရတာနဲ့။ သူလည်း တစ်နေ့တစ်ခေါက်တော့ ရောက်ပါသည်။ သူလာရင် ခင်နွဲ့ဆိုးက ဝမ်းသာပြုံးလေးနဲ့။

"သက်သာလား"

"သက်သာတယ်။ ဆေးရုံက အမြန်ဆင်းချင်နေပြီ။ ဆေးရုံ အနံ့အသက်တွေကို မခံစားနိုင်တော့ဘူး"

"ခဏပါကွာ။ သည်းခံလိုက်ပါဦး။ ဘာစားချင်။ ဝယ်ကျွေးမယ်"

"ဘာမှမစားချင်ပါဘူး။ ကိုမင်းဒီရော ခြေထောက်သက်သာသွားပြီလား"





"ကိုယ့်ခြေထောက်က လုံးဝကို ကောင်းသွားပါပြီ"

"ဆောရီးပါနော်"

"ဟာ ... ကိုက ဘာမှမဖြစ်ပါဘူး။ အဲဒါတွေ တွေးမနေနဲ့။ နွဲ့ဆိုးကို မြန်မြန်ပြန်ကောင်းစေချင်လှပြီ"

"ဘာလို့လဲ"

"ဪ ... နွဲ့ဆိုးရယ်၊ နေမကောင်းဖြစ်တဲ့သူကို ပြန်ကောင်းစေချင်တာ အကြောင်းပြချက် ပေးရဦးမလား။ ကိုလေ နွဲ့ဆိုးကို သနားသွားလို့"

"တကယ်လား"

✧ ♣ ✧



www.burmeseclassic.com

www.burmeseclassic.com

သူမတို့နှစ်ယောက် ဆေးရုံမှာတင် အခြေအနေတွေ တိုးတက်ကုန်ပြီ။

မင်းဒီကလည်း သူမကို သနားပြီး တင်းမခံနိုင်တော့ဘဲ ဂရုစိုက်မိသည်။ သူမကလည်း နဂိုတည်းကမှ ယိုင်နဲ့ပြီးလဲနေသူ။

ဒေါ်လည်လည်ခင်ကလည်း ရှောင်ပေးထားတာ။ ဆေးရုံမှာဆိုတော့ ဘာမှမဖြစ်နိုင်ဘူးလေ။

"ကိုမင်းဒီ နွဲ့ဆိုး မနက်ဖြန် ဆေးရုံက ဆင်းရပြီ"

ခင်နွဲ့ဆိုး လမ်းထလျှောက်နိုင်နေပြီမို့ ခုတင်ပေါ်က ဆင်းကာ ဟိုနား ဒီနား စမ်းလျှောက်ရင်း ပြောလိုက်သည်။

"ဟုတ်လား။ ဒါဆို ကိုယ်လာလို့ မရတော့ဘူးပေါ့"

"ရပါတယ်၊ အိမ်ကိုလာပေါ့"





"သင့်တော်ပါ့မလား"

"အဲဒါတော့ မေမေ့ကို မေးကြည့်မှ ရမယ်"

"နွဲ့ဆိုး ဘွဲ့တောင်ရပြီးပြီ။ ခုထိ ကိုယ်ပိုင်ဆုံးဖြတ်ချက် မရှိဘူးလား"

"အမြဲ မေမေ့စကား နားထောင်နေကြဆိုတော့ မေမေပြောရင် အလိုလိုကို ခေါင်းညိတ်နေမိတာ"

"တချို့ကိစ္စတွေကျတော့ ကိုယ့်ဘာသာ ဆုံးဖြတ်ပေါ့"

"ဘယ်လိုကိစ္စလဲ"

"ဥပမာ ရည်းစားထားမယ်ဆိုရင်ရော ပြောမှာပဲလား"

"ပြောမှာပေါ့၊ ကိုယ့်ဘာသာရွေးရင် မှားမှာစိုးလို့ မေမေ ရွေးပေးတာပဲ ကြိုက်မှာပေါ့။ အခုထိ ခမေမေ့စကားနား ထောင်ခဲ့တာ တစ်ခါမှ အမှားမကြုံသေးဘူး"

"ဟုတ်လား"

"ဟုတ်တယ်လေ၊ မိဘစကားနားထောင်ရင် ကောင်းစားတာပေါ့"

"ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ။ ဘာမှမဟုတ်ပါဘူး။ ဟား ဟား ... ထားပါ။ အခု ကိုယ်က ရည်းစားစကား ပြောရင်ရော ဒေါ်လည်လည်ခင်ကို ပြန်ပြောမှာပဲလား"

"ပြောမှာပေါ့"

"မပြောပါနဲ့"

"ပြောမယ်"

"ပြောရင် မပြောတော့ဘူး"

"ဟင် ... ဘာမပြောတာလဲ"

"ပြန်ပြောရင် ရည်းစားစကား မပြောတော့ဘူးလို့"

"အို ... ကိုမင်းဒီကလည်း"

"ကိုယ့်ကို ချစ်လား"

"ဟင်"

"ပြန်မပြောဘူးမို့လား။ ချစ်ရင် ပြန်မပြောနဲ့"

"ဘာဖြစ်လို့မေမေ မသိစေချင်တာလဲ"

"လူကြီးသိတော့ မျက်စိဒေါက်ထောက် ကြည့်ခံရတော့ မလွတ်လပ်လို့ပေါ့ကွာ။ ရင်ခုန်စရာလည်း မကောင်းတော့ ဘူးပေါ့။ ချစ်သူရည်းစားထားတယ်ဆိုတာ ဆီးပြားစားရ



သလို ချိုချဥ်အရသာလေးလည်း ခံစားချင်သေးတာပေါ့။ ကိုယ့်ကို ချစ်လား"

"လူလည် ... ဖျတ်ခနဲ မမေးနဲ့ မရဘူး"

"ဟား ဟား"

သူမခေါင်းကို ခပ်ဖွဖွ ပွတ်ပေးလိုက်၏။

"ခေါင်းတွေ စေးကပ်နေပါပြီ။ ခေါင်းမလျှော်ရတာ စဖြစ် ကတည်းက"

"နေမကောင်းလို့ မလျှော်ရတာပဲကွာ"

"ကိုမင်းဒီက နားလည်မှုရှိတဲ့သူလား"

"ကို့အချစ်ကို လက်ခံကြည့်ရင် သိသွားလိမ့်မယ်"

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com



မဆွတ်ခင်ကတည်းက ညွတ်ချင်နေတဲ့ ခင်နဲ့ဆုံ တစ်ယောက် စိတ်ကူးလေ့ကို ကဏ္ဍာတစ်ဆုံးလွှင့်ကာ အပျော်ကြီး ပျော်နေသည်။

ရုပ်ချောသဘောကောင်း သူဌေးကလေး ကိုမင်းဒီနဲ့ ဆုံစည်းရခြင်းအတွက် အရမ်းကို ကျေနပ်သည်။ အနီးကပ်ခင်ခင် ခွင့်ရတော့ ကိုမင်းဒီရဲ့ နားလည်သိတတ်မှုတွေ၊ စိတ်သဘောထား ဖြူစင်ပြည့်ဝမှုတွေကိုလည်း တွေ့ရသည်။

ချမ်းသာလိုက်တာကလည်း ပြောစရာမရှိ။ ဒါပေ မိန်းကလေးသဘာဝ ခဏတော့ မူပြရမယ့်တာဝန် ရှိသည်လေ အဲလိုမှ မူမပြရင် မိန်းကလေးသိက္ခာကျမည်ဟု သတ်မှတ်ထား တာကိုး။ ထို့ကြောင့် တစ်ခါတစ်ရံ မမူချင်ပါဘဲ သောင်အ မူပြရတာပါ။



ပြီးတော့ သူ့ဆီကလည်း ဘာမှ မချူချင်ပါ။ တစ်သက်လုံး လက်တွဲသွားချင်တာ။ ထာဝရ မှီခိုသွားချင်တဲ့စိတ်ပဲ ရှိတာပါ။ လူကိုအပိုင်ရမှတော့ သူပိုင်သမျှလည်း ကိုယ့်ပစ္စည်းပဲလေ။

ဒီတော့ ဒီတစ်ခါ သူမ ချူရမှာက သူပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတွေ မဟုတ်ဘဲ လူကို အရချူရမှာ။ ပြီးတော့ သူတို့ အခြေအနေကို သူမ မေမေ့ကိုလည်း အမှန်အတိုင်း မပြောချင်ပါ။ ဘာကြောင့်မှန်းမသိ။ ပြောချင်စိတ်ကိုမရှိတာပါ။ သူနဲ့ပတ်သက်ရင် သူမဆန္ဒရှိတဲ့အတိုင်းပဲ ဆုံးဖြတ်ချင်သည်။ သူမစိတ်နဲ့ သူမကိုယ်ပဲ ဆုံးဖြတ်ချင်သည်။ သူကလည်း မေမေ့ကို မသိစေချင်။ ထို့ကြောင့်ပဲ မပြောချင်တာလားတော့ မသိပါ။

မေမေကတော့ မေးပါသည်။

"သမီး ဆေးရုံကဆင်းကတည်းက မောင်မင်းဒီ တစ်ယောက် မလာပါလား"

"ဟုတ်တယ် မေမေ ဆေးရုံဆင်းပြီဆိုတော့ တာဝန်ကျေပြီ ထင်မှာပေါ့"

"ဖုန်းဆက်သေးလား"

"ဖုန်းတော့ နှစ်ခါလားမသိဘူး ဆက်တယ်၊ နေကောင်းသွား သက်သာလားပဲ မေးတာပါ မေမေရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီကောင်လေး ငါ့သမီးကို စိတ်မဝင်စားဘူးထင်တယ်"

"ဟုတ်မှာပေါ့ မေမေရယ်"

"ဒါဆိုရင်တော့ ဒီပွဲမှာ တို့ရှုံးပြီ၊ ငါ့သမီး ဆေးရုံပါ အဆင့်တက်လိုက်ရသေး၊ တော်သေးတယ် ခါးမကျိုးသွားတာ၊ ဘဝပါဆုံးတော့မလို့၊ သင်း ဒီလောက်အသည်းမာနေတာ ပုန်းနေလားမသိဘူး၊ မဖြစ်ဘူး၊ အရှုံးတော့ မခံနိုင်ဘူး၊ သမီး သူ့ကို ဖုန်းဆက်ပြီး ထမင်းစားဖိတ်လိုက်"

"မေမေ ဘာလုပ်မလို့လဲ"

"အိမ်ရောက်တာနဲ့ အပိုင်ဖမ်းမလို့ပေါ့"

"တော်ပါတော့ မေမေရယ်၊ မေမေလုပ်တာတွေ တဖြည်းဖြည်း ပိုဆိုးလာပြီ"

"ဘာပြောတယ်"

"ဟုတ်တယ် မေမေ၊ သူများမကောင်းကြံ ကိုယ်ပဲထိတာ အခု သမီး ခါးရိုးမကျိုးရုံတမယ် ခံစားရပြီးပြီး သမီးကို မကြိုက်ရင်လည်း နေပါစေတော့ မေမေ၊ အရှက်မဲ့တဲ့အလုပ်တွေကို သမီး မလုပ်ချင်တော့ဘူး"





"သမီး ဘာဖြစ်သွားတာလဲ၊ မေမေလုပ်သမျှ သမီးအတွက်ချည်းပဲလေ"

"သမီး ရှက်သွားတာ မေမေ၊ မချမ်းသာရင်လည်း နေပါစေတော့၊ သမီး ဒီအလုပ်တွေ ဆက်မလုပ်ချင်တော့ဘူး၊ ကိုယ့်အပေါ် ကြင်နာပြီး နားလည်ပေးနိုင်သူတွေ့ရင် လက်ထပ်ပြီး ဘဝကို အေးအေးချမ်းချမ်းပဲ ဖြတ်သန်းချင်တယ်"

"ဟင်း ... အဲလိုသာဆို ကံတရားအကြောင်း မလှလို့ မေမေ့လို မုဆိုးမဖြစ်ခဲ့ရင် ညည်းပင်ပန်းမှာပေါ့"

"မေမေရယ် ... မေမေကလေ နှုတ်ခမ်းနာနဲ့တည့်ပါမလားလို့ ပူနေတာမဟုတ်ဘဲ နှုတ်ခမ်းကတော့ နာမှာပဲလို့ ကျိန်းသေတွက်နေသလိုပဲ၊ ကံပါလာရင် မဖြစ်မနေ ခံရမှာပဲ"

"အေး ... ကံဆိုတာ လူကလုပ်တာ၊ ကံတရားကို လူကပြုပြင်နိုင်ရမယ်၊ ကံဆိုးမှုတွေမကျအောင် အစစအရာရာကြိုတင်ကာကွယ်ထားရမယ်"

"မဟုတ်ဘူး မေမေ၊ ကံဆိုတာ လူကလုပ်တာမှန်တယ်၊ သမီးတို့ အတိတ်ဘဝကလုပ်ခဲ့တဲ့ကံကို ဒီဘဝမှာ ခံရတာ၊ အတိတ်ဘဝကလုပ်ခဲ့ပြီးသား ကုသိုလ် အကုသိုလ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြန်ပြီး သွားပြုပြင်လို့ရမှာလဲ မေမေ၊ အကုသိုလ် အကျိုးပေးဖို့ရှိခဲ့ရင် အကျိုးမပေးနိုင်အောင် ကုသိုလ်ကောင်းမှုနဲ့ တားထားလို့ ရတယ်တဲ့၊ သမီးတို့က သူများဆီက လိမ်ဖို့ညာဖို့ပဲစဉ်းစားနေတာ၊ ဘယ်မှာလဲ ကုသိုလ်တရား၊ အဲဒါကြောင့် သမီး ခုလိုမိုက်မိတာ"

"သမီး ဒါတွေဘယ်က သိတာလဲ"

"ဆေးရုံမှာ တီဗွီကလာတဲ့တရားကို နာရင်း သိရတာလေ၊ တရားလာတဲ့အချိန် မေမေက အိမ်ခဏပြန်တဲ့အချိန်တွေ ချည်းပဲလေ၊ မနက်နိုးနိုးချင်း တရားနာရတာ သိပ်ကို စိတ်ချမ်းသာတယ် မေမေ"

ဒေါ်လည်လည် ဘာပြောရမှန်း မသိတော့။

✧ ✤ ✧





"ကဲ ... မောင်မင်းဒီ အစီရင်ခံစာလေး ဘာလေးလဲ မလာ ပါလား၊ Report တင်"

သူဌေးခေါ်လို့သွားတာ တွေ့တွေ့ချင်း ပိတ်ဟောက်တော့တာပဲ။

"အေးဆေးပေါ့ သူဌေးကလည်း တင်မှာပေါ့"

"မအေးဆေးနဲ့၊ မင်းကို အဲဒီဘက်ခိုင်းထားတော့ ဒီဘက် မှာလွတ်တာ အများကြီးပဲ၊ ငါတို့မှာထားတဲ့ပစ္စည်းတွေ စင်ကာပူဆိပ်ကမ်းမှာ ကြာနေတော့ ဒီက ပြိုင်ဘက်ကုမ္ပဏီ တွေက ထိုးသိပ်နေကြပြီ"

"မပူပါနဲ့ ဆောာစီရယ်၊ Packageတွေ ကြိုရောင်းထားတယ် လေ"

"မင်း Packageက ပါးစပ်နဲ့ယူတဲ့သူကများနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ငွေကောက်ခိုင်းထားပါတယ်၊ 80%လောက်က ငွေစသွင်းနေပါပြီ သူ့ဗွေးရဲ့၊ ပစ္စည်းတွေ ပြောထားတဲ့ရက်အတိုင်းလည်း ချနိုင်မှာပါ၊ ကျွန်တော်က တစ်ပတ်လောက်ခွာချိန်းထားတာ"

"ဟူး ... တော်သေးတာပေါ့"

"ဘာမှမပူနဲ့ တပည့်ကြီးက အားလုံးကို သေချာချိန်ပြီးမှ လုပ်ထားတာ"

"တော်တယ်၊ အဲဒါကြောင့် မင်းကို အားကိုးနေရတာ ကဲ... မင်း Run နေတဲ့ကိစ္စရော ဘယ်လိုလဲ"

"အဲဒါလား ... ကောင်မလေးတော့ ဆေးရုံရောက်သွားတယ် ဘောစိရေ"

"ဟေ ... ဘယ်လိုဖြစ်လို့လဲ"

"ကျွန်တော့်ကို အထာပေးပြီး ဝင်တိုက်တာလေ၊ သူ့အရှိန်သူ မထိန်းနိုင်ဘဲ ပစ်လဲကျပြီး ဆေးရုံရောက်တာ၊ ခါးထိသွားတယ်"

"ဟာ ... သွားပါပြီကွာ၊ ခါးကျန်းသွားပြီလား"

"Originalအတိုင်းပါပဲ၊ အခု အိမ်မှာ အနားယူနေရတယ်"





"ဟိတ်ကောင် နောက်တစ်ခါ သတိထား၊ မပွန်းမပဲ့စေနဲ့"

"အာ ... ဘောစိကလည်း ကျွန်တော်လုပ်တာမှ မဟုတ်တာ၊ သူ့ဘာသာ လာတိုက်ပြီး သူ့ဘာသာဖြစ်တာ"

"မလိုချင်ဘူး၊ ဂရုစိုက်"

"ဟုတ်"

"ဒါနဲ့ မင်း အသုံးစိတ်လည်း မတင်ပါလား"

"ရပါတယ်၊ ဘောစိက ကျွန်တော့်ကို လစာတွေ နှစ်ဆတောင်ပေးထားတာပဲ၊ ကျွန်တော် အဲဒီထဲကပဲ သုံးလိုက်မယ်"

"မဆိုးပါဘူး၊ သိတတ်သားပဲ၊ အေးပါကွာ အောင်မြင်ရင် မင်းကို ငါ ဘောက်ဆူးကောင်းကောင်းပေးမှာပါ၊ ဆက်လုပ်၊ ဒါပေမဲ့ ငါ ဘယ်လောက်ထိ စောင့်ရမှာလဲ"

"နောက်ထပ် နှစ်လလောက်ပဲစောင့်ပါ၊ တကယ်လို့သာ ကောင်မလေး ခုလို အနာတရာမဖြစ်ရင် နောက်တစ်လလောက်ဆို ပွဲသိမ်းပစ်တယ်၊ အခုက သူ့ကို ဆရာဝန်က နားခိုင်းထားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ၊ တစ်သက်တာအတွက် ဒီလောက်တော့ စောင့်ရမှာပေါ့ကွာ"

ဦးချောမောင်မောင်သန့်ကြီး သူ့အတွေးနဲ့သူ ပီတိဖြာနေသလို မင်းဒီ တစ်ယောက်လည်း ပြုံးစိစိ ဖြစ်နေပါသည်။

မင်းဒီခမျာ နှလုံးသားကို ရင်ခွဲလှူရမလို ဖြစ်နေပြီ။ တကယ်လို့ သူသာ ခင်နွဲ့ဆိုးကို မ,သွားရင် ဘောစိလည်း သူ့ကို ဘယ်လိုလှံမျိုးနဲ့ ပစ်မလဲမသိ။ သေချာတာကတော့ အနော်ရထာလို ကြိုးဖြည်ပေးမှာ မဟုတ်ဘူး။ နှလုံးသားကို ရင်ခွဲယူမှာ။

✧ ✤ ✧





"ဟဲလို"

"ကလေး ... နေကောင်းသွားပြီလား"

"ဟုတ် ... သက်သာပါတယ်"

"မနက်ဖြန် ဆေးခန်းပြန်ပြရမယ်နော်၊ လိုက်ပြပေးရမလား"

"ရပါတယ်၊ မေမေ ရိပ်မိမှာစိုးလို့ မပြပေးနဲ့"

"အိုခေ၊ ကလေး အပြင်ထွက်လို့ရပြီလား၊ ကို ကလေးနဲ့ တွေ့ချင်တယ်"

"ကြိုးစားကြည့်မယ်လေ"

"ကလေးအမေကို မပြောထားဘူးမို့လား"

"ဟင့်အင်း"

မင်းဒီ ပြုံးလိုက်သည်။

"လိမ္မာတယ်၊ တွေ့ရင် စားချင်တာ ဝယ်ကျွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ လိုချင်တာဝယ်ပေးမယ်လို့ မပြောတာလဲ"

"ကလေးက ဘာလိုချင်လို့လဲ"

"ဘာမှ မလိုချင်ပါဘူး၊ ပြောကြည့်တာ"

"ကလေးလိုချင်တာရှိရင် ကို ဝယ်ပေးမှာပေါ့ ကလေးရယ်၊ ပြောစရာမှ မလိုတာ"

မင်းဒီ ရင်နည်းနည်းတုန်သွားပေမယ့် ဖောလိုက်ရသည်။

သူမနဲ့ ပတ်သက်ပြီး သူ သုံးနေတာတွေက သူကိုယ်ပိုင်ပိုက်ဆံတွေနဲ့ပါ။ အဆောင်အယောင်တွေ၊ ခြံဝယ်ပြတာတွေကတော့ ဘောစိ ပံ့ပိုးပေးတာတွေပေါ့လေ။ အသေးသုံးတွေကိုပြောတာ။ ယုတ်ဆွအဆုံး ဆေးရုံမှာ ဆေးဖိုးတွေ ရှင်းတာတောင် သူ့ပိုင်ပိုက်ဆံနဲ့ သူမကို ကုပေးခဲ့တာ။ သူမကို ချစ်လို့ သူတတ်နိုင်သလောက် လုပ်ပေးတဲ့သဘောပါ။

ဒီနေ့လည်း သူမက သူမအမေ မသိအောင်လို့ ဖုံးထားချင်ပုံကို တွက်ဆကြည့်ရရင်တော့ သူမဆီက အဖြေကောင်းပြန်ရဖို့ 100% လောက် သေချာသလောက် ရှိနေပြီ။





သေချာတာက တခြားဘဲတွေဆီက သူမဘယ်လိုပဲ ချူခဲ့ ချူခဲ့ သူ့ဆီကတော့ ခုထိ ဘာမှ မချူသေးပါ။ ပြီးတော့ အဲဒီလို ချူဆီလုပ်ခဲ့တာကလည်း သူမဆန္ဒထက် သူမမိခင်ရဲ့ဆန္ဒ ဆိုပိုမှန်မည်။

တကယ်တော့ သူမက အဖြူရောင်ကင်းဗတ်စတစ်စလိုပဲ။ အရောင်ဆိုးသူအလိုကျ အရောင်ပြောင်းသွားနိုင်တဲ့ ကင်းဗတ်စ။

သူမက ပန်းချီဆရာနဲ့တွေ့ရင်တော့ ပန်းချီကားတစ်ကားဖြစ်သွားနိုင်ပြီး စိတ်ရှုးပေါက်နေသူတစ်ယောက်နဲ့တွေ့ရင်တော့ အမှိုက်ဖြစ်သွားနိုင်သည်။

သူက သူမဘဝကို တန်ဖိုးမြင့်မားအောင် ဆေးရောင်လှလှခြယ်ပေးနိုင်ချင်မှ ခြယ်ပေးနိုင်လိမ့်မည်။ သို့သော် သူမဘဝကို အမှိုက်တစ်စဖြစ်အောင်တော့ ဘယ်တော့မှ မဖျက်ဆီးပါ။

စုတ်ချက်ကြမ်းတွေရဲ့ အန္တရာယ်ကိုလည်း ကာကွယ်ပေးမှာပါ။

သူဟာ သူမဘဝအတွက် နေမင်းလို ထိန်ထိန်လင်းအောင် မစွမ်းနိုင်ရင်တောင် လမင်းလောက်တော့ အေးချမ်းစွာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သချာတာကတော့ သူမကို သူ အဆုံးရှုံးမခံတော့ဘူး ဆိုတာပါပဲ။ သူမကို သူ သေချာပေါက်လက်ထပ်မှာပါ။ သူ့အရည်အချင်းနဲ့ဆို မချမ်းသာရင်တောင် လူတန်းစေ့နေနိုင်အောင်ထားနိုင်မှာပါ။ သူ ကြိုးစားမှာပါ။

သူမ ဉာဏကိုလည်း အထာနပ်သူပီပီ အကဲခတ်လို့ ရနေပါသည်။ သူမသည်လည်း ကိုယ့်ကို ချစ်နေပါသည်။

မင်းဒီကတော့ စိတ်ကူးလေ့ကို ရှက်လှှင့်မိတိုင်း စိတ်ထဲမှာ တသိမ့်သိမ့် ကြည်နူးနေမိသည်။

✧ ✤ ✧



"မေမေ သမီး ကားတစ်ပတ်လောက် လျှောက်မောင်းလိုက်ဦးမယ်"

"ဘယ်ကိုလဲ သမီး ... သွားလေ၊ မေမေလည်း လိုက်မယ်"

"မေမေ မလိုက်ပါနဲ့၊ သမီးတစ်ယောက်တည်း သွားချင်လို့၊ စိတ်တွေ မွန်းကျပ်နေလို့"

သူမကို မေမေက စိုက်ကြည့်နေသည်။ သူမကို သေချာအကဲခတ်နေပုံပါ။ ခဏနေတော့မှ ...

"အဝေးကြီးတော့ မသွားနဲ့နော်"

"ဟုတ်ကဲ့ပါ မေမေ"

သူမကို ယောက်ျားလုံး ကိုရဲ ဝယ်ပေးထားသော VIZ အနီရဲရဲလေးနဲ့ ကန်တော်မင်ပန်းခြံထဲ မောင်းလာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကမဆင်းဘဲ ကန်ရေပြင်ထက်က ဘဲရုပ်ကလေးတွေကို ငေးနေမိသည်။

"ဟဲလို ... ကိုမင်းဒီလား၊ ကျွန်မ အပြင်မှာ"

မင်းဒီကို ဖုန်းဆက်လိုက်သည်။ နာရီဝက်လောက်နေတော့မှ မင်းဒီ ရောက်လာသည်။

"ကားတွေက ပိတ်လိုက်တာကွာ၊ စောင့်နေတာကြာပြီလား"

"နာရီဝက်ကျော်ပြီ"

"ကားပိတ်တယ်၊ ကြိုပြောရင် ကို လာစောင့်နေမှာပေါ့"

"ခုမှ စိတ်ကူးပေါက်လို့ ထွက်လာတာ"

"လှေစီးမလား"

"ကောင်းသားပဲ"

ခြေနင်းလှေလေးတွေက အရုပ်ပေါင်းစုံရှိသည်။ အဖြူရောင်ဘဲရုပ်လှေကလေးထဲမှာ နှစ်ယောက်သား စကားဆက်ပြောဖြစ်ကြသည်။

"ကိုမင်းဒီ ကျွန်မအကြောင်း ဘယ်လောက်သိလဲ"

"သိသင့်သလောက်တော့ သိပါတယ်"

"သိသင့်သလောက်ဆိုတာက ဘာတွေလဲ ပြောပြပါလား"





"မပြောချင်ဘူး"

"ကျွန်မဘဝမှာ အရိပ်တချို့ ရှိခဲ့ဖူးတယ်၊ အရိပ်မည်းကြီးတွေလောက်မဆိုးရွားပေမယ့် ညိုဖျော့ဖျော့ ခပ်ညစ်ညစ်အရိပ်တွေပေါ့"

"သိပ်မဆိုးရွားရင် ပြီးတာပါပဲ"

"ကျွန်မအကြောင်းတွေ သိထားတယ်မို့လား၊ ကိုမင်းဒီက လူလည်ပဲ သိမှာပါ"

"ကို ပြောပြီးပြီလေ၊ သိသင့်သလောက် သိတယ်လို့"

"ခွင့်လွှတ်နိုင်လား"

"ခွင့်လွှတ်နိုင်လို့ ဒီနေရာကို ရောက်လာတာပေါ့"

"ရှင်က သိပ်ချမ်းသာတယ်လေ၊ ကျွန်မ ရှင့်ကို ချူမှာ မကြောက်ဘူးလား"

"မကြောက်ဘူး"

"ဘာဖြစ်လို့လဲ"

"မင်းကိုယုံလို့၊ 100 % ယုံကြည်နေလို့၊ မင်း ကိုယ့်ကို ဘယ်တော့မှ ချူမှာမဟုတ်ဘူး"

"ဘာလို့ အဲလောက် ယုံကြည်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို ချစ်နေမှန်းသိနေလို့"

"ဘာ"

"ဟုတ်တယ်"

"ရှင့်ကို ကျွန်မ အဖြေမပေးရသေးဘူးနော်"

"သိတယ်လေ၊ ကို မင်းကို နှစ်နှစ်ကာကာချစ်သလို၊ မင်းလည်း ကိုယ့်ကို ချစ်တယ်ဆိုတာကို အလိုလိုသိနေတာ မင်း အဖြေမပေးရသေးလို့သာ တရားဝင်ချစ်သူမဖြစ်သေးပေမယ့် ကိုယ့်ရင်ထဲမှာတော့ ကိုနဲ့မင်း ချစ်သူတွေလို့ နားလည်ထားပြီးသားပဲ"

"လူလည်ကြီး၊ ရှင် အဲဒီလိုပြောလိုက်လို့ ကျွန်မ ရှင့်ကို အဖြေမပေးတော့မှာ မစိုးရိမ်ဘူးလား"

"မစိုးရိမ်လို့ပြောတာပေါ့၊ ကလေးလေးကိုယ်တိုင်လည်း ကို့ကို အဖြေပေးပြီး အချစ်စစ်တစ်ခုရဲ့ အရသာကို အေးချမ်းစွာ ခံစားချင်တယ်ဆိုတာကို သိတယ်၊ ပြီးတော့ တကယ်ချစ်ကြတဲ့ ချစ်သူတွေချည်း နားလည်မှုတွေရှိတယ် ကြတယ်၊ နားမလည်ဘူးဆိုရင် အဲဒီလူကို တကယ်မချစ်သေးလို့ပဲ၊ ကိုကတော့ ကလေးကို နားလည်နေတယ်



ကလေးလည်း ကို ဒီလိုပြောလို့ စိတ်ဆိုးမှာမဟုတ်ဘူး၊ နားလည်ပေးမှာပဲလို့ ယုံကြည်တယ်၊ သေချာတာက ကိုတို့ နှစ်ယောက်ရဲ့ဖောက်လမ်း အလွမ်းနဲ့အဆုံးသတ်မှာမဟုတ်ဘူး"

"နောက်ဆုံးစကားလုံး ကြိုက်တယ်ကွာ"

"ချစ်လား"

"မေးစရာလိုသေးလို့လား"

"ကြားချင်လို့"

"ကို ချမ်းသာလို့ ချစ်တာမဟုတ်ပါဘူး၊ ကို့ကို လူချည်းပဲ သက်သက်ချစ်တာ၊ လူကိုမြင်ပြီး ရင်ခုန်ခဲ့တာ၊ မေမေနိုင်းလို့ ကို့နားရောက်ခဲ့တာမှန်ပါတယ်၊ ဒါပေမဲ့ နှလုံးသားထဲမှာ သန့်သန့်ကလေးလည်း ချစ်တယ်"

"ကြားရတာ နားထဲကို ပျားရည်တွေ လောင်းထည့်လိုက်သလိုပဲ၊ ချိုရှရှလေး"

"နိုးပါ၊ နားအရသာရှိအောင်ပြောတာမဟုတ်တဲ့အတွက် နှလုံးသားနဲ့ နားထောင်ပါရှင်"

"အိုခေ"

www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေတဲ့မျက်နှာလေးက ကြည်စင်နေတာပဲ။ မသန့်စင်တဲ့ မျက်နှာဖုံးတွေမရှိဘူး။ မုန်းလို့ပဲဖြစ်စေ ချစ်လို့ပဲဖြစ်စေ မျက်နှာဖုံးတွေ စွပ်ထားတတ်ကြပေမယ့် သူမ မျက်နှာမှာ အခု မျက်နှာဖုံး လုံးဝမရှိတာ ကျွန်တော် သေချာသိနေတယ်။

မျက်နှာဖုံးရှိနေတာက ကျွန်တော်။ သူ့အကြောင်းတွေ ကျွန်တော် အကုန်သိနေပေမယ့် ကျွန်တော့်အကြောင်း သူ ဘာမှ မသိဘူး။ ဒါပေမဲ့ ကျွန်တော် အခု မျက်နှာဖုံးကို မချွတ်ရဲသေးဘူး။

မျက်နှာဖုံးချွတ်လိုက်လို့ မတော်တဆ ဆုံးရှုံးလိုက်ရမှာကြောက်နေတယ်။ သူမရဲ့ အတိတ်တွေက ခြောက်လှန့်နေတယ်။ သူမကို ယုံတယ်ဆိုရင်တောင် 100 %တော့ မဟုတ်ဘူး။

ဒီအခါကြောင့် ကျွန်တော့်မျက်နှာဖုံးကြီး မချွတ်ရဲဘူးဗျာ။

ကျွန်တော့်ဘဝမှန်ကို သူ လက်ခံလိမ့်မည်လို့ မသေချာရဲတာ ကျွန်တော် သူ့ကို ဆုံးရှုံးမှာကြောက်လို့ပါဗျာ။

✧ ✤ ✧





မေမေမသိအောင် ကိုနဲ့ တိတ်တိတ်ကလေး ခိုးပြီး ချစ်နေရတာ ပျော်စရာကောင်းပါသည်။

ကိုဟာ ဟကယ်ကို သူမအတွက် ချစ်သူကောင်းတစ်ယောက်။ သူမအပေါ် စာနာနားလည်မှုတွေ ပေးသည်။ သူမ ကောင်းခဲ့တာတွေကိုလည်း ခွင့်လွှတ်ပေးသည်။

ချမ်းသာလို့ ချစ်တာမဟုတ်ဘူး ဆိုပေမယ့် ကို့ရဲ့ ချမ်းသာမှုတွေကိုလည်း သဘောကျသည်။

ရုပ်ချောသဘောကောင်း ရေလည်းလျှံသော ချစ်သူကိုရတဲ့ သူမရဲ့ကံတရားကိုလည်း ရွှေတောင်ချထားချင်မိသည်။

ဟကယ်ဆို ရုပ်ကလေးကလွဲရင် သူမဘဝက မက်လောက်စရာ ဘာမှ မရှိပါ။ ဒါပေမဲ့ ကိုက သူမကို အမြတ်တနိုး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမ ယောကျ်ားလုံးရဲ့ ကွန်ဒိုမှာနေရတာ လည်း လိပ်ပြာမသန့်။

"မေမေ သမီးတို့တိုက်ခန်းလေးကိုပဲ ပြန်ပြောင်းရအောင် လေ"

"ဘာအရူးထတာလဲ မိခင်နဲ့ဆိုးရယ်၊ ငါ မပြောချင်လို့ ကြည့်နေတာကို အကောင်းမှတ်မနေနဲ့၊ မအေက ကောင်းဖို့ စီစဉ်တာတွေကို ပုန်ကန်ဖို့မစဉ်းစားနဲ့၊ ငါလုပ်နေတာတွေ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ညည်းဖို့ချည်းပဲ"

"တော်ပါ မေမေရယ်၊ လူမချမ်းသာရင်နေပါစေ၊ ကိုယ်ကျင့် တရားချမ်းသာချင်တယ်၊ မြန်မာပြည်မှာ ထမင်းငတ်သေတဲ့ သူတော့ မရှိသေးပါဘူး မေမေ၊ အဓိက ကိုယ်စားလိုက် တဲ့ထမင်းတစ်လုတ်တိုင်း ဖြူစင်ပြီး အပြစ်ကင်းဖို့ အဆိပ် အတောက် မဖြစ်ဖို့ အရေးကြီးတာ"

"ငါသိတယ်၊ မအေထက် တစ်လကြီးမနေနဲ့၊ ငါ အားလုံး နားလည်တယ်၊ နောက်ဘဝက နောက်ကိစ္စပဲ၊ အခုလက်ရှိ ကောင်းကောင်းနေရဖို့ပဲ အရေးကြီးတယ်၊ ဘယ်သူသေသေ





ငတေမာရင်ပြီးရောဆိုတာလေ စကားလုံးကြွမ်းပေမယ့် ငတေက မမာဘဲ ပျော့နေရင် သေတဲ့အထဲပါမှာ၊ မာမှ အသက်ရှင်ခွင့်ရမှာ"

"ပိုက်ဆံဆိုတာ တစ်ဘဝပဲ သုံးလို့ရတာပါ မေမေ"

"အေး နောက်ဘဝဆိုတာကိုလည်း ငါက စိတ်မဝင်စား ဘူးလို့ ပြောပြီးပြီလေ"

"မေမေ"

"ငါ့ကို ပြန်မပြောနဲ့၊ ငါခိုင်းတာပဲလုပ်"

မေမေ ရှုးသွပ်သွားပြီလား။ မေမေ့အတွက်တွေက ကြောက်စရာကောင်းလိုက်တာ။ သူမ တော်တော်စိတ်ဆင်းရဲသွား သည်။

"ဒီကွန်ဒိုကလည်း ပြောင်းစရာမလိုဘူး၊ ကိုရဲကိုလည်း အဆင်ပြေပြေဆက်ဆံ၊ ငါ အခု ကိုရဲဆီက စိန်တွေကို အရောင်းအဝယ် လုပ်နေတာ မျက်နှာမပျက်ချင်ဘူးနော်၊ ပြီးတော့ မင်းဒီနဲ့ အခင်မပြေရင် တခြားသားကောင်ရှာ ဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး မေမေ၊ ကိုရဲကို မိတ်ဆွေလိုဆက်ဆံပေးလို့ ရတယ်၊ နောက်ထပ်ယောကျ်ားတစ်ယောက်ကိုတော့ မချ[illegible] နိုင်းပါနဲ့တော့၊ သမီး မလုပ်နိုင်ဘူး"

"မဂေါက်ပါနဲ့အေ၊ အခု ငါတို့ရထားတာက ဘာမှ မရှိ သေးဘူး"

"တော်ပြီ မေမေ၊ သမီးကို မနိုင်းပါနဲ့၊ မေမေလည်း မဟုတ်တာတွေ မလုပ်ပါနဲ့တော့၊ ရှက်စရာကောင်းလွန်းလို့ ပါ"

"ဒီမှာ ဘာမှ ရှက်နေစရာမလိုဘူး၊ လုံလောက်အောင် ရပြီးရင် ဒီမှာလည်း မနေတော့ဘူး လစ်မှာ"

"မေမေက ဘယ်သွားမလို့လဲ"

"စင်ကာပူမှာ သွားနေမလို့"

"ဘုရားရေ မေမေ"

အင်္ဂလိပ်စကားဆိုတာ ထမင်းစားရေသောက်တောင် မပြောနိုင်။ တရုတ်စာဆိုတာ ဘူးသီးကြော်တွေလားလို့ မေးရမယ့် မေမေက စင်ကာပူမှာ သွားနေမတဲ့။

မေမေ ပုံမှန်မှ ဟုတ်သေးရဲ့လားလို့ ထင်မိသည်။ စင်ကာပူတဲ့။





"ဟုတ်တယ်လေ၊ ဒီလောက် လူတကာဆီကလိမ်ပြီးမှတော့ ဒီမှာ ဘယ်လိုလုပ်ပြီး မျက်နှာပြောင်တိုက်ပြီး နေလို့ရမလဲ၊ နိုင်ငံခြားကိုပဲ ဒိုးမယ်"

"မေမေ လိမ်တာမကောင်းမှန်းသိရက်နဲ့ ဘာလို့ လိမ်နေ တာလဲဟင်"

"မေမေ သိပ်ကို ပင်ပန်းခဲ့လို့ပါ သမီးရယ်၊ ချမ်းသာချင် တယ်၊ ဘဝမှာ တစ်ခါလောက်ဖြစ်ဖြစ် ချမ်းချမ်းသာသာ ကြီးနေဖူးချင်တယ်၊ သမီးအဖေလို မျက်နှာမွဲကို ချစ်ခဲ့မိ လို့ မေမေ့မှာလေ မင်္ဂလာလည်း ကောင်းကောင်းမဆောင်နဲ့ ရဘူး၊ သူများတွေ ပြောပြောနေကြတဲ့ ဟန်းနီးမွန်းဆိုတာ ဘာမှန်းတောင်မသိဘူး၊ ဒီကြားထဲ သမီးအဖေ ဆုံးသွား တော့ ပိုဆိုးတယ်၊ ကလေးတစ်ယောက်နဲ့ ရုန်းကန်ခဲ့ရတာ အို ... မေမေ ချမ်းသာချင်တယ် သမီးရယ်"

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီက လက်ထပ်ဖို့ အစီအစဉ်တွေ ဆွဲနေမိသည်။ မင်းဒီ ပိုက်ဆံစုထားတာတွေရှိပါသည်။ ရှိတဲ့ပိုက်ဆံတွေနဲ့ မြို့စွန်ဘက်မှာ ဈေးနည်းတဲ့ ခြံကွက်ကလေးတွေ ဝယ်ထားတာတွေရှိသည်။

ထိုခြံကွက်ကလေးတွေက မင်းဒီ ဝယ်ထားတုန်းက ဘာမှ မရှိ။ ခုတော့ ဈေးလေးတွေရသင့်သလောက်ရပြီမို့ ထုတ်ရောင်းလိုက်သည်။ သူမနဲ့နေဖို့ သူပိုင်တဲ့ တိုက်ခန်းကလေးက သိမ်နုတ်လွန်းနေတာမို့ တိုက်ခန်းလေးကိုပါရောင်း။ အားလုံးပေါင်းလိုက်တော့ တန်ဖိုးနည်း ကွန်ဒိုလေးတစ်ခန်းနဲ့ ကားတစ်စီးစာ ထွက်လာသည်။ တိုက်ခန်းလေးကိုလည်း လှလှပပ နေချင့်စဖွယ်လေးပြင်ဆင်ထားကာ အိမ်ထောင်ပရိဘောဂတွေကိုလည်း သူ





တတ်နိုင်သလောက်နဲ့ ကောင်းကောင်းလေးတွေ ထည့်ထားလိုက်သည်။ မချမ်းသာပေမယ့် နေချင့်စဖွယ်တော့ ရှိပါသည်။

ကောင်မလေး သူ့ကို ကြွေနေတာလည်း သူသိပါသည်။ သူ မချမ်းသာဘူးဆိုရင်လည်း သူမ စိတ်မဆိုးလောက်ပါဘူး။ သေချာအောင် အစီအစဉ်တွေလည်း ဆွဲထားသည်။

သူ ခင်နွဲ့ဆိုးကို လုံးဝ လက်လွှတ်မခံပါ။

သူ့ဒွေးက သူ့အတွက် ခင်နွဲ့ဆိုးကို မ,လာခိုင်းထားပါသည်။ ဒါပေမဲ့ သူ ကျန်စစ်သားမဟုတ်တဲ့အတွက် သူ့ချစ်သူကိုသူ့ဒွေးလက်ထဲ မအပ်နိုင်ပါ။

သူပဲ မိဖုရားမြှောက်မှာပါ။

ထို့အတွက် အဆိုးဆုံး တုံ့ပြန်မှုက သူ့ဒွေး သူ့ကို အလုပ်ကထုတ်ပစ်နိုင်ပါသည်။ ထိုအရာအတွက်လည်း သူ ကြိုတင်ပြင်ဆင်ထားပါ၏။ သူသာအလုပ်လိုက်လျှောက်မည်ဆိုရင် ပြိုင်ဘက် ကုမ္ပဏီတွေက ဝမ်းသာအားရ ကြိုဆိုကြမှာပါ။ သူ့ဒွေးကို သူ သစ္စာမဖောက်ချင်ပေမယ့် သူ့ဒွေးသာ သူ့ကို အလုပ်ထုတ်ခဲ့ရင် သူ့မှာ ရွေးစရာမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ လက်ထပ်ဖို့ အစစအရာရာ ပြင်ဆင်ရင်း ပျော်ရွှင်နေသည်။

လက်ထပ်စာချုပ်လည်း ဝယ်ပြီးပါပြီ။ စာချုပ်အဖုံးလေးကလည်း လှလိုက်တာ စက်စက်ယိုလို့ပေါ့။ ဆင်စွယ်ရောင်အပွင့်လှလှလေးတွေပေါ်မှာ ရွှေရောင် ပုလဲလုံးလေးတွေကပ်လို့။

သူမအတွက် မှန်တင်ခုံကိုတော့ အကောင်းစားလှလှလေးဝယ်ပေးထားသည်။ သူ ပြင်ဆင်ထားတဲ့ မင်္ဂလာခန်းကိုလည်း သူမ နှစ်သက်ကောင်းပါရဲ့။

ဘာပဲဖြစ်ဖြစ် သူမ ပျော်မှာပါလေ။

✧ ♣ ✧





"ကလေး ... ကို့ကို လက်ထပ်မှာလား"

"ကိုကရော"

"ကို့လောက် ကလေးကို ပိုင်ဆိုင်ချင်တဲ့သူ ဒီကမ္ဘာမှာ ရှိမှာတောင်မဟုတ်ဘူး"

ခင်နွဲ့ဆိုးက ပြုံးနေသည်။ ချစ်သူဆီက ဒီလိုစကားမျိုးကြားရတာလောက် ပီတိဖြစ်ရသူ ရှိမှာတောင် မဟုတ်ဘူးလေ။

ပြီးတော့ သိပ်ကို ချမ်းသာချင်တဲ့သူ့မိခင်ရဲ့ ဆန္ဒတွေကိုလည်း ဖြည့်ပေးရာရောက်တာပေါ့။

"ဟေး ... ဘာတွေ တွေးနေတာလဲ"

"ပြန်ပြောလေ"

"ဟင်း ဟင်း ... ကိုရယ် ... နွဲ့ဆိုးက ကို့ကိုမှ တကယ်ချစ်မိသွားတယ်လို့ ပြောပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်လုံးထဲ တစ်ယောက် သေချာစိုက်ကြည့်နေသည်။

နှစ်ယောက်စလုံးက ဆရာကြီးတွေ။ တစ်ယောက်ကိုတစ်ယောက် ညှို့ယူဖမ်းစားဖို့ အားပြိုင်နေကြသည်။

ကြာလာတော့ မိန်းကလေးကပဲ အရှုံးပေးရသည်။ နှဲ့ဆိုးက ရှက်ကာ မျက်လွှာချသွားသည်။ သူက နှဲ့ဆိုးကို ရင်ခွင်ထဲ ဆွဲသွင်းကာ ဖွဖွကလေးဖက်ထားလိုက်သည်။ နှဲ့ဆိုးက သူ့ရင်ခွင်ထဲ မျက်နှာအပ်ကာ ...

"ကိုကို နှဲ့ဆိုး လက်ထပ်မယ်"

တိုးတိုးကလေး ကပ်ပြောသည်။ ရင်ခွင်ထဲကို ဖွဖွကလေးယိုသည်။ ကြည်နူးလိုက်ရတာလေ။ ဒါပေမဲ့ စိုးတစ်ဝက်စိတ်နဲ့ပါ။ သူက မရိုးသားတော့ အပြည့်အဝ ပျော်နိုင်ဘူးလေ။

"ဒါဆို ကိုတို့လက်ထပ်ကြမယ်နော်"

"ဟုတ်"

"ကိုကိုကလေ ကလေး မေမေဆီမှာ လာတောင်းပြီးလက်မထပ်ချင်ဘူး၊ ကလေးကို ခိုးပြေးချင်တယ်"

"ဟင် ... ဘာဖြစ်လို့လဲ"





"ပျော်ချင်လို့ ကြည်နူးချင်လို့၊ ကိုတို့ ဘယ်သူမှ မသိအောင်လက်မှတ်ထိုးမယ်၊ ပြီးရင် လက်ထပ်ပြီးစီးကြောင်း သတင်းစာထဲထည့်မယ်၊ ပြီးတော့ ကလေးကို ငွေဆောင်ကို ခိုးပြေးမယ် ပျော်စရာကြီး"

"ကို ... ကို ကျွန်မကို တိတ်တိတ်ပုန်းယူဖို့ စဉ်းစားနေတာလား၊ ကိုပြောတာတွေ အဓိပ္ပာယ်မရှိဘူးနော်၊ ကို့အနေအထားနဲ့ ဒီလိုလုပ်စရာလား၊ ကို နောက်နေတာလား"

"နိုး ... နိုး ... ကိုက ရိုမန့်တစ်ဆန်ချင်တာ၊ မလေ့ထုံးစံအတိုင်းလုပ်ရတဲ့ ပကာသနမင်္ဂလာပွဲကြီးတွေက ရင်ခုန်စရာမကောင်းဘူး၊ ပြီးတော့ ကလေးရဲ့မေမေဆီမှာ သွားတောင်းရင် စိတ်ပျက်စရာတွေ တောင်းဆိုရင်လည်း ကို့စိတ်ထဲအဆင်ပြေမှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ကိုက ကလေးမေမေအကြောင်း သိနေတာကိုး၊ ဘာမှ မသိထားရင်တော့တစ်မျိုးပေါ့၊ ကို ကလေးကို တန်ဖိုးမထားလို့ ဒီလိုလုပ်တာမဟုတ်ဘူး၊ ကိုက ဆယ်ကျော်သက်လေးတွေလို မိုက်ရူးရဲလုပ်ကြည့်ပြီး ရင်ခုန်ချင်တာ၊ ဖြစ်နိုင်ရင် ကလေးဘက်ကသဘောမတူဘဲ လိုက်ခဲ့တာ ဘာညာမျိုးလုပ်ရင် ပိုတောင်ရင်ခုန်စရာကောင်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်နွဲ့ဆိုးက မယုံသလိုလို ကြည့်နေသည်။

"ကိုပြောတာကို လက်မခံနိုင်ဘူးလား"

"ကို နွဲ့ဆိုးဘက်ကိုရော စဉ်းစားမိလား၊ နွဲ့ဆိုးက သိပ်ချမ်းသာတဲ့ချစ်သူကို လက်ထပ်ဖို့ ဘယ်လိုတွေ စိတ်ကူးယဉ်ထားမယ်ထင်လဲ ကို၊ နွဲ့ဆိုးဘ၀ နွဲ့ဆိုး အနေအထားကို ကိုအသိဆုံးပါကို၊ ကို့လိုသူဌေးတစ်ယောက်နဲ့ တရားဝင် လက်ထပ်ခွင့်ရတဲ့ နွဲ့ဆိုးက ခမ်းနားတဲ့ မင်္ဂလာပွဲကြီး၊ ဒင်နာပွဲကြီးတွေနဲ့ တင့်တယ်ချင်မယ်ဆိုတာ ကို မသိဘဲတော့ မနေလောက်ပါဘူးနော်၊ ကို ရှူးချင်တယ်ဆိုရင်တောင် နွဲ့ဆိုးဘက်ကို ထည့်စဉ်းစားပေးသင့်တယ် ကို"

"လုပ်ပေးမှာပါ၊ ကိုတို့ ငွေဆောင်ကပြန်လာရင် မင်္ဂလာပွဲရော ဒင်နာပါလုပ်ပေးမှာ ကို စီစဉ်ထားပြီးသားပါ"

"မဟုတ်သေးပါဘူး ကိုရယ်၊ ကိုက မိဖုရားခေါင်မြှောက်တယ်လည်းပြောသေးတယ်၊ ဘိသိတ်လည်း မသွန်းချင်ဘူးဆိုတာလို ဖြစ်နေတယ်"

"အေးလေ ... နွဲ့ဆိုးက မဖြစ်မနေမှ အဲလို လုပ်ချင်တယ်ဆိုတော့လည်း ကို လုပ်ပေးပါ့မယ်"





"ကို အဲလို အောင့်သက်သက်နဲ့တော့ မလုပ်ပေးနဲ့ စိတ်ပါလက်ပါနဲ့ စီစဉ်ပေးတာမှ မဟုတ်ဘဲ၊ တောင်းဆိုလို့ လုပ်ပေးတာမျိုးကို မလိုချင်ဘူး"

သူတို့နှစ်ယောက်ကြားမှာ မုန်တိုင်းဖြစ်ကာနီးလေဖိအားနည်းရပ်ဝန်းလို ဆက်ဆံရေးမျိုးဖြစ်နေသည်။ မုန်တိုင်းအဖြစ် ဆက်လက်အားကောင်းလာမလား၊ အားပျော့ပျက်ပြယ်သွားမလားဆိုတာကတော့ ...။

✧ ✤ ✧

မေးစရာ၊ အကြံပြုစရာ၊ မိတ်ဆက်စရာများ ပေးပို့လိုပါလျှင်
အမှတ်-၉/၁၁၊ လွှာ(ဂ)၊ ဓမ္မဝေတီလမ်း (အောက်လမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

မင်းဒီရဲ့သဘောထားကို မင်နဲ့ဆိုး ဆန်းစစ်နေမိသည်။ သူ့မိခင်ကို မပြောထားတာမို့ တိုင်ပင်စရာလူလည်းမရှိ။

ဒီလောက်ချမ်းသာတဲ့ဟာကို နိုးပြေးမယ်ဆိုတာက သူမကို မချိုးမြှောက်ချင်တာလား၊ ဒါမှမဟုတ် ဘုရားဝင်စေနိုး မယားရှိနေလို့လား။ ဝေခွဲမရပါ။

လူ့သဘောဆိုတာကလည်း ဝေခွဲမရဘူးလေ။ သူမကိုတော့ တော်တော်ချစ်ပုံရသည်။

မင်းဒီ လူပျိုဆိုရင်တော့ ပြဿနာမရှိပါ။ သူ လူပျိုမဟုတ်ရင်တော့ သူမဘဝက သွားပြီ။

ပြီးတော့ ခိုးရာလည်း မလိုက်ချင်ပါ။ ဘယ်မိန်းကလေးမဆို တင့်တောင်းတင့်တယ် လက်ထပ်ယူတာပဲ ခံယူချင်တာပါ။ ခိုးရာလိုက်ချင်တယ်ဆိုတဲ့ မိန်းကလေးတော့ တော်တော်ရှားလိမ့်မယ်ထင်ပါရဲ့။





မင်းဒီရဲ့ သဘောထားကို မှန်းရခက်နေ၏။ အိမ်မှာသည်း မေမေနဲ့ သိပ်အဆင်မပြေ။ စိတ်တွေ ရှုပ်နေပါသည်။

မင်းဒီကို သူမက စပြီး လိုက်ခဲ့ရတာပါ။ မင်းဒီချမ်းသာတယ်သာပြောတာ သူမ ဆေးရုံတက်တုန်းက ဆေးဖိုးတွေရှင်းပေးတာကလွဲရင် သူမကို ဘာအဖိုးတန်ပစ္စည်းမှ ပိုးကြေးနန်းကြေးမပေးပါ။ သူမတို့သားအမိရဲ့ ချူဆီဇာတ်လမ်းတွေကိုသိထားတာမို့ တမင်မပေးတာ နေမှာပါ။ အခုကိစ္စမှာလည်းသူမကိုစမ်းချင်လို့ နိုးပြေးဖို့ ပြောတာလား။

သူမစိတ်ဓာတ်ကို သိချင်လို့ စမ်းနေတာလား။ ဖြစ်နိုင်သည်။ မင်းဒီလို သူဌေးက လာမတောင်းဘူး နိုးပြေးမယ်ဆိုကတည်းက သူမစိတ်ကို စမ်းတာပဲနေမှာ။ သူမ ဘက်ကလျှော့ဘဲ လာတောင်းခိုင်းရင် သူ စိတ်များကွက်သွားမလားသိနိုင်ပါ။

သူမ တော်တော်အုံးစားနေပါသည်။ ပြီးတော့ ခိုးရာလိုက်ဖို့အတွက် မသိစိတ်က ယိုင်ချင်ချင် ဖြစ်နေပြီ။ အချစ်ဆိုသော ပဝါပါး ဖုံးလွှမ်းလာတဲ့အခါ အမှန်တရားဆိုတဲ့ မြင်ကွင်း

www.burmeseclassic.com



က ဝေဝါးသွားတတ်ပါသည်။ အချစ်စိတ်တွေက ဖုံးကွယ်ထားတဲ့ အခါ နှလုံးသားရဲ့ခေါ်ဆောင်ရာနောက်ကိုပဲ ကောက်ကောက်ပါ ပြီး အမှန်တရားကို ဝေဖန်ပိုင်းခြားနိုင်စွမ်း လျော့ကျတတ်ပါသည်။

ခုလည်း မင်းဒီက သူမကို လိမ်နေတာကို လုံး မရိပ်မိဘဲ တခြားဘက်က လှည့်တွေးနေပါ၏။

လူ့စိတ်ဆိုတာ ဒီလိုပါပဲ။ အကြောင်းအရာ တစ်ခုကို ယုံချင်လာရင် အတင်းကို ဖွတ်မှိတ်ယုံပစ်တတ်သည်။ မယုံကြည် ချင်တဲ့ အကြောင်းအရာဆိုရင်လည်း သံသယမေးခွန်းပေါင်း တစ်ထောင်နဲ့အဘက်ဘက်က လက်မခံနိုင်စရာတွေကိုပဲ တွေးတော ရှိသည်။ စိတ်ရဲ့သဘော စောကြောရ ခက်ပါသည်။

အခုလည်း မင်းဒီရဲ့လုပ်ရပ်ကို သိစိတ်က လက်မခံ နိုင်ပေမယ့် မသိစိတ်ကတော့ ခေါင်းညိတ်နေပြီ။

ကိုယ်လက်ခံတဲ့ အမှန်တရားကို ချစ်တဲ့စိတ်က ချေဖျက်ပစ်တော့မည်။

မင်းဒီနဲ့ သူမ တစ်ယောက်ကိုတစ်ယောက် အပြိုင် ညှို့ယူဖမ်းစားခဲ့တယ် ဆိုရင်တောင် သူမပဲ ရှုံးပါသည်။





မင်းဒီ သူမကို တကယ်ချစ်တာကို သူမသိသည်။ ဒီအသိတရား တစ်ခုတည်းနဲ့ မင်းဒီကို အပြည့်အဝ ယုံကြည် ခဲ့သည်။

မေမေ့ရဲ့အယူအဆ အများတွေကလည်း သူမကို မင်းဒီရှိရာ တွန်းပို့နေသည်။ ဒီကိစ္စအတွက် မေမေ့ကို လုံးဝတိုင် တင်ချင်စိတ် မရှိတာလည်း သူမရဲ့ကံတရားပါပဲ။ ဒါပါပဲ။ မကောင်း ချင်လာရင် ဘက်စုံတွန်းပို့ ခံရတတ်ပါသည်။ အဲဒါကိုက ကံ တရားပါပဲ။

မသိစိတ်က တွန်းပို့နေသည်။
သိစိတ်က လက်မခံနိုင် ဖြစ်နေသည်။
နှလုံးသားက တွန်းပို့နေပြီး
ဦးနှောက်က လက်မခံနိုင်။
ခိုးရာလိုက်ဖို့နဲ့ လာတောင်းခိုင်းဖို့
စိတ်နှစ်ခုက လွန်ဆွဲနေသည်။

လက်ထပ်ချင်ပါသည်။ ချစ်သူနဲ့အတူ နီးစပ်ခွင့်ရဖို့ တနကို စတေးရမလား။ ဆုပ်ကိုင်ထားရမလား။

သူမစိတ်ကို စမ်းသပ်တာလား။



www.burmeseclassic.com

www.burmeseclassic.com



သူမ မာနဆက်ကြီးနေလိုက်ရင် လွဲသွားနိုင်သလား။ သေချာတာကတော့ သူမ ချစ်တဲ့သူကို လုံးဝလက်လွှတ်ဆုံးရှုံးမခံနိုင်။ မင်းဒီ အကြောင်းကိုလည်း သေသေချာချာ အတွင်းကျကျ မသိတော့ ဝေခွဲမရပါ။

သိအောင်လည်း ဘယ်လိုစုံစမ်းရမလဲ။ ဘာအဆက်အသွယ်မှ မရှိ။ မေမေ စုံစမ်းသိရသလောက်ပဲ သူမ သိထားခဲ့တာ။

သေချာတာက သူမ သူ့ကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး။

ကဲ ... ဒါဆိုရင်တော့ ဖြစ်သမျှအကြောင်း ချစ်သူနဲ့ ပေါင်းရဖို့လို့ပဲမှတ်။

✧ ✤ ✧





မင်းဒီကလည်း သူမကို ပိုင်ဆိုင်ရဖို့ပဲ တွက်နေမိသည်။ သူ့ကို သူမ ကြွေနေတာ သိသည်။ ဒါပေမဲ့ သူနိုးပြေးမယ်ဆိုတာကို အင်နေပုံရသည်။ အေးလေ ... သူ့လုပ်ရပ်ကလည်း ယုတ္တိမှ မရှိတာကိုး။ သူသာ တကယ်ချမ်းသာရင်လေ မင်္ဂလာပွဲကို သက်စေ့ကျင်းပ ပေးလိုက်ချင်ပါရဲ့။

ဒါပေမဲ့ သူ့အဖြစ်က ရွှေကျောင်းပြောင်ပြောင် မင်းခေါင်ခေါင်လေ။

ဒီတော့ သူမကို မလိမ့်တပတ်နဲ့ပဲ ခေါ်သွားဖို့ ဆုံးဖြတ်လိုက်သည်။

သူ့နောက် ပါလာပြီးရင်တော့ သူမ ငြင်းတော့မှာ မဟုတ်ပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကပေါ့။

သူကလည်း သူမကို ခိုးပြေးဖို့ စဉ်းစားထားသလို သူမကလည်း သူ့နောက်လိုက်ဖို့ ဆုံးဖြတ်ချက် ချလာပါသည်။

"ကလေး ဘယ်လိုလဲ"

"နွဲ့ဆိုးက ချစ်တော့လည်း နွဲ့ဆိုးဘက်ကပဲ အလျှော့ပေးရတော့မှာပေါ့။ နွဲ့ဆိုး ကို့နောက်ကို လိုက်ခဲ့ပါမယ်"

"တကယ်"

"တကယ်ပေါ့၊ ဒါပေမဲ့ တစ်ခုတော့ ထပ်မေးချင်သေးတယ်"

"ဘာမေးမှာလဲ"

"ကို လူပျိုဆိုတာ သေချာပါတယ်နော်။ နွဲ့ဆိုးက ဒုတိယ မဖြစ်ချင်သလို အငယ်အနှောင်းလည်း မဖြစ်ချင်ဘူး။ နွဲ့ဆိုး ယောက်ျားတွေကို ချူခဲ့တယ် ဆိုပေမယ့် နွဲ့ဆိုး ဘဝကို သန့်စင်စွာနဲ့ပဲ ဖြတ်သန်းလာတာပါ ကို အဲဒါကြောင့် ချူတာတောင် လူပျိုကြီးတွေကိုပဲ ချူခဲ့တာ။ မတော်တဆ ပတ်သက်မိရင်လည်း ယူလို့ရအောင်လို့"





"စိတ်ချ ... ကိုယ် လူပျိုစစ်စစ်။ ဘယ်တော့မှ အငယ်မဖြစ်စေရဘူး"

"နွဲ့ဆိုးကိုရော ယုံရဲ့လား ကို"

"ယုံတယ်၊ ချစ်လည်း ချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ ဘယ်တော့မှ မခွဲဘူး"

နွဲ့ဆိုးက ပြုံးမြမြကလေးနဲ့ ကြည့်လာ၏။

"ညိုမြလာမလုပ်နဲ့ အသည်းယားရင် သိတယ်နော်"

နွဲ့ဆိုးက မချိုမချဉ်နဲ့ နှာခေါင်းရှုံ့ပြသည်။

"ခုပဲ တရားရုံးသွားမလား ကလေး။ ကိုယ့်ကားထဲမှာ လက်ထပ်စာချုပ်က အဆင်သင့်ပဲ"

"ခုချက်ချင်းကြီးလား"

"အင်း"

"နေပါဦး ... တစ်ရက် နှစ်ရက်လောက်"

"မနေတော့ဘူးလေ။ အခု လက်မှတ်သွားထိုးမယ်။ ပြီးရင် သတင်းစာတိုက်ကို လက်ထပ်ပြီးစီးကြောင်း ကြော်ငြာသွားထည့်မယ်။ ပြီးရင်တော့ ငွေဆောင်ကို ဒိုးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခုချက်ချင်းကြီးတော့ မလိုက်ချင်သေးပါဘူး။ ဘာမှလဲ မပါဘူး"

"ဘာမှ မလိုပါဘူး။ ကလေးလိုသပ်တာကို ဝယ်ပေးမှာ ပေါ့။ အဓိက မှတ်ပုံတင်ပဲလိုတာ။ ပါလား"

"မပါဘူး"

"သေချာလို့လား"

"ဩော် ... မှတ်ပုံတင်က မေမေ သိမ်းထားတာ။ နွဲ့ဆိုး ဘယ်လိုလုပ် ပါမှာလဲ။ မေမေ မသိအောင် မှတ်ပုံတင် ယူရဦးမှာ"

"အဲဒါ အရေးကြီးတယ်။ မှတ်ပုံတင်ယူပြီး မနက်ဖြန်ပဲ လာခဲ့တော့"

"လက်မှတ်ထိုးဖို့လား"

"အင်း"

"နေပါဦး၊ မနက်ဖြန် နေ့ကောင်းလို့လား တော်ကြာ ပြဿဒါးတွေ ဘာတွေ ဖြစ်နေဦးမယ်"

"ဒါတွေ အယုံအကြည် မရှိပါဘူး"





"မယုံလည်း လိုလိုမယ်မယ် လိုက်နာရမှာပဲ။ ဘဝနဲ့ဆိုင် တဲ့ ကိစ္စကို လုပ်မှာလေ။ အိမ်ရောက်မှ ပြက္ခဒိန်ကြည့် ပြီး ရက်ရာဇာကျတဲ့နေ့ ရွေးလိုက်ဦးမယ်"

"အေး ... ရွေး ... ရွေး၊ ရက်ရာဇာက စနေ တနင်္ဂနွေ ကျနေရင် တရားရုံးက မဖွင့်ဘူး"

"ဒါဆိုလည်း တရားသူကြီးကို အိမ်ခေါ်ပြီး လက်မှတ်ထိုး မှာပေါ့၊ ကိုကလည်း"

နောက်ဆုံး သူပဲ အရှုံးပေးလိုက်ရသည်။

ထို့နောက် သူတို့နှစ်ယောက် ဖုန်းထဲက ပြက္ခဒိန် ကိုကြည့်ကာ ရက်ရာဇာ ရွေးကြသည်။ ကံကောင်းချင်တော့ ကြာသပတေးနေ့ကျသည်။

မဟုတ်ရင် တရားသူကြီး အိမ်ခေါ်ရင် ပိုက်ဆံပို ကုန်မှာလေ။

"မှတ်ပုံတင်ပါရင် တော်ပြီ။ ကျန်တာ ဘာမှ မယူခဲ့နဲ့ နော်"

"ဟုတ်ကဲ့ပါ ကို"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူမနဲ့ လမ်းခွဲပြီးတော့ သူက အဆင်သင့် ဝယ်ထားသော လက်ထပ်စာချုပ်ကလေးကို လက်နှိပ်စက်နဲ့ ကွက်လပ်ဖြည့်လိုက်သည်။ အားလုံး Ready ။ လက်မှတ်ထိုးရုံပဲ ကျန်တော့သည်။ရင်တွေခုန်ရလွန်းလို့ ကားတောင်မနည်းမောင်းရသည်။

✧ ✤ ✧





သူမ မှတ်ပုံတင်ကို မေမေက သိမ်းထားတာမို့ သူမမှာ ဖြန်းခနဲ မှတ်ပုံတင်တောင်းဖို့ကလည်း အဆင်မပြေ။ မေမေကလည်း ဘယ်နားသိမ်းထားမှန်းမသိ။

ခုနေ မှတ်ပုံတင်တောင်းလို့ကတော့ သံသယဝင်ခံရမှာ သေချာသည်။

မှန်တင်ခုံ၊ အဝတ်ဗီရို၊ ရှိသမျှ စားပွဲတွေ၊ အံဆွဲတွေ၊ မီးခံသေတ္တာ အသေးလေး စသဖြင့် ရှာစရာတွေက များသည်။ သော့ကတော့ မေမေ့အခန်းထဲက ခုတင်ဘေးက စားပွဲပေါ်တင်ရှိပါသည်။

သားအမိနှစ်ယောက်တည်း နေတာမို့ သိပ်ခက်ခက်ခဲခဲ သိမ်းမနေပါ။ ဘယ်နားထားမှန်း မသိလို့သာ ရှာရမှာ။ ရှာတယ်ဆိုတာလည်း မေမေ့အလစ်ကို ရှာရမှာလေ။

www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ ကြာသပတေးနေ့အမိ ရချင်နေသည်။ ကိစ္စတော့မရှိပါဘူးလေ။ ဒီရက်ရာဇာ မရတော့လည်း နောက်ရက်ရာဇာပေါ့။

မေမေကလည်း ဒီရက်ပိုင်း အပြင်သိပ်မထွက်ဘဲ အိမ်ကပ်နေသည်။ အပြင်ထွက်ရင်လည်း သူမကို အတင်းခေါ်နေသည်။

အမိက,ကတော့ နောက်ထပ် သားကောင် ရှာနေပုံပဲ။ သူမကတော့ မလိုက်ချင်လို့ နည်းမျိုးစုံနဲ့ ငြင်းနေသည်။ မရပါဘူး။ ခုတလော မေမေက ဘူးဆို ဖရုံမသီးဘူး ဖြစ်နေသည်။

သူမကလည်း မေမေ့အလစ်ကိုပဲ ကျားသစ်ချောင်းချောင်းနေမိသည်။

မေမေနဲ့ ကိုရဲလည်း ခုတလော ပိုပြီးလုံးနေကြသည်။ ကိုရဲက သူမကိုတောင် လက်စွပ်တစ်ကွင်း ပေးသေးသည်။

စိန်နဲ့ YE လို့ ပုံဖော်ထားသော လက်စွပ်ကို လက်သူကြွယ်မှာ ဝတ်ပေးရင်း ...

"နွဲ့ဆိုးလေး တစ်သက်လုံး မချွတ်ရဘူးနော်။ ချွတ်ခွင့်မရှိတော့သလို ဒီလက်စွပ်နေရာမှာ တခြားလက်စွပ် အစားထိုးခွင့်မရှိဘူး"





"ဟိုလေ"

"နိုး ... ဘာမှမပြောနဲ့၊ ကိုရဲကို မချစ်ဘူးလား"

"ချစ်ပါတယ်"

ထိုစကားကတော့ မုသား မဟုတ်ပါ။ ကိုရဲကို ညီမသားချင်းလို၊ အစ်မတစ်ယောက်လို ချစ်ပါသည်။ ဒါပေမဲ့ ကိုရဲကတော့ လိုရာဆွဲတွေးမှာ သေချာပါသည်။

သူမပါးကို ဆွဲဖျစ်လိုက်၊ မေးစေ့ကို ဆွဲဖျစ်လိုက်နဲ့သာယာနေသည်။ မေမေကတော့ ထုံးစံအတိုင်း အနားမှာရစ်သီရစ်သီနဲ့။

"နွဲ့ဆိုးအမေကလေ သူ့သမီးကို ကိုက်စားမှာ ကျနေတာပဲ။ တစ်ချိန်လုံး စောင့်ကြည့်နေတာ လုံးဝကို မလွတ်လပ်ဘူး"

နွဲ့ဆိုးကတော့ အောင့်သက်သက်နဲ့ ပြုံးနေရသေးသည်။ လက်သူကြွယ်မှာ တဖျပ်ဖျပ် လက်နေတဲ့ စိန်ပွင့်ကလေးတွေက အဖြူအသန့်လေးတွေဆိုတာ နွဲ့ဆိုး သိနေသည်။ နွဲ့ဆိုး ဆိုတာလည်း စိန်နဲ့ သိပ်ဝေးတာမှ မဟုတ်တာလေ။

www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ နွဲ့ဆိုး ထဖောက်မှာစိုးလို့လားမသိ။ တစ်ချိန်လုံး နွဲ့ဆိုးကို ကြည့်နေသည်။ ကိုရဲ အလစ်မှာလည်း ကိုရဲကို ဖော်ဖော်ရွေရွေ ဆက်ဆံဖို့ မျက်စတွေ ပစ်ပြနေသည်။

နွဲ့ဆိုး စိတ်ပျက်နေသည်။ အသက်ရှူတာချင်း အတူတူကို မကြိုးစားဘဲ လိမ်ညာရယူချင်တာလောက် အောက်တန်းကျတာ မရှိ။ ပြန်တွေးရင် တစိမ့်စိမ့်ကို ရှက်ရပါသည်။

မှတ်ပုံတင်ကို မြန်မြန်ရှာတွေ့မှ ဖြစ်တော့မည်။ သူမ ဒီဘဝကနေ ရုန်းထွက်သွားချင်ပြီ။

✧ ✤ ✧



"နွဲ့ဆိုး ... သမီးလေး၊ မေမေ ဈေးသွားလိုက်ဦးမယ်။ ဘာစားမလဲ၊ ဘာဝယ်ခဲ့ရမလဲ"

"ရတယ် မေမေ၊ အဆင်ပြေတာ ဝယ်ခဲ့"

"ကိုရဲက မနေ့က ငါးသလောက်ပေါင်း စားချင်တယ် ပြောသွားလို့ ငါးသလောက် သွားဝယ်ပြီးပေါင်းမယ်။ ပြီးရင် သမီးပေါင်းထားတာဆိုပြီး သွားပို့ရအောင်"

"မေမေပေါင်းတာ မေမေပေါင်းတာလို့ပဲ ပြောပေါ့ မေမေရဲ့"

"ဟင်း ... ညည်း အများကြီး လိုသေးတယ်။ ဟုတ်ဟုတ် မဟုတ်ဟုတ် အရေးမကြီးဘူး။ အရေးကြီးတာက သူ ကြွေအောင် ပြောနိုင်ဖို့"

"မေမေ့ သဘောပဲ"





www.burmeseclassic.com

www.burmeseclassic.com



"မေမေ့သဘော အမြဲဖြစ်နေရင် ကောင်းမယ်"

"ကဲပါ မေမေရယ်၊ မေမေသွားမှာသာ သွားပါ။ တော်ကြာ ဈေးနောက်ကျလို့ ငါးသလောက် မရလိုက်ဘဲနေမယ်"

"အေး ... အေး ... သွားပြီ။ သမီး ဘာစားမလဲ"

"ရပါဘယ်၊ အဆင်ပြေတာ တစ်ခုခု ဝယ်ခဲ့ပါ မေမေ"

"ပြီးရော"

ခေါ်လည်လည်ခင် ထွက်သွားတာနဲ့ တံခါးကိုသေချာ ပိတ်။ မေမေ့အခန်းထဲဝင်ပြီး သော့တွဲယူကာ တစ်ခုပြီးတစ်ခု မွှေနှောက်ရှာဖွေတော့သည်။

အရင်ဆုံး မီးခံသေတ္တာထဲ ရှာသည်။ မေမေ ပိုက်ဆံ၊ လက်ဝတ်လက်စား အရေးကြီးစာရွက်စာတမ်းတွေကို မီးခံသေတ္တာထဲမှာ သိမ်းတာကိုး။

အရင်လိုနေ၍ နံပါတ်တွေ မှားဖွင့်မိကာ အချိန်ကြာနေသည်။ လက်ကလည်း တုန်နေသေးသည်။

သော့ပွင့်သွားတော့ အထဲမှာ မွှေနှောက်ရှာဖွေသည်။ မတွေ့ပါ။ နှစ်ကြိမ်ပြန်ရှာသော်လည်း မတွေ့။ မီးခံသေတ္တာကို သေချာသော့ပြန်ခတ်ပြီး အဝတ်ဗီရိုထဲရှာ။ မှန်တင်ခုံထဲရှာ။ ရှိသမျှ အံဆွဲတွေထဲ လိုက်ရှာ။ မတွေ့တာမှ သူမမှတ်ပုံတင်ရော သူမ မိခင်မှတ်ပုံတင်ပါ မတွေ့တာ။ တစ်နေရာရာမှာ သေချာသိမ်းဆည်းတာတော့ သေချာပြီ။ ဘယ်နေရာမှန်းမသိတော့ခက်သည်။

မှတ်ပုံတင် အရေးကြီးပါတယ်ဆိုမှ ရှာမတွေ့တော့ခက်ပြီ။

ရှာလိုက် ခြေရာလက်ရာမပျက်အောင် ပြန်သိမ်းလိုက် လုပ်နေတုန်း တံခါးဘဲလ်မြည်လာ၏။ မတွေ့ခင် မေမေ ပြန်လာပြီ။ စိတ်ညစ်ကာ ကိုယ့်ခေါင်းကို တဖြင်းဖြင်းကုတ်ပစ်လိုက်သည်။

ခင်နွဲ့ဆိုးရဲ့ အိမ်နေရင်းပုံစံမှာ နူးညံ့သိမ်မွေ့ဣန္ဒြေရနေတာတွေမရှိ။

"တီး တီး တီး"

တံခါးဘဲလ်က အဆက်မပြတ် မြည်လာသဖြင့် အမြန်ပြေးဖွင့်ရသည်။

"ဘာလုပ်နေတာလဲ သမီးရယ်။ မေမေ ဘဲလ်တီးနေတာ ကြာလှပြီ"

www.burmeseclassic.com



"သမီး ဝိတ်လျှော့နေလို့ပါ မေမေရဲ့"

"လိုချင်လို့ သွားဝယ်ကာမှ ငါးသလောက်မပြောနဲ့ ငါး သလောက်ယောက်ဖတောင် မတွေ့ဘူး။ မောပါ"

"ရတဲ့နေ့ ချက်ကျွေးလိုက်ပေါ့ မေမေရယ်"

"အေးပေါ့ ... နောက်ရက် ထပ်သွားကြည့်ရမယ်။ အမယ် လေး ... ဈေးသွားရတာ ငါးစိမ်းဆော်နံ့ ငါးညှီဆော်နံ့နဲ့ စိတ်ပျက်စရာ။ ဖြစ်နိုင်ရင် city mart မှာပဲ ဝယ်ချင်တယ်"

နွဲ့ဆိုး ဘာမှမပြောတော့။

"သမီးရေ ... မေမေ့ ပိုက်ဆံအိတ်ထဲမှာ မေမေသောက် နေကျ သွေးကျဆေးလေးရှိတယ်။ ယူခဲ့ပါဦးကွယ်။ ခေါင်း တွေကို ကိုက်ရော"

သူမ မေမေ ဈေးယူသွားတဲ့ ပိုက်ဆံအိတ်ကို ဖွင့် ကြည့်လိုက်တော့ ထိုထဲမှာ မှတ်ပုံတင်နှစ်ခု။

သူမ မှတ်ပုံတင်ကို မေမေက သွားလေရာ သယ် နေတာပါလား။

"တွေ့လား"

"တွေ့တယ် မေမေ၊ လာပြီ"





သွေးကျဆေးနဲ့ ရေနဲ့ခပ်တိုက်လိုက်၏။ ပြီးတော့ မေမေ့အလစ်မှာ ပိုက်ဆံအိတ်ထဲက မှတ်ပုံတင်ကို နှိုက်ထားလိုက် သည်။

မေမေ မေးရင်လည်း မသိဘူး ပြောင်ပြင်းဖို့ စဉ်းစားထားပြီးသား။

မှတ်ပုံတင်တော့ ရပြီ။ မကြာခင် ကြာသပတေးနေ့ ရောက်တော့မည်။ ပြီးတော့ သူဌေးကတော်ဖြစ်ခွင့် ရမည်။ အဲဒီ အခါ မေမေလည်း ကျေနပ်မှာပါလေ။

ဒေါ်လည်လည်ခင်ကတော့ သွေးကျဆေးတွေ သောက်ကာ ...

ဘဝဆိုတာ လိုတိုင်းတလို့ မရတတ်ဘူး ဆိုတာ ဒေါ်လည်လည်ခင် မသိချင်ယောင်ဆောင်၍ပေါ့။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီနဲ့ ခင်နွဲ့ဆိုးတို့ တရားရုံးမှာ လက်မှတ်သွားထိုးကြပါပြီ။

တရားရုံးက ဆယ်နာရီ ဖွင့်ပါသည်။

ဒါပေမဲ့ ...

သူမက အိမ်ကနေ တစ်နာရီလောက်မှ ထွက်လို့ရသည်။ မေမေ ပွဲဖြစ်လို့ အပြင်ထွက်သွားမှ ထွက်ရတာပါ။

ကားလမ်းပိတ်တာနဲ့ တရားရုံးကို နှစ်နာရီထိုးမှ ရောက်သည်။

မင်းဒီက တရားရုံးမှာပဲ စောင့်နေတာပါ။

မင်းဒီနဲ့ သူမ လက်မှတ်ထိုးတာကို တရားသူကြီးက မှတ်တမ်းစာအုပ်မှာ စာရင်းသွင်းသည်။





သက်သေလည်း တရားရုံးက စာရေးတွေပဲ။ မင်းဒီတပဲ အားလုံး စီစဉ်ထားတာပါ။

မင်းဒီတို့ တရားရုံးက ပြန်ထွက်တော့ နှစ်နာရီကျော်နေပြီ။

မင်းဒီတို့အတွဲကို ကြည့်နေတဲ့ တစ်စုံတစ်ယောက်ကိုတော့ သူတို့ မရိပ်မိကြ။

ထိုတစ်စုံတစ်ယောက်ဟာ နောက်ထပ် တစ်စုံတစ်ယောက်ဆီကို ဖုန်းဆက်လိုက်သည်။

"မင်းဒီ ခုပဲ ငါတို့တိုင်းရုံးမှာ လက်မှတ်လာထိုးသွားပြီ"

မင်းဒီတို့ကတော့ မသိ။ ကြည်နူးစွာနဲ့ သတင်းစာတိုက်ကို သွားနေပြီ။

သူတို့နှစ်ယောက်လုံးရဲ့ ဖုန်းတွေကိုလည်း ပိတ်ထားလိုက်ပြီ။

သတင်းစာတိုက်ရောက်တော့ လက်ထပ်ပြီးစီးခြင်းကြော်ငြာ ထည့်သည်။

အဲဒီမှာ မင်းဒီတို့ရုံးက မီဒီယာပိုင်းကိုင်တဲ့ ကိုအေးနဲ့ တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းဒီ စွံသွားပြီပေါ့"

"ကိုအေး ... ဟဲ ဟဲ၊ ဘယ်သူမှ မပြောနဲ့ဦးဗျာ။ သတင်းစာကတွေ့မှ သိကြပါစေ"

"ရတယ်၊ ဒါဆို မင်း ငါ့ကိုတိုက်"

"နောက်မှ တိုက်မယ်ဗျာ၊ ခုမှ လက်မှတ်ထိုးထားတာရှိလို့"

"အေးပါ၊ ငါလည်း အချိန်မရပါဘူး၊ မြန်မာ့အလင်းပြီးရင် ကြေးမုံပြေးရဦးမှာ။ promotion ကြော်ငြာထည့်ရမှာလေ"

"ဟုတ်ကဲ့ ... သွားပြီ ကိုအေး"

"အေး ... အေး၊ သူဌေးကို ဘာပြောဦးမလဲ"

"ရတယ်၊ ဖုန်းပဲ ဆက်လိုက်မယ်"

"အိုကေပါဗျာ ... ဟဲ ဟဲ"

သတင်းစာတိုက်ကို နှစ်စောင်ထည့်ဖို့ရာ ကိုအေးနဲ့ထပ်တိုးနေမှာစိုးလို့ တစ်စောင်ပဲထည့်ပြီး ငွေဆောင်လစ်ဖို့လုပ်တော့ ညနေလေးနာရီ။ မီးပွိုင့်တွေကလည်း တောက်လျှောက်ကိုမိတာ။





"မြို့ထဲမှာတင် ကြာနေပြီကွာ"

"ညဘက်ကြီး ငွေဆောင်ကို မမောင်းပါနဲ့တော့လား"

"အင်းနော် ... မနက်ကျမှ ထသွားကြမလား"

"အင်း"

"ဒါဆို ကို့အခန်းကို သွားကြမယ်"

"ကို့အိမ်ပြောပါ"

"လောလောဆယ် ကွန်ဒိုတိုက်ခန်းမှာ နားအေးပါးအေး သွားနေမယ်။ ကို ပြင်ဆင်ထားပြီးသား"

သူမ ဘာမှမပြောတော့။ သူမလည်း ရင်တွေခုန်နေရောပေါ့။

သူ ကားကို သူ့အခန်းရှိရာ မောင်းလိုက်၏။ သူ့ကွန်ဒိုက တန်ဖိုးနည်း ကွန်ဒိုပါ။ ဒါပေမဲ့ သူမကတော့ သိပုံမရ။ ခတ်လေ့ကားနဲ့ တက်ခဲ့သည်။

သူ့အခန်းလေးက မကျဉ်းမကျယ် နေသာရုံလေးပါ။ ဒါပေမဲ့ လှလှကလေး ပြင်ထားတော့ သူမက သဘောကျနေပုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းလေးကို လှည့်ပတ်ကြည့်နေသည်။ တကယ်တော့ သူမတိုက်ခန်းကို ကြည့်ရျင်ယောင်ဆောင်နေတာ ဖြစ်နိုင်ပါသည်။

အပြင်ကို ငေးနေပေမယ့် သူမ မှန်ပြတင်းတွေကိုတော့ မဖွင့်ပါ။

သူ နောက်ကသိုင်းဖက်လိုက်တော့ နည်းနည်းတွန့်သွားသည်။

သူမဆံပင်တွေကို ရှေ့ပို့ထားသဖြင့် ပိုပြီးရင်ခုန်စရာကောင်းနေသည်။

သူမလည်ကုပ်သားလေးက မွှေးညင်းလေးတွေနဲ့။

"ဘာစားမလဲ"

"ဟင်"

"ခြော် ... ဗိုက်ဆာနေမှာပေါ့။ အပြင်ထွက်စားမလား"

"မသွားရဲဘူး ကြောက်တယ်"

"ဒါဆို ကို သွားဝယ်လိုက်မယ်လေ"

"ဒီမှာ ဘာမှမရှိဘူးလား"





"ငွေဆောင်သွားမလို့ စီစဉ်ထားတော့ စားစရာမရှိဘူးလေ။ မုန့်ခြောက်တွေပဲရှိတယ်။ ညကျ ဆာနေမှာပေါ့။ ကိုသွားဝယ်လိုက်ဦးမယ်နော်"

"အင်း"

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ဒေါ်လည်လည်ခင်လား"

"ဟုတ်ကဲ့ ... ဘယ်သူပါလဲ"

"ကျုပ် ချောမောင်မောင်သန့်ပါ၊ ဖုန်းမချလိုက်နဲ့နော်။ ကျုပ် ခင်ဗျားသမီးအကြောင်း ပြောစရာရှိလို့"

"သမီး"

"ဟုတ်ပါ့ဗျာ။ ခင်ဗျားသမီးတော့ မင်းဒီနဲ့ လိုက်ပြေးသွားပြီဗျ ... ဟဲ ဟဲ"

"မင်းဒီ"

"ဟုတ်ပါ့ဗျာ"

"ကောင်းတာပေါ့၊ ဒါနဲ့နေပါဦး ရှင်က ဘယ်လိုသိတာလဲ။ ကျွန်မ ထွက်လာတော့ သမီး အိမ်မှာပါ"





"ဟဲ ဟဲ ဟဲ ... ခင်ဗျား သိအောင် ထပ်ပြောရရင် မင်းဒီက ကျုပ်တပည့်ဗျ။ ကျုပ် လစာပေး ခိုင်းထားတဲ့ဝန်ထမ်း။ သူ့ဖွေးမဟုတ်ဘူး။ ဟား ဟား ဟား ဟား"

"ဘာ ... ဘာ ... ဘာ ... ဘာ ... ဘာပြောတယ်၊ ရှင် ... ရှင် ... ရှင် ... ဘာ ပြောလိုက်တယ်"

ဦးချောမောင်မောင်သန့် ဖုန်းချပစ်လိုက်၏။ ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင် ပစ်တာပါ။ မင်းဒီက အလုပ်မှာတော်ပေမယ့် ဆော်ကြည်လွန်းလို့ သူ ကြည့်လို့မရပါ။ ခင်နွဲ့ဆိုးဆိုတာကလည်း သူ့ကို ဒုက္ခပေးတဲ့မိန်းမ။ မင်းဒီက ငရှုပ်။ ခင်နွဲ့ဆိုးက ချူဆီ။ သင်းတို့နှစ်ယောက်ကို တမင် တွေ့ပေးလိုက်တာပါ။ မုန်းလွန်းလို့ပါ။ မင်းဒီလည်း အနှစ်မရှိတဲ့ အကာမကြီးနဲ့ရ။ အကာမကြီးလည်း မင်းဒီလို ငပွေးနဲ့ရ။ တစ်ချက်ခုတ်သုံးချက်ပြတ်တာက ဒေါ်လည်လည်ခင်ကြီးပါ Heart ထိသွားစေတဲ့နည်း။

သူ့အတွက် လက်စားချေခိုင်းသလိုလိုနဲ့ သင်းတို့နှစ်ယောက်ကို အပီဒေါက်ဖြုတ်ပစ်လိုက်တာပါ။

"ဟား ဟား, ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်လိုက်တာ။ အားရလိုက်တာ။

မင်းဒီတို့သတင်းကို ကိုအေးက ချက်ချင်း သူ့ဆီ လှမ်းဆက်သည်။ သူ့အတွက် ခင်နွဲ့ဆိုးကို ခေါ်လာနိုင်းတာ။ သင်းက စည်းမစောင့်ဘဲ ဖြတ်ခုတ်သွားတဲ့အတွက် သင်းကိုနှစ်ဆ တိုးပေးထားတဲ့ လစာကို တစ်ဝက်တိတိ ပြန်လျှော့ကာ ဖြစ် ဒဏ်ပေးရမည်။ ဒါဆို တစ်ချက်ခုတ် လေးချက်ပြတ်ပေါ့။ နဂို ကတည်းက ဆင်ထားပြီးသား ခွင်ဆိုတော့ ကွက်တိ က,လိုက် ရုံပဲပေါ့။

✧ ✤ ✧





ဒေါ်လည်လည်ခင် တစ်ယောက် ဆွေ့ဆွေ့ခုန်နေ ပြီ။ သူ့သမီးဖုန်းကိုဆက်တော့ စက်ပိတ်ထားသည်။ ပိုက်ဆံအိတ် ကို ဖွင့်ကြည့်လိုက်တော့ သမီး မှတ်ပုံတင် မရှိတော့။ ဘယ်အချိန် က နှိုက်သွားပါလိမ့်။

သေချာပါပြီ။

ဘယ်လိုက်ရှာရပါ့မလဲ။

ပြီးတော့ မင်းဒီ ဆိုတာက အင်သူဒွေးတဲ့။ သူဒွေး အတုကြီးတဲ့။ သွားပါပြီ။ သမီးလေးတော့ ရေတိမ်နစ်ပါပြီ။

ဘယ်ရှာလို့ ရှာရမှန်းမသိ။ ဘယ်သူ့ဆီ ဖုန်းဆက် ရမလဲ မသိ။

"အမယ်လေး ... ကိုယ်ကျိုးတော့ နည်းပါပြီ။ ဦးဒွေး မောင်မောင်သန့် လက်စားချေတာပေါ့။ ခုဆို သမီးကို ဘယ်များခေါ်သွားပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပွဲဖြစ်လို့ စားသောက်နေမိတာတွေတောင် နင်ကုန်သည်။

သမီးလေးတော့ ရေတိမ်နစ်ပါပြီ။ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရသည်။ မင်းဒီ နောက်ကို လိုက်ပြီး မြှူဆွယ်နိုင်းခဲ့တာ သူမကိုယ်တိုင်။ ခုတော့ သမီးကို သူမပဲ ဒုက္ခပေးလိုက်သလို ဖြစ်သွားသည်။ ဘယ်လိုက်ရှာရမလဲ။ ခေါ်လည်လည်ခင် ပူစပ်ပူလောင် ဖြစ်နေသည်။

ဦးချောမောင်မောင်သန့် ဖုန်းကို လှမ်းဆက်တော့ စက်ပိတ်ထားသည်။ မင်းဒီဖုန်းကလည်း စက်ပိတ်ထားသည်။

ရဲစခန်းမှာ လူပျောက်သွားတိုင်ရင် ကောင်းမလား။ သမီးက အသက်ပြည့်ပြီးသားဆိုတော့ သူ့သဘောနဲ့သူ လိုက်သွားရင်လည်း ဘာမှလုပ်မရတဲ့အပြင် သူမတို့လိမ်ထားတဲ့ အမှုတွေပါ ပြန်ပေါ်လာရင် ဒုက္ခ။

သတင်းစာထဲ လူပျောက်တိုင်ရမလား တိုင်ပင်စရာလူလည်းမရှိ။

ကိုရဲကို လိုက်ရှာခိုင်းရင်ရော။ မရှာပေးတဲ့အပြင် သူ့ကွန်ဒိုပေါ်ကနေ ချက်ချင်းနှင်ချနေမှဒုက္ခ။





ပြည်လမ်းက မင်းဒီ ဝယ်ထားတယ်ဆိုတဲ့ ခြံကလည်း အတုကြီးပေါ့။ မင်းဒီရဲ့ အဆောင်အယောင်တွေ အားလုံး ဦးချောမောင်မောင်သန့် ပိုင်တာပေါ့။ ဒီသဘောလား။ ဟုတ်ရောဟုတ်ရဲ့လား။ မင်းဒီကို မနာလိုလို့ ပြောတာလား။

ရင်ထဲမှာ ဒွိယတွေ၊ ယူကျုံးမရခြင်းတွေ ဖိစီးနှိပ်စက်နေသည်။

✧ ✣ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက် ... ဒေါက်"

"ဟော ... ကို ပြန်လာပြီထင်တယ်။ ရင်တွေ တုန်လိုက်တာနော်"

ခင်နွဲ့ဆိုး တစ်ယောက် တံခါးကို ကနွဲ့ကလျလေး သွားဖွင့်လိုက်သည်။

"ဟင်"

စားစရာ သွားဝယ်တဲ့ ကို ပြန်လာတယ်ထင်တာ မဟုတ်ဘဲ မိန်းမတစ်ယောက် ဖြစ်နေ၏။

"မင်းက ခင်နွဲ့ဆိုးလား"

"ဟုတ်ပါတယ်"

"ကိုမင်းဒီ ဘယ်သွားလဲ"

"အပြင်ခဏသွားတယ်။ အစ်မက ဘယ်သူလဲ"





"ငါက ကိုမင်းဒီရဲ့ တရားဝင်ဇနီးပဲ"

"ရှင်"

"ဒီလိုပဲ ကိုမင်းဒီက အငယ်ထားနေကြပါ။ ငါလည်းလိုက်ရှင်းနေကြ။ ခုန တရားရုံးမှာ မင်းတို့လက်မှတ်ထိုးတာ ငါ့သူငယ်ချင်း လှမ်းပြောလို့ ငါ သိပြီးပြီ။ မလွန်သေးဘူးဆိုရင် နောက်ဆုတ်လိုက်ပါ။ ငါ အချိန်မီလာတားတာ"

"ရှင် လိမ်နေတာ။ ကိုမင်းဒီမှာ ဘာဇနီးမှ မရှိဘူး။ ပြီးတော့ ကျွန်မတို့ လက်ထပ်တာ သတင်းစာထဲတောင် သွားထည့်ပြီးသား"

"မင်းယုံအောင် လုပ်ပြတာပေါ့။ သတင်းစာတိုက်မှာ သူ့လူရှိတယ်။ မင်းတို့ ကြော်ငြာ ဘယ်တော့မှ ပါမှာမဟုတ်ဘူး။ ဒါတွေက မင်းဒီ လုပ်နေကြတွေပေါ့။ ငါသနားလို့ ဒီလောက် ရှင်းပြနေတာ။ ဘာမှမလွန်သေးရင် ပြန်လိုက်ပါ။ မင်းဒီက အငယ်တွေ ဘယ်လောက်ရှိရှိ အချိန်တန်ရင် ငါ့ဆီပဲ ပြန်လာတာ။ ငါတို့မှာ သားလေးတစ်ယောက်လည်းရှိတယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အငယ်မှ ဖြစ်ချင်တယ် ဆိုရင်လည်း သဘောပဲ၊ ငါကတော့ တာဝန်ကျေပြီ။ သူ ပြန်လာရင် ငါလာသွားကြောင်း ပြောလိုက်ပါ။ ငါ့နာမည်လည်း မှတ်ထားလိုက်ဦး ခင်လေးနိုင်တဲ့"

"အစ်မ ... အစ်မ ... တကယ်တွေ ပြောနေတာလားဟင်"

"မင်း ယုံချင်ယုံ၊ မယုံချင်နေလေ။ မဟုတ်ရင် ငါဒီနေရာကို ရောက်လာစရာ အကြောင်းမရှိဘူး။ သူများမိန်းမတွေလို ငါပွဲမကြမ်းချင်ဘူး။ မင်းကို ကြည့်ရတာ မင်းဒီမှာ အိမ်ထောင်ရှိမှန်း သိပုံမရဘူး။ ငါ့မှာ ရှိးအတဲ့ မင်းတို့ကို ပြန်သနားနေရတယ်။ ဒုက္ခ ... ဒုက္ခ။ ကဲ ... ငါသွားပြီ"

ခင်လေးနိုင်က အခန်းကို တစ်ချက်ဝေ့ကြည့်ပြီး ခပ်မဲ့မဲ့ပြုံးကာ ပြန်ထွက်သွားသည်။

သရုပ်ဆောင်ချက်တွေက အကယ်ဒမီမင်းသမီးတွေ ရှုံးလောက်သည်။

ရိုးသားတဲ့ သူမကို လှည့်စားသွားတဲ့ မင်းဒီ။ သင်းကိုလက်စားချေဖို့ စောင့်နေခဲ့တာ ကြာပြီ။





ဒီ ခင်နွဲ့ဆိုး ဆိုတဲ့ တစ်ယောက်နဲ့ ပတ်သက်နေတာလည်း သူမ သိသည်။ မသိချင်ယောင်ဆောင်ပြီး စောင့်ကြည့်နေခဲ့တာ။ မင်းဒီ တွဲပြီးထားခဲ့တဲ့ သူမနဲ့ဘဝတူတွေက အများကြီးလေ။ အခု မင်းဒီ ခင်နွဲ့ဆိုးနဲ့ တရားရုံးမှာလာပြီး လက်ထပ်ကြောင်း သူမ သူငယ်ချင်း လှမ်းပြောလို့ သိလိုက်ရတာ။

မင်းဒီအကြောင်း အမြဲစုံစမ်းနေတာမို့ မင်းဒီ ဒီတိုက်ခန်းကို အစုတလော အလာစိပ်တာလည်း သိနေသဖြင့် လာကြိုစောင့်နေလိုက်တာ မှန်သွားသည်။

မင်းဒီတို့နှစ်ယောက် အခန်းထဲဝင်သွားတာကိုကြည့်ပြီး ရင်ထဲ တဆစ်ဆစ် ကိုက်ခဲနာကျင်နေသည်။ ဘယ်လိုပွဲဖျက်ရမှန်း မသိဘဲ အခန်းထောင့်မှာ ဆက်စောင့်ကြည့်နေခဲ့သည်။

ခုနအထိ ဘာလုပ်ရမှန်း မသိသေး။ ကံကောင်းချင်တော့ မင်းဒီ အပြင်ထွက်သွားတာ တွေ့လိုက်ရသည်။

ချက်ချင်းပေါ်လာတဲ့ အကြံနဲ့ ကောင်မလေးကို မင်းဒီမိန်းမဆိုပြီး သွားပြောပစ်လိုက်သည်။

ကောင်မလေးက ပြစ်မျိုးမှဲ့မထင် ချောချောနုနုလေး။ ခင်လေးနိုင်လို လမ်းဘေးထမင်းရောင်းနေရတဲ့ မိန်းမနဲ့တော့ကွာတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



သင်းနဲ့တောင် မတန်။ မင်းဒီ ဆိုတာက ကျိုးအာသီးလိုလူမျိုး။ ရုပ်ကလေး သန့်သလောက် အတွင်းဘက်မှာတော့ ပုပ်အက်လှိုက်စားနေသည်။

သူမပြောသမျှ ငိုမဲ့မဲ့နဲ့ နားထောင်နေတာကိုကြည့်ပြီး အားရလိုက်တာ မပြောပါနှင့်တော့။

သူမပြောတာကို ယုံတဲ့ပုံပေါက်နေပြီ။ တကယ်လို့ မယုံဘူး ဆိုရင်တောင် သံသယ အဖုအထစ်ကြီးကို မင်းဒီ ရှင်းပေတော့ပဲ။

သူမ ထိုတိုက်ခန်းရှေ့က ပြန်ဆင်းလာပြီး ဓာတ်လှေကားထဲ အားရပါးရ ရယ်ပစ်လိုက်သည်။ မျက်ရည်တွေပေါက်ပေါက်ကျအောင် ဟားတိုက်ရယ်ရတဲ့ အကြောင်းရင်းက ယောကျ်ားတစ်ယောက်ကို သိပ်ချစ်မိသွားလို့ပဲ။

✧ ✤ ✧



"ဘုရား ... ဘုရား။ အမယ်လေး ... ငါ ဘာလုပ်ရမလဲ။ ငါ ... ငါ ... အငယ် ဖြစ်ရမှာလား။ ဟင့်အင်း ... ငါ အငယ်အဖြစ်မခံနိုင်ဘူး။ အဖြစ်မခံနိုင်ဘူး။ ငါ ပြန်မယ်။ သူမလာခင် ငါ ပြန်မယ်။ ဒီမိန်းမ မဟုတ်ဘဲတော့ လာပြောမှာ မဟုတ်ဘူး။ ဘုရားမ,တာ၊ ဘာမှမဖြစ်ခင် လာပြောတာ၊ ငါ ... ငါ ကံကောင်းတာ။ အမယ်လေး ရှက်လိုက်တာနော်"

သူမ မိခင်ကို သတိရကာ ဖုန်းဆက်ဖို့ ဖုန်းဂွိုပါဝါ- ဖွင့်တော့ ဘက်ထရီဒေါင်းနေပြီ။ ဖွင့်မရ။

"အို ... ငါ ပြန်မယ်။ အခုပဲ ပြန်မယ်"

သူမ အခန်းထဲက မြန်မြန်ထွက်ကာ ဓာတ်လှေကားခေါ်သည်။ ဓာတ်လှေကားကလည်း လုံးဝခေါ်မရ။ မစောင့်နိုင်တော့။ တော်ကြာ သူ ပြန်လာလို့ တွေ့သွားရင် ခက်မယ်





www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ ရှက်တာရော ကြောက်တာပါ ပေါင်းပြီး ခေါင်းထဲမှာ ထူပူနေသည်။ ရှိုးရှိုးလှေကားကနေ ခြေကျင်ပြေး ဆင်းသည်။ ဝတ်ထားတဲ့ လုံချည်အရှည်က ခြေဖျားတိုက်မို့ လုံချည်ကိုမ,ကာ ပြေးဆင်းရသည်။

ဒါပေမဲ့ ... ဒါပေမဲ့ပေါ့။

သူမစီးထားတဲ့ ဒေါက်သေးသေးလေးက ချော်ကာ_

"ဒုန်း ... ဝုန်း ... ခွပ် ... အား"

သူမ လှေကားပေါ်က ပြုတ်ကျသွား၏။ ခေါင်းထဲမှာ မိုက်ခနဲ ပြာဝေကာ ပူထူသွားသည်။ စေးထန်းနေသော ပူနွေးနေသော သွေးတွေက သူမမျက်နှာနားကို ဘယ်ကစီးကျလာပါလိမ့်။

"ဟာ ... ဒီမှာ မိန်းကလေးတစ်ယောက် ပြုတ်ကျတယ်ဟေ့"

သူမကျတဲ့နားက အခန်းတွေက ထွက်ကြည့်ရင်း အော်လိုက်သဖြင့် လူတွေ ဝိုင်းလာကြသည်။

"ပြုတ်ကျတာလား"

"ချော်ကြတာ ထင်တယ်"





"ဓာတ်လှေကားနဲ့တော့ မဆင်းဘူး"

"ကဲ ... ကဲ ... ဆေးရုံပို့ဖို့ လုပ်ရအောင်"

သူမက ဆန့်ငင် ဆန့်ငင် ဖြစ်နေသည်။

"သူက ဘယ်အခန်းကလဲ။ ရမ်းသမ်းပို့လို့ ဖြစ်ပါ့မလား"

"ဆေးရုံကား ခေါ်ရမှာပေါ့"

ထုံးစံအတိုင်း ဘာမှမလုပ်ဘဲ တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြသည်။

ထိုစဉ်မှာပဲ မင်းဒီ အပြင်က ပြန်လာကာ လုံခြုံရေးတွေ ပြောသံကြောင့် လာပြေးကြည့်သည်။

"ငါးလွှာမှာ ကောင်မလေးတစ်ယောက် လှေကားပေါ်က ချော်ကျလို့တဲ့။ ဘယ်အခန်းကလည်း မသိဘူး။ ချောချော လေး။ ဧည့်သည်လား မသိဘူး၊ ဘယ်အခန်းကိုလာတာ လဲ မသိဘူး"

တစ်ယောက်တစ်ပေါက် ပြောသံတွေကြောင့် ရင်တုန်သွားသည်။ သူ့အခန်းက ခုနစ်လွှာမှာ။ ငါးလွှာမှာ ပြုတ်ကျတဲ့ ကောင်မလေးချောချောဆိုတော့ ရင်တွေပူကာ အပြေးသွားကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကလေး"

"ဟာ ... ဘယ်လိုဖြစ်ရတာလဲကွာ"

လက်ထဲက စားစရာတွေ ထွက်ကျကုန်ပြီ။

သူမဟာ ဆန့်ငင် ဆန့်ငင် ဖြစ်နေပြီ။

"ခင်နွဲ့ဆိုး ... ကလေး"

နွဲ့ဆိုးက မျက်လွှာတစ်ချက် ပင့်ကာ ...

"ရှင် ကျွန်မကို ညာတယ်"

ပြောပြီး သူ့ရင်ခွင်ထဲမှာပဲ ဇက်ကျိုးကျသွားသည်။

"ကလေး ... လုပ်ကြပါဦးဗျာ။ ကျွန်တော့်မိန်းမကို ကယ်ကြပါဦး"

"ကျွန်တော် ဆရာဝန်တစ်ယောက်ပါ"

လူအုပ်ထဲက လူတစ်ယောက် ထွက်လာသည်။

"အဲဒါ ကျုပ်က ဘာလုပ်ရမှာလဲဗျ"

"သြော် ... ကျွန်တော် လူနာကို စမ်းသပ်ပေးမလို့ပါ"

"စမ်းပါ ... မြန်မြန်စမ်းပါဗျာ။ ကျွန်တော့်မိန်းမ ပြန်ကောင်းလာအောင် ကုပေးပါ"

ဇက်ကျိုးကျနေတဲ့သူကို ပြန်ကောင်းအောင် ကုဖို့ကတော့ ...။





အရေးထဲ ခုမှ ဆရာဝန်ဖြစ်ကာစ ဆရာဝန်ပေါက်စက အသည်းအသန် စမ်းသပ်နေ၏။

လူကြားထဲ ဟိတ်ဟန်ထုတ်ပြတာ။ သူ့အကြောင်း တစ်တိုက်လုံး သိကြသည်။

စိတ်မရှည်သော အမျိုးသမီးကြီး တစ်ယောက်က ဝင်ပြီး ...

"ကောင်မလေးက သေနေပါပြီဟဲ့။ ငါတောင် မစမ်းဘဲ သိတယ်"

"အေးဗျာ ... ချောချောလေးဗျာ၊ နှမြောစရာ"

ဆရာဝန်က နာရီကြည့်ကာ ...

"သူ လွှန်ခဲ့တဲ့ နှစ်မိနစ်ကပဲ ဆုံးသွားပါပြီ"

"သောက်ရူး"

အဖွဲ့ထဲက ဘယ်သူမေတ္တာပို့လိုက်မှန်း မသိ။

"ကလေးလေး ... နွဲ့ဆိုးရေ။ ကို့ကို ထကြည့်ပါဦးကွာ။ ကို ကလေးဗိုက်ဆာမှာစိုးလို့ စားစရာ သွားဝယ်တာပါ။ ကို့ကို ဘာလို့ မစောင့်တာလဲ။ ကို ညာတာကို သေလောက်အောင် စိတ်ဆိုးရမလား နွဲ့ဆိုးရဲ့။ ကို မချမ်းသာပေါ့ ရော ဘာဖြစ်လို့လဲ။ အမိက မင်းကို တင့်တင့်တယ်တယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပျော်အောင်ထားနိုင်ရင် ပြီးရော မဟုတ်လား နွဲ့ဆိုး ရယ်။ ဘယ်လိုလုပ် သိသွားတာလဲ နွဲ့ဆိုးရယ်။ မင်းကို ဘယ်သူပြောလိုက်တာလဲ။ ခင်နွဲ့ဆိုး ပိုက်ဆံမက်တဲ့မိန်းမ ကြီး။ ပိုက်ဆံမရှိရင် အသက်သာ အသေခံမယ် မယူဘူး ဆိုတာ သက်သေပြလိုက်တာလေား ချူဆီမကြီးရဲ့ ... အီး ဟီး"

သူ တတွတ်တွတ် ပြောပြီး ငိုနေတာကို အားလုံး ကြည့်နေကြသည်။

"ကျွန်တော့်မိန်းမပါဗျာ၊ ဒီနေ့ပဲ လက်မှတ်ထိုးပြီး ဒီကို နိုးလာတာပါ။ ကျွန်တော် သိပ်ချစ်ရတဲ့ မိန်းမပါဗျာ"

"ဟယ် ... သနားပါတယ်"

"အေးဟယ် ... ကောင်လေးရော ကောင်မလေးပါ ချော ချောလေး"

"ခုတ်လှေကား ရှိရက်သားနဲ့ ရိုးရိုးလှေကားက ဘာလို့ ဆင်းရတာလဲ မသိဘူးနော်"

"လုံချည်နဲ့ ဒေါက်ဖိနပ် ငြိတာဖြစ်မယ်"

တစ်ယောက်တစ်မျိုး ထင်ကြေးတွေ ပေးနေကြ သည်။





"ကဲ ... ကဲ ... ညီလေး ငိုနေလို့မှ မပြီးတာကွာ။ လုပ် စရာရှိတာ လုပ်ရအောင်"

"ကိုယ် ညာတာ ဘယ်လိုသိသွားတာလဲ နွဲ့ဆိုးရယ်"

မင်းဒီကတော့ ခင်နွဲ့ဆိုး သူ သူဌေးမဟုတ်မှန်း သိသွားလို့ စိတ်ဆိုးတယ်ပဲ ထင်သည်။ ခင်လေးနိုင် လာနှောင့် ယှက်သွားတာကို မသိပါ။

သူ ခင်လေးနိုင်သာမက သူလှည့်စားခဲ့တဲ့ ဘယ် မိန်းမကိုမှ သတိမရတာပါ။ သူ့ကို လာဒုက္ခပေးမယ့် လက်နက် ပုန်းဆိုတာ နည်းနည်းမှတောင် သံသယ မဝင်ခဲ့ပါဘူး။

သူ ယူကျုံးမရ ဖြစ်တာက ခင်နွဲ့ဆိုးက သူ့ထက် ပိုက်ဆံနဲ့ ချမ်းသာမှုကို ပိုပြီးမက်မောပါလားဟုသာ။

အချစ်နဲ့ပိုက်ဆံ ယှဉ်လာရင် အသက်သာ အသေခံ မယ်၊ အချစ်ကိုတော့ မရွေးဘူးဆိုတဲ့ မိန်းမမျိုး လောကမှာ ဒီ တစ်ယောက်သာ ရှိမှာဟု တသသ တွေးနေမိပါသည်။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လည်လည်ခင်က သူ့သမီးသတင်း ကြားကာ ရှူးသွားပါသည်။

နဂိုကတည်းက ဆိုက်ကိုဓာတ်ခံရှိတဲ့ သဘောပါ။ မင်းဒီကပဲ ဒေါ်လည်လည်ခင်ကို စိတ္တဇဆေးရုံ ပို့ပေးလိုက်ရပါသည်။

ဦးချောမောင်မောင်သန့်လည်း နောင်တရသွားသည်။

ဒေါ်လည်လည်ခင့် စိတ်အခြေအနေကို သူတို့ ခုမှ သိရတာလေ။

ဒေါ်လည်လည်ခင်ကို သနားသလို ခင်နွဲ့ဆိုးကိုလည်း ဒီလောက်တောင် ပိုက်ဆံမက်ရသလားဟု ပိုပြီးအမြင်စောင်းကုန်ကြသည်။





ခင်လေးနိုင်လည်း ထိုသတင်းကိုကြားကာ လန့်သွားသည်။

တကယ်တော့ ခင်နွဲ့ဆိုး ဘာကြောင့် လေယာဉ်ကနေ ပြေးဆင်းသလဲဆိုတဲ့ အဖြေကို သူမ တစ်ယောက်တည်း သိတာပါ။

ဒါပေမဲ့ သူမ ထိုအဖြစ်မှန်ကို ဘယ်သူ့ကိုမှ မပြောရဲပါ။

တကယ်တော့ ခင်နွဲ့ဆိုး သေဆုံးရခြင်းမှာ ဒေါ်လည်လည်ခင်၊ ဦးချောမောင်မောင်သန့်၊ မင်းဒီ၊ ခင်လေးနိုင်တို့ လေးဦးစလုံး သွယ်ဝိုက်စွာ အပြစ်ရှိပါသည်။

အမှန်တရားဟာ ပန်းကန်ပြားလောက်တောင် ဖောက်မနက်ဘူးတဲ့။

အမှန်နဲ့ အမှားကြားမှာ ပဝါပါးပါးကလေးပဲ ခြားသတဲ့။

ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ
အမှန်တရား မဟုတ်ရင်တော့
ဘယ်လိုပုံစံနဲ့မှားမှား



www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းမှုရဲ့ အပြစ်ကို မလွဲမသွေ ပြန်ခံစားရမှာလည်း ...

"အမှန်တရား"ပါပဲ။

ရွှေးမြလန်းဆန်း ခါဝပန်းကို

ထာဝရ ဝန်ဆင်နိုင်ကြပါစေ

ချစ်သော

ရွှန်းရမိမိုး

18th Oct' 14

(Saturday)

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၉/၁၁၊ လွှာ(၈)၊ ဗေယျ ဝတီလမ်း (ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

BURMESE CLASSIC

www.burmeseclassic.com